ကာထား
ား ဆန့်ကျင်ကြ။
းတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး
ပ်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား
ဂုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။
ည်ချက်(၄)ရပ်
ာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
ဖစ်ပေါ်လာရေး၊
သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
ည်ချက်(၄)ရပ်
းကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်
လာရေး၊
နှံများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်
င်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား
ည်ချက်(၄)ရပ်
ာရိတ္တမြင့်မားရေး၊
ဘူးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာ

တက္ကသိုလ်

# နေလင်းအောင်

## မိုးနဂါးဓား

စာစဉ်-၂

တမူခွင့်ပြုချက်အမှတ် ၇၈၈ / ၂၀၀၄ ( ၇ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၂၁ / ၂၀၀၄ ( ၉ )

၂၀၀၄-ခုနှစ်၊
ဒုတိယအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ဓမ္မာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးထွန်းလင်း
ဗိုးဝအောင့်ဆက်
အမှတ် ၁၄၇၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။


## ငွေတစ်သိန်းတန်သတင်း

မန်ချူးများ ကျူးကျော်ဝင်ရောက်လာသည့်သတင်းသည် တရုတ်ပြည်တောင်ပိုင်းသို့ တောမီးပမာပျံ့နှံ့လာလေသည်။

တောင်ပိုင်းတစ်ခွင်လုံး လှုပ်လှုပ်ရွရွဖြစ်လာသည်။

ယခင်က အိပ်မောကျနေခဲ့သည့် တရုတ်ဘုရင်နန်းတော်သည် ယခုအခါ အိပ်မောကျ၍မရတော့ပေ။ လှုပ်လှုပ်ရွရွဖြစ်လာရတော့သည်။

အမတ်ကြီးစုဘူးဝှက်နှင့် သဘောထားထပ်တူညီမျှကြသော မှူးမတ်ကြီးများ စစ်ကဲသေနာပတိများ၊ စစ်မှူး၊ အကြပ်မှူးများသည် တောက်တခေါက်ခေါက်ဖြစ်ကြရလေသည်။

ရှေ့တန်းဒေသသို့ တရုတ်တပ်များတရကြမ်းပို့လွှတ်ရာတွင် မန်ချူးများကိုမယုံသော မျိုးချစ်စိတ်ရှိသောတပ်သားများသည် အတုံးအရုန်းသေဆုံးကြကုန်သည်။

မန်ချူးများသည် သူတို့သိမ်းပိုက်ထားသည့်မြို့ရွာများသို့ အလွယ်တကူဝင်ထွက်ခွင့်မပေးတော့ချေ။

ကြပ်ကြပ်မတ်မတ်စစ်ဆေးပြီးမှသာ ဝင်ခွင့်ပြုကြတော့၏။

ထိုစဉ် မန်ချူးများသိမ်းထားသည့် မြို့တစ်မြို့သို့ အသက်ခုနစ်ဆယ်ကျော်ခန့်ရှိသော အဘိုးအိုတစ်ယောက်နှင့် အသက်ဆယ့်နှစ်နှစ်ခန့်ရှိသော လူငယ်ကလေးတစ်ယောက်တို့ ရောက်ရှိလာကြလေသည်။

မြို့စောင့်မန်ချူးတပ်သားက လှံဖြင့်လှမ်းတားသည်။

အဘိုးအိုက ရဲဝံ့စွာပြောသည်။

"ကျုပ်တို့ အရပ်သားတွေပါဗျ"

"အရပ်သားပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်- နေဦးဆို နေသာနေ၊ အရပ်သားက သူလျှိုမလုပ်နိုင်ဘဲရှိပါ့မလား"

အဘိုးအိုက ငြိမ်သက်စွာရပ်နေလိုက်သည်။

"ခင်ဗျားနာမည်"

မန်ချူးစစ်သားက နာမည်မေးသည်။

"ရယ်စရာ"

"ဘာပြောတယ်"

"ရယ်စရာလေ"

"ခင်ဗျား ရွှတ်နောက်နောက်မလုပ်နဲ့၊ ထိတ်ဝ့ံ ခတ်ခံသွားရမယ်"

ထိုအခါ ဆယ့်နှစ်နှစ်သား လူငယ်ကလေးက ကပျာကယာ ဝင်ရောက်ဖြေလိုက်သည်။

"မဟုတ်ပါဘူးခင်ဗျာ၊ ဒီဘိုးဘိုးရဲ့နာမည်ကိုက ရယ်စရာပါ၊ ဦးရယ်စရာပေါ့"

ထိုအခါကျမှ မန်ချူးစစ်သား နားရှင်းသွားသည်။ သူသည် သူ့အား နားရှုပ်အောင်လုပ်ရကောင်းလားဆိုသည့်အကြည့်ဖြင့် အဘိုးအိုအားကြည့်ပြီး ထပ်မေးပြန်သည်။

"ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ခုနစ်နှစ်ပါ"

"ဘာ"

"ဆယ့်ခုနစ်နှစ်ပါ"

အသက်ခုနစ်ဆယ်ကျော်ခန့်ရှိနေသော အဘိုးကြီးက သူ့အား ဆယ့်ခုနစ်နှစ်ဟုပြောနေသဖြင့် မန်ချူးစစ်သားမှာ အူတူတူဖြစ်သွားလေသည်။

မျက်လုံးများက ဒေါသရောင်များတောက်ပလာသည်။

လူငယ်ကလေးက ကပျာကယာဝင်ပြောပြန်သည်။

"ဒီ- ဒီလိုပါခင်ဗျာ၊ ဘိုးဘိုးရဲ့အသက်က ခုနစ်ဆယ့်တစ်နှစ်ပါ၊ ဘိုးဘိုးက သူ့အသက်ကို ပြောင်းပြန်ပဲပြောတတ်ပါတယ်"

"တယ်ရှုပ်တဲ့လူတွေပဲ"

မန်ချူးစစ်သားက ဒေါသဖြင့်ကြိမ်းမောင်းလိုက်သည်။

အခြားတစ်ဘက်ရှိမန်ချူးစစ်သားကမူ အမေးအဖြေစကားသံများကိုနားထောင်ပြီး ရယ်မောနေလေသည်။

သူက စစ်မေးနေသောမန်ချူးစစ်သားကို လှမ်းပြောလိုက်သည်။

"မင်း သူတို့ကို စစ်နေရင် ဒီထက်ပိုပြီး ဦးနှောက်ခြောက်ရဦးမယ်၊ သူတို့ပုံစံတွေကိုကြည့်ပါလားကွ၊ စိတ်မနှံ့တဲ့ပုံစံတွေ၊ သွားကြပါစေကွာ"

ဒေါသဖြစ်နေသောမန်ချူးက လှမ်းဟောက်လိုက်သည်။

"ဟေ့ကောင်- မင်းမစစ်ချင်နေ၊ ငါ့ကို ဆရာ ဝင်မလုပ်နဲ့၊ ငါဆက်စစ်မယ်"

ထိုမန်ချူးသည် လူငယ်ကလေးဘက်သို့ လှည့်လိုက်ပြန်လေသည်။

"ဒီအဘိုးကြီးကိုထားတော့ မင်းနာမည်ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည်က ဖားကလေးအထီးပါ"

တစ်ဘက်အစောင့်က တဟားဟားရယ်မောလိုက်ပြန်လေတော့သည်။

"နာမည်က ဖားကလေးဆို ပြီးတာပါပဲကွာ၊ အထီးဆိုတာ ထည့်ပြောဖို့မလိုပါဘူး"

ဖားကလေးကရယ်မောပြီး ပြန်ဖြေသည်။

"ကျွန်တော်က ယောက်ျားကလေးမဟုတ်လား၊ ဒါကြောင့် ဖားကလေးအထီးလို့ ပြောတာပါ"

ရယ်စရာအမည်ရှိသောအဘိုးအိုက ခပ်တည်တည်ဖြင့် ဝင်ရှင်းသည်။



"ယောက်ျားမိန်းမ ကွဲပြားသွားအောင် ပြောတဲ့သဘောပါ ဆရာတို့ရယ်"

ဒေါသဖြစ်နေသောမန်ချူးက-

"ဒါဖြင့် ခင်ဗျားနာမည်မေးတုန်းက ရယ်စရာအထီးပါလို့ ဖြေပါလား"

"ဟုတ်ကဲ့- ဆရာတို့က ဖြေစေချင်ရင် ဖြေပါ့မယ်၊ ကျုပ်နာမည် ရယ်စရာအထီးပါ"

ဒေါသဖြစ်နေသောမန်ချူးသည် ရှူးချင်သလိုလိုဖြစ်လာလေတော့သည်။

"သွားကြဗျာ- သွားကြ၊ ဝင်ကြတော့၊ ခင်ဗျားတို့ကို ဆက်စစ်နေရင် ကျုပ်ရူးလိမ့်မယ်"

"ဟား- ဟား- ဟား- ငါပြောတယ်မဟုတ်လား၊ မင်း သူတို့ကို သေသေချာချာသာစစ်၊ သေသေချာချာရူးမှာ သေချာတယ်"

တစ်ဘက်နံရံမှမန်ချူးက ရယ်မောလိုက်သည်။

သူ့ရယ်သံမဆုံးမီပင် ရယ်စရာနှင့်ဖားကလေးတို့သည် မြို့တံခါးကို ဖြတ်ကျော်ဝင်ရောက်သွားကြလေတော့သည်။

မြို့ထဲရောက်လျှင် စားသောက်ဆိုင်များကို လျှောက်ကြည့်ကြပြီး ဟိုဆိုင်ဝင်မည်၊ သည်ဆိုင်ဝင်မည်ဖြင့် ငြင်းခုံနေကြပြန်လေသည်။

နောက်ဆုံးတွင် ရယ်စရာကပင် အနိုင်ရသွားပြီး အကြီးဆုံး စားသောက်ဆိုင်ထဲသို့ ဝင်သွားကြလေသည်။

ဆိုင်ကြီးဆိုသည်အတိုင်း လူကလည်း စည်ကားလှသည်။ စားပွဲလွတ်ဟူ၍ မရှိသလောက်ဖြစ်နေသည်။

စားပွဲတစ်လုံးတွင် ခုံနှစ်လုံးလွတ်နေသဖြင့် ရယ်စရာနှင့် ဖားကလေးတို့ အပြေးအလွှားရောက်ရှိသွားကြသည်။

ရယ်စရာက ထိုင်နေနှင့်သောလူငယ်အား မေးမြန်းလိုက်လေသည်။

"မောင်ရင်- ဒီခုံနှစ်လုံးမှာ လူရှိပါသလား၊ မရှိရင် ကျုပ်တို့ ထိုင်ပါရစေ"

လူငယ်က ခေါင်းခါ၏။

"မရှိဘူး၊ ထိုင်နိုင်ပါတယ်"

လူငယ်သည် သူ့အစားအစာကိုသာ ဆက်စားသောက်နေတော့သည်။

ရယ်စရာက စားပွဲထိုးကိုခေါ်၍ ဟင်းလျာများ မှာကြားလိုက်သည်။

သူမှာကြားသည့် ဟင်းသုံးမျိုးတွင် နှစ်မျိုးခန့်က မည်သည့် စားသောက်ဆိုင်တွင်မှမရနိုင်သော ဟင်းများဖြစ်နေသည်။

ထို့ကြောင့် ဟင်းဆယ်မျိုးခန့်မှာပြီးမှ နှစ်မျိုးသုံးမျိုးသာရရှိတော့သည်။

ရယ်စရာက ဆိုင်ထဲသို့တစ်ချက်ဝေ့ကြည့်လိုက်ပြီး-

"လူတွေ တော်တော်များတာပဲ"

ဖားကလေးက-



"ဘိုးဘိုး သတိထားမိသလား၊ သာမန်အရပ်သားက နည်းနည်းပဲပါတယ်၊ သိုင်းသမားတွေက အတော်များနေတယ်"

"ဟုတ်တယ်- ကြည့်ရတာအရေးကြီးတဲ့ကိစ္စတစ်ခုခုတော့ သိုင်းလောကမှာ ပေါ်နေပြီနဲ့တူတယ်၊ တခြားဆိုင်တွေမှာလဲ သိုင်းသမားတွေနဲ့ပြည့်နေတာပဲ"

"ခုလောလောဆယ်မှာတော့ နေလဓားကလွဲလို့ ဘာရှိဦးမှာလဲ၊ နေလဓားနောက်ပဲ လူတွေ တကောက်ကောက်လိုက်နေကြတာမဟုတ်လား"

ထိုစဉ် သူတို့မှာကြားထားသည့်ဟင်းလျာများ ရောက်ရှိလာသဖြင့် နှစ်ဦးသား အားရပါးရစားသောက်ကြလေသည်။

"ဒေါက်- ဒေါက်- ဒေါက်- ဒေါက်"

သစ်သားခုံဖိနပ်သံက စားသောက်ဆိုင်တံခါးဝ၌ ပေါ်လာလေသည်။

ဆူညံနေသောအသံများသည် ခုံဖိနပ်သံကြောင့် တိတ်ဆိတ်သွားလေတော့၏။

ဆိုင်ထဲမှမျက်လုံးများစွာတို့သည် အပေါက်ဝသို့ ရောက်ရှိသွားကြသည်။

အပေါက်ဝ၌ လူတစ်ယောက်ရပ်နေလေသည်။

အဖိုးတန်အဝတ်အစားများနှင့်မလိုက်ဖက်သည့် ခုံဖိနပ်ကြီးကိုစီးထားသည်။

သူကား သိုင်းလောကသားတိုင်း သိကြသူဖြစ်သည်။

"ထုံထင်းရိပ်"

ထုံထင်းရိပ်ဆိုသည်မှာ အဘိုးတန်အင်္ကျီဝတ်ဆင်ပြီး ခုံဖိနပ်စီးထားသည့်လူ၏ နာမည်ဖြစ်သည်။

ထုံထင်းရိပ်ဟူသောအမည်အစိပ္ပါယ်မှာ ကြီးကျယ်လှ၏။

လောကမြေပြင်တစ်ခုလုံးသို့သက်ရောက်လာသော အရိပ်ဟူ၍ဖြစ်သည်။

တစ်နည်းအားဖြင့် လောက၌ သူမသိသောအရာ မရှိဟူသောသဘောဖြစ်သည်။

ထပ်မံ၍အကျယ်ဖွင့်ရလျှင် သတင်းဦး၊ သတင်းထူး၊ သတင်းမျိုးစုံရနိုင်သောသူဟူ၍ ဖြစ်ပေသည်။

အမှန်တကယ်အားဖြင့် ထုံထင်းရိပ်သည် သူကြွယ်တစ်ဦးဖြစ်သည်။

တရုတ်ပြည်ရှိ တော်ရုံတန်ရုံချမ်းသာသည့်လူတန်းစားတွင် ထုံထင်းရိပ်ပါဝင်သည်။

သို့သော် ထုံထင်းရိပ်က သိုသိပ်သည်။ သူချမ်းသာမှန်းသိသော်လည်း မည်မျှမည်မျှချမ်းသာကြောင်း မည်သူမျှမသိကြချေ။

သူသည် ကုန်ရောင်းကုန်ဝယ်လုပ်သည့်ကုန်သည်ကြီး မဟုတ်။ သက်စွန့်ဆံဖျားဆောင်ရွက်ရသည့် အသက်အာမခံအကြီးအမှူးလည်းမဟုတ်ချေ။

သူ့အား သူကြွယ်လောကမှသိကြသလို သိုင်းလောကမှလည်း သိကြပေသည်။



သူသည် မည်သည့်လုပ်ငန်းဖြင့် ဤသို့ချမ်းသာလာသနည်း၊

သူ့၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှစ်ခုရှိသည်။

တစ်ခုမှာ ဆေးကုသသောအလုပ်ဖြစ်သည်။

သူသည် အသပြာဆရာဖြစ်၍ သေလုလုလူနာဆီမှပင်ငွေများကို နင့်နေအောင်တောင်းတတ်သူဖြစ်သည်။

နောက်တစ်ခုမှာ သတင်းရောင်းခြင်းဖြစ်သည်။ သတင်းဦး၊ သတင်းထူး၊ သတင်းဆန်းများကို ငွေနင့်နေအောင်တောင်း၍ရောင်းစားတတ်သူ ဖြစ်သည်။

သူ ရောက်ရှိသည့်နေရာတိုင်း လှုပ်လှုပ်ရှားရှားဖြစ်တတ်ပေသည်။

အကြောင်းမှာ သူ့၌ သတင်းဦး၊ သတင်းထူး၊ သတင်းဆန်းများပါတတ်သောကြောင့်တည်း။

ထုံထင်းရိပ်သည် စားသောက်ခန်းမလယ်သို့ခပ်တည်တည်ပင်လျှောက်လာသည်။

ဆိုင်ထဲမှ မျက်လုံးပေါင်းများစွာကို သူထံမှမခွါအောင် ဖမ်းစားထားနိုင်သည်။

သူက စတင်ကြေညာသည်။

"သတင်းရောင်းဖို့ရှိတယ်"

လူများကလည်း ထိုစကားကို မျှော်လင့်ထားကြပြီး ဖြစ်ပေသည်။

တစ်ယောက်နှင့်တစ်ယောက် တီးတိုးတိုင်ပင်ကြသဖြင့်

**စားသောက်ခန်း၌** အသံများ ပလုံစီထွက်လာပြန်သည်။

ထုံထင်းရိပ်နှင့် အနီးကပ်ဆုံးရှိနေသည့်**စားပွဲမှ** လူငယ်တစ်ဦးက ခပ်တည်တည်ဖြင့်လှမ်းမေးသည်။

"ဘာသတင်းလဲဗျ"

ထုံထင်းရိပ်က ပြုံး၍ပြောသည်။

"ကျုပ်သတင်းက အင်မတန်တန်ဖိုးကြီးတယ်၊ အားလုံး လိုချင်နေတဲ့သတင်းဗျ"

ပလုံစီထနေသည့်အသံများ ငြိမ်ကျသွားသည်။

လူငယ်က-

"ဘာသတင်းလဲဆိုတာ သဘောလောက်တော့ပြောသင့်ပါတယ်၊ ဒါမှလဲ ခင်ဗျားနဲ့ဈေးစကားပြောနိုင်မှာပေါ့"

ထုံထင်းရိပ်က ခေါင်းညိတ်၏။

"ငါက ဒီအလုပ်လုပ်တာကြာပါပြီ၊ ဒီသဘောကို ငါသိပါတယ်၊ ငါ့သတင်းက နေလဓားနဲ့ပတ်သက်တဲ့သတင်းပဲ"

အခန်းထဲရှိလူအားလုံး ဟာခနဲဖြစ်သွားကြသည်။ အားလုံးပို၍ပို၍ စိတ်ဝင်စားသွားကြသည်။

နေလဓားကို သိုင်းသမားပေါင်း**များစွာ** မိုးနဂါးတောင်၌ရှာဖွေနေကြသည်။

နေရာကို တိတိကျကျမသိသဖြင့် သိုင်းသမားများမှာ လူပင်ပန်းပြီး မောမရဖြစ်နေကြရသည်။

ထုံထင်းရိပ်က အော်လိုက်သည်။



"ကျုပ်ရောင်းမယ့်သတင်းက နေလဓား သတင်းပဲ၊ ကျုပ်ကို **ဈေးအများဆုံး**ပေးတဲ့လူကို ဒီသတင်းရောင်းမယ်၊ ကဲ- ခင်ဗျားတို့ **ဈေးစကား**ပြောကြပေတော့"

လူတစ်ယောက်က စတင်အော်လိုက်သည်။

"ကျုပ်တစ်ထောင်ပေးမယ်"

ထိုလူကား မြေကြွက်သိုင်းသမားဖြစ်သည်။

သူလည်း နေလဓားကို ရှာဖွေနေသူဖြစ်သည်။

"ကျုပ်ကနှစ်ထောင်ပေးမယ်"

အခြားသိုင်းသမားတစ်ယောက်က ထအော်ပြန်သည်။

"ကျုပ်က သုံးထောင်"

"ကျုပ်က သုံးထောင့်ငါးရာ"

"ငါက လေးထောင်"

"ကျုပ်က လေးထောင့်နှစ်ရာ"

"ငါက လေးထောင့်ငါးရာဟေ့"

ဤသို့ဖြင့် ဈေးသည် နေလုံးမြင့်တက်သကဲ့သို့တဖြည်းဖြည်းတက်လာတော့သည်။

ရယ်စရာနှင့်ဖားကလေးတို့သည် အံ့ဩစရာတစ်ခုကို ကြုံနေရသည်။

တစ်ဆိုင်လုံး နေလဓားနှင့်ပတ်သက်သည့်သတင်းကို စိတ်ဝင်စားနေကြသော်လည်း သူတို့ရှေ့မှစားသောက်နေသည့် လူငယ်မှာမူ နေလဓားကို လုံးဝ စိတ်မဝင်စားဘဲရှိနေသည်။

အစားအသောက်များကိုသာ တရှုးရှုး တရဲရဲစားသောက်နေပေသည်။

ရယ်စရာသည် အောင့်မထားနိုင်သဖြင့် လူငယ်အား လှမ်းမေးလေသည်။

"ဟေ့- မောင်ရင် လူတိုင်း နေလစားကို စိတ်ဝင်စားနေကြတယ်၊ မင်းက ဘာဖြစ်လို့စိတ်မဝင်စားတာလဲ"

"ကျုပ်က သိုင်းပညာမှမတတ်ဘဲဗျ"

"ဟေ ....မင်းက သိုင်းပညာမတတ်ဘူးဟုတ်လား၊ ငါ့ဖြင့်အံ့ရောကွာ"

"ဘာအံ့ဩစရာရှိလဲဗျ၊ တစ်လောကလုံးမှာ ရှိသမျှလူအားလုံး သိုင်းပညာတတ်နေရမှာလား"

ဖားကလေးက ဝင်ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ အဘိုးကလဲဗျာ၊ လူတိုင်း သိုင်းပညာတတ်နေရမှာလားဗျ"

ရယ်စရာက-

"ဟ- သိုင်းပညာမတတ်တော့ကော အကြောင်းလားကွ၊ နေလစားရရင် သိုင်းပညာတတ်တာပေါ့၊ တတ်သမှု တတ်တတ်နဲ့တောင်မြည်နေသေးတယ်၊ နေလစားပေါ်မှာ ထိပ်တန်းစားကွက်တွေပါသကွ၊ အဲဒါတွေ လေ့ကျင့်လိုက်ရုံနဲ့ ထိပ်သီးစားသမားတစ်ယောက်ဖြစ်ရော"

"ဟုတ်လား- ဒီလိုလား"



လူငယ်သည် ဆက်၍မစားသောက်တော့ဘဲ ရယ်စရာကိုလှမ်းမေးသည်။

ရယ်စရာက ခေါင်းညိတ်၏။

"မင်းက သိုင်းလောကသားမဟုတ်လို့ပါကွ၊ ဒါကို သိုင်းလောကသားတိုင်းသိကြတာပဲ"

"ဒါဖြင့် ကျုပ်က ဈေးပြိုင်ပေးပြီးဝယ်လို့ရတာပေါ့"

"ရတာပေါ့၊ မင်းပိုပေးနိုင်ရင် မင်းရမှာပေါ့၊ တစ်ခုတော့ရှိသကွနော်၊ ဒါကသတင်းပဲ၊ ဓားမဟုတ်သေးဘူး၊ ဓားကိုရအောင်တော့ မင်းဘာသာကြိုးစားရမှာ"

လူငယ်က အစားအသောက်များကိုဘေးသို့ဖယ်လိုက်၏။

လေလံပွဲကမြင့်တက်နေဆဲ ....

"ကျုပ်က ငါးထောင်"

"ကျုပ်ကငါးထောင်တစ်ရာ"

"ငါက ငါးထောင်နှစ်ရာ"

လူငယ်သည် လက်တစ်ချောင်းကိုထောင်လိုက်သည်။

တုံထင်းရိပ်ကလျှင်သည်။ လူငယ်လက်တစ်ချောင်းထောင်သည်ကိုတွေ့သည်နှင့် ချက်ချင်းလှမ်းမေးသည်။

"မိတ်ဆွေက ဘယ်လောက်ပေးတာလဲ၊ တစ်သောင်းလို့ဆိုလိုတာလား"

လူငယ်ကခေါင်းခါ၏။

"တစ်သောင်းမဟုတ်ဘူး၊ တစ်သိန်းဗျ- တစ်သိန်း"

တစ်ဆိုင်လုံး ငြိမ်သက်သွားလေတော့သတည်း။

ရယ်စရာနှင့် ဟားကလေးတို့လည်း ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ လူအားလုံး၏အကြည့်များသည် ထိုလူငယ်ပေါ် သို့ ကျရောက်လာတော့သည်။

ထုံထင်းရိပ်က **လူအားလုံးကိုလွှမ်းခြုံအကဲခတ်ပြီး-**

"ဒီ့ထက်ပိုပေးမယ့်သူ ရှိသေးသလား"

ထုံထင်းရိပ်က သုံးကြိမ်သုံးခါကျယ်လောင်စွာမေးသည်။

ဆိုင်ထဲမှလူများသည် လုံးဝတိတ်ဆိတ်ငြိမ်သက်သွားကြပါ တော့သည်။

တစ်သိန်းဆိုသောငွေမပြောနှင့် သူတို့သည် တစ်သောင်း ပင် မပေးနိုင်ကြပါ။

လောဘကြီးသောထုံထင်းရိပ်က တစ်သိန်းထက် ပိုရလို ရ ငြားဟူသောသဘောဖြင့် လေလံသဘောကိုဖောက်ဖျက်ကာ တစ် ကြိမ်ထပ်မေးလိုက်သေးသည်။

"ခင်ဗျားတို့ ထပ်တိုးမပေးနိုင်တော့ဘူးနော်"

အားလုံး ငြိမ်သက်မြဲ ....

ထုံထင်းရိပ်က-

"ဒါဆိုရင် ကျုပ်သူ့ကိုရောင်းလိုက်ပါပြီ"

ထုံထင်းရိပ်သည် ရယ်စရာတို့စားပွဲဝိုင်းဆီသို့ လျှောက်လာ လေသည်။

"ကဲ- ကျုပ်သတင်းကိုမင်းရပြီ၊ ပေးပေတော့ ငွေတစ်သိန်း"



ထုံထင်းရိပ်က လက်ဝါးဖြန့်တောင်းခံ၏။

လူငယ်က-

"ခင်ဗျားသတင်းကိုပြောပါဦး"

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ကျုပ်နာမည်က ယုယိစုပါ"

"ငါ့နာမည်ကော မင်းသိသလား"

"ဟင့်အင်း- မသိဘူး"

"ငါ့ကို သိုင်းလောကတစ်ခုလုံးကသိကြတယ်၊ ထုံထင်းရိပ် တဲ့ မှတ်ထား၊ ငါ့ကို ဘယ်သူမှလှည့်ကျလို့မရဘူး၊ လှည့်ကျတဲ့ လူဟာလဲ အသေဆိုးနဲ့သေကြရတာချည်းပဲ"

"ဒါတွေထားလိုက်စမ်းပါ၊ ခင်ဗျားပြောမယ့်သတင်းကိုသာ ပြောစမ်းပါ"

"ဟ- မင်းရှုးလှချည်လား၊ ဒါလျှို့ဝှက်သတင်းကွ၊ မင်းငွေ **တစ်သိန်းပေးဝယ်တာ** ဘာအဓိပ္ပါယ်ရှိတော့မှာလဲ"

**"ကိစ္စမရှိပါဘူး၊** ပြောမှာသာပြောပါ"

ထူးအလှသော လူငယ်ကိုကြည့်ကာ ထုံထင်းရိပ်စိတ်ပျက် သွားသည်။

ဤမျှများပြားသောလူများသည် ပိုက်ဆံတစ်ပြားတစ်ချပ် မျှမကုန်ဘဲ နေလဒေးသတင်းကို ရရှိသွားကြပေတော့မည်။

"ငါပြောတော့မယ်နော်"

"ပြောပါ- ကျုပ်နားထောင်နေပါတယ်"

ထုံထင်းရိုပ်က-

"နေလဓားဟာ တန့်တင်းဆန်းတောင်က ချန်ရှောင်လိုက် ဂူထဲမှာရှိနေတယ်"

ထုံထင်းရိုပ်၏စကားဆုံးသည်နှင့် ဆိုင်တွင်းမှလူများ သူ ထက်ငါ အလုအယက် တစ်ဟုန်ထိုးထွက်ပြေးသွားကြလေတော့၏။ တံခါးပေါက်၌ပင် လူများ တစ်ဆို့ကျပ်ညပ်ကုန်သည်။

တစ်ခဏအတွင်းမှာပင် ဆိုင်အတွင်း၌ ယုယီစုဆိုသော လူ ငယ်၊ ရယ်စရာ၊ ဖားကလေးနှင့်ထုံထင်းရိုပ်တို့သာ ကျန်ရစ်ခဲ့တော့ သည်။

"ဟေ့လူတွေ ဘာလုပ်သွားတာလဲ၊ ခင်ဗျားတို့စားတာတွေ ရှင်းမပေးတော့ဘူးလား"

ဆိုင်ရှေ့၌ လက်သီးလက်မောင်းတန်း၍ အော်နေသူကား ဆိုင်ပိုင်ရှင်ပင် ဖြစ်ပါသတည်း။

သိုင်းသမားများသည်-

နေလဓားသတင်းကြောင့် စားသောက်ခများကိုပင် ပေးမ သွားကြပေ။

ပေးရန်သတိမရကြတော့ပေ။ ဆိုင်ရှင်သည် ခေါင်းတယမ်း ယမ်းဖြင့်ဝင်လာ၏။

"ကျုပ်ငွေတွေ နည်းတာမဟုတ်ဘူးဗျာ၊ ဆုံးပါပြီ၊ နေလ ဓားဟာ ကျုပ်ကို ကောင်းကောင်းကြီးဒုက္ခပေးလိုက်ပါပြီ"

ထုံထင်းရိုပ်သည် ပခုံးတစ်ချက်တွန့်ပြီးပြောသည်။



"ကဲ- သတင်းပြောပြီးပြီ၊ ငွေပေးပေတော့"

"ခင်ဗျားရှူးနေသလား၊ ခင်ဗျားပေးတဲ့ သတင်းကြောင့် ဘယ်လိုဖြစ်သွားပြီလဲ"

ထုံထင်းရိုပ်ဒေါသထွက်သွားသည်။

"မင်းကိုငါပြောသားပဲ၊ ဒီပြင်လူတွေသိကုန်လိမ့်မယ်လို့"

"အဲဒါပြောတာပေါ့ဗျ၊ ခင်ဗျားက တစ်တိုင်းပြည်လုံး ကြား အောင်ပြောတာကိုး"

ထုံထင်းရိုပ်တစ်ယောက် အကြီးအကျယ်ဒေါသထွက်လာ လေသည်။

လူငယ်က-

"ခင်ဗျားကို ပြောမှာသာပြောပါလို့ပြောတာ၊ ခင်ဗျားနဲ့ ကျုပ်နှစ်ကိုယ်ကြားအောင် ပြောခိုင်းတာဗျ"

"အဲဒီလိုဆို မင်းက စောစောကထဲကကြိုပြောပေါ့ကွ၊ မင်း က အားလုံးသိအောင်ပြောခိုင်းပြီးတော့"

"ထားပါတော့ဗျာ၊ ခုချက်ချင်းတော့ ကျုပ်ဆီမှာ ငွေ[illegible] သေးဘူးဗျ"

"ကောင်းကွာ"

ထုံထင်းရိုပ်က စိတ်လျှော့သံဖြင့်-

"ငါက ဘယ်မှာလိုက်ယူရမှာလဲ"

"လိုက်ယူစရာမလိုပါဘူးဗျာ၊ ခင်ဗျ[illegible] ခုလုံးကသိနေတဲ့ဥစ္စာပဲ၊ ကျုပ်လာရှာပြီး[illegible]

သည်လိုဆိုတော့ လူငယ်က ပြေပြေလည်လည်ပြောတတ်သားပဲဟု ထုံထင်းရိုပ်တွေးသည်။

အကြမ်းပတမ်းနည်းထက် အနုနည်းက တစ်ပြားရရ နှစ်ပြားရရ ရနိုင်သည်ဟု ထုံထင်းရိုပ်တွေးပြီးခေါင်းညိတ်လေသည်။

"ကောင်းပြီ- မင်းကတိကို မင်းအမြဲတမ်းအမှတ်ရပါ၊ ငါ့ငွေမရလို့ကတော့ မင်းမလွယ်ဘူးမှတ်ပါ"

ထုံထင်းရိုပ်သည် ခုံဇိနပ်သံတခွပ်ခွပ်ဖြင့် ခြေဆောင့်၍ထွက်သွားလေတော့သည်။

ယုယိစုက ခပ်တည်တည်ပင်ကြည့်နေလိုက်သည်။

သိုင်းလောကသားတစ်ယောက်မဟုတ်ဘဲ ဤမျှမိုက်မိုက်ကန်းကန်းလုပ်ခြင်းကို ရယ်စရာ လွန်စွာအံ့ဩနေသည်။

ယုယိစုသည် ဘေးဖယ်ထားသော သူ့အစားအသောက်များကို ပြန်ဆွဲယူပြီးစားသောက်နေပြန်သည်။

ရယ်စရာ လွန်စွာအံ့ဩနေတော့သည်။

"ဟော့သူငယ်- မင်းမသွားသေးဘူးလား"

ယုယိစုက ခပ်ကြောင်ကြောင်ပြန်မေးသည်။

သွားကြ... ...ကဘယ်သွားရမှာလဲ"

ဝေ... ...လဘေးရှိတဲ့နေရာပေါ့ကွ၊ မင်းပဲ ခေါင်းနဲ့ရင်းပြီး

ယမ်းဖြင့်ဝင်လာ...

"ကျုပ်ငွေ... ...ဘာ"

ဓားဟာ ကျုပ်ကို ကော... ...ခါ၏။

ထုံထင်းရိုပ်သည်... ...ေးပါဘူးဗျာ"



ရယ်စရာသည် အံ့ဩသွားကာ-

"ကောင်းပါလေ့ကွာ၊ ဒါနဲ့များ ခေါင်းနဲ့ရင်းပြီးသတင်းဝယ်ရတယ်လို့ ထုံထင်းရိုပ်ဆိုတဲ့ကောင်ကို မင်းကပေါ့ပေါ့တန်တန်ကောင်အောက်မေ့နေသလား"

ယုယိစုက ပြုံး၍ပြောသည်။

"ဒါတွေ အသေးအမွှားတွေပါဗျာ"

"ဟ- အသက်နဲ့ရင်းတဲ့ကိစ္စတောင် အသေးအမွှားတဲ့လား မင်းလိုလူမျိုး သိုင်းလောကထဲရောက်လာရင် ထူးရင်ထူး မထူးရင်ရှုံးမှာသေချာတယ်"

ယုယိစုသည် သူစားသောက်သည့်ကျသင့်ငွေများကို စားပွဲပေါ် ပစ်ချပြီး-

"တော်ပြီဗျာ- ကျုပ်သွားတော့မယ်၊ နားငြီးလာပြီ"

စားပွဲပေါ်ရှိ စားသောက်ခငွေများကား တစ်ခန်းလုံး၌ သူတစ်ဦးတစ်ယောက်တည်းရှင်းပေးသွားသော ငွေများသာဖြစ်ပါလေသတည်း။

❁

## သူရဲကောင်းခုနစ်ယောက်

နံနက်ဝေလီဝေလင်း ....

နှင်းမြူများက တဝေ့ဝေ့ တဝဲဝဲကြနေသည်။

နှင်းမြူများကြောင့် လူလုံးလည်းမကွဲလှချေ။

မြူနှင်းများအကြားမှ လူတစ်စုခရီးထွက်လာကြပေပြီ။ သူတို့ကား အမတ်ကြီးစုဘူးဝှက်ခေါင်းဆောင်သော လူစုပေတည်း။

အမတ်ကြီးစုဘူးဝှက်က ရန်ချုံမြို့ အပြင်ဘက်အထိ လိုက်လံပို့ဆောင်ပေးသည်။

နှင်းမြူများကြားမှ ခရီးသည်တစ်စုထွက်ခွါသွားကြပေပြီ။ ယခုထွက်ခွါသွားသူများမှာ မြင်းရထားတစ်စီး၊ မြင်းခုနစ်ကောင်တို့ဖြင့် ခရီးထွက်ကြခြင်းဖြစ်သည်။

လျှံယင်းချုံသည် မြင်းထိန်းအဖြစ် မင်းသမီးကလေး၏မြင်းရထားကိုမောင်းနှင်သည်။



သူရဲကောင်းခုနစ်ယောက်က မြင်းကိုယ်စီနှင့်၊

အဖွဲ့ခေါင်းဆောင်ကား မင်းသမီးလေးပင်ဖြစ်သည်။

အမတ်ကြီးစုဘူးဝှက်ကိုယ်တိုင် သတ်မှတ်ခန့်အပ်ပေးလိုက်ခြင်းဖြစ်၍ လျှံယင်းချုံအနေဖြင့် ဘာမျှစောဒကတက်စရာမလိုတော့ပေ။

သူရဲကောင်းခုနစ်ယောက်သည် သိုင်းပညာ၌ ထိပ်သီးတတ်မြောက်ကြသူများ မဟုတ်ကြပေ။

နေလဓားနောက်သို့ ထိပ်သီးသိုင်းသမားများ စုလိုက်နေကြ၍သာ သူတို့ သူရဲကောင်းအဖြစ် အရွေးခံကြရခြင်းဖြစ်ကြောင်း သိရှိကြသည်။

ထိုသို့သိရှိကြခြင်းကပင် အမတ်ကြီးစုဘူးဝှက်နှင့် မင်းသမီးလေးအတွက် ပို၍ကောင်းသွားသည်။

သိုင်းပညာလိုအပ်နေခြင်းကို သူတို့၏သတ္တိရှိမှုနှင့် သစ္စာရှိခြင်းတို့ဖြင့်အစားထိုးရန် သူရဲကောင်းခုနစ်ဦးစလုံး ဆုံးဖြတ်ထားကြသည်။

သူတို့၌ သိုင်းပညာလိုကောင်းလိုမည်၊

စိတ်ဓာတ်အရာကား မလိုတော့ပေ။

တကယ့် သံမဏိသူရဲကောင်းများဖြစ်ကြပေ၏။

✪

အတန်ကြာမှ ....

"ယမ်းစွေ."

အမတ်ကြီးအော်သံသည် ကျယ်လောင်စွာထွက်ပေါ် သွားလေသည်။

"သခင်ကြီး- ကျွန်တော်မျိုးလာပါပြီ"

လူမလာခင်ကတည်းက ယမ်းစွေ.၏အသံရောက်ရှိလာလေသည်။

ယမ်းစွေ.ရောက်လာသောအခါ-

"ကဲ- လာ၊ စာကြည့်ခန်းထဲလိုက်ခဲ့စမ်း၊ အရေးကြီးတဲ့ကိစ္စတိုင်ပင်စရာရှိတယ်"

ယမ်းစွေ.သည် နေရာတကာ၌ ယပ်တောင်တယမ်းယမ်းလုပ်တတ်သော်လည်း အမတ်ကြီးရှေ့၌မူ လုံးဝမလုပ်ဝံ့ပေ။

ဤအပြုအမူမျိုးကို အမတ်ကြီးကသာ လုပ်လေ့ရှိရာ သူလုပ်ပုံကိုမြင်ပါက မျက်စိစပါးမွေးစူးမည်ကို သူကြောက်ပေသည်။

စာကြည့်ခန်းထဲရောက်သောအခါ အမတ်ကြီးကမြေပုံတစ်ချပ်ထုတ်ယူပြီး စားပွဲပေါ်ဖြန့်ချလိုက်သည်။

"အခုကိစ္စက မိုးနဂါးတောင်ကိုသွားမယ့် မင်းသမီးကလေးအဖွဲ့ကို ဖျက်ဆီးရမယ့်ကိစ္စပဲ၊ သူတို့ ဘာရည်ရွယ်ချက်နဲ့သွားတယ်ဆိုတာ ငါရှင်းမပြတော့ဘူး၊ ငါလိုချင်တာက အဲဒီမှာပါတဲ့ အဖွဲ့ဝင်တွေအားလုံး သေသွားဖို့ပဲ"

"ကျွန်တော် သဘောပေါက်ပါတယ်သခင်ကြီးခင်ဗျာ"



"ကဲ- မြေပုံပေါ် လာကြည့်၊ သူတို့ ရန်ချုံမြို့ကနေ ထွက်သွားကြတယ်၊ သူတို့ရဲ့ခရီးစဉ်ကဒါပဲ၊ မှတ်မိရဲ့လား"

ယမ်းစွေ.က အသေအချာမှတ်သားသည်။

"မှတ်မိပါပြီသခင်ကြီး"

"သူတို့အုပ်စုထဲမှာ သူရဲကောင်းခုနစ်ယောက် ဆိုတာပါတယ်၊ ထိပ်သီးတွေမဟုတ်ပေမယ့် သိပ်ညံ့မယ့်လူတွေတော့ဟုတ်မယ်မထင်ဘူး"

"ကျွန်တော်မျိုး အထင်မသေးပါဘူးသခင်ကြီး"

"အေး- မင်းသမီးလေးကော ဘာကော ဘာမှမလိုချင်ဘူး၊ အကုန်သာရှင်းပစ်၊ အဲဒီကဘုရင့်သားတော်သာပါလာရင် ဘာမှရှင်းလို့ရမှာမဟုတ်တော့ဘူး၊ အခုအခြေအနေမှာ ငါတို့အနေနဲ့ မန်ချူတွေကိုခဏယယလုပ်ပြီး စစ်ပြေငြိမ်းဖို့ကြိုးစားနိုင်သေးတယ်၊ နားလည်ကယ်မဟုတ်လား"

"နားလည်ပါတယ်သခင်ကြီး"

"အေး- သွားတော့၊ ဒီတစ်ခါတော့ ၀ိ၀ိရိရိဖြစ်ပါစေ"

"စိတ်ချပါသခင်ကြီး"

ယမ်းစွေ.သည် လျင်မြန်သွက်လက်စွာပင် ထွက်ခွါသွားလေတော့သည်။ အမတ်ကြီးကျန်းဝင်းကား တစ်ကိုယ်တည်း ပြုံး၍ကျန်ရစ်ခဲ့လေတော့သတည်း။

✿

ကျာပွတ်ကျန်စန်-

ပုဆိန်လင်းပိုင်း-

ဓားမေဝမ်း-

ဓားမြှောင်လီချန်စန်း-

လုံရှည်ဝမ်ထွေး-

လက်နက်မဲ့သိုင်းသမားစိန်ကျူး-

ရှောင်လင်ဝူတာကုန်း-

ထိုခုနစ်ယောက်ကား သူရဲကောင်းခုနစ်ယောက်ပေတည်း။

သူတို့အားလုံး စိတ်ဓာတ်ကောင်းကြသည်။

သတ်ရဲသူ သေရဲသူများဖြစ်ကြသည်။

ဓားမေဝမ်းတစ်ယောက်သာ မိန်းကလေးဖြစ်ပြီး ကျန်သော ခြောက်ယောက်မှာ ယောကျ်ားများဖြစ်ကြသည်။

ကျာပွတ်ကျန်စန်ကား ကျာပွတ်သိုင်းသမားဖြစ်သည်။

သွားလေရာ ကျာပွတ်ပါသဖြင့်လည်းကောင်း၊ ကျာပွတ်နှင့်သာ တိုက်ခိုက်တတ်သဖြင့်လည်းကောင်း၊ **ကျာပွတ်ကျန်စန်**ဟု ခေါ်ကြသည်။

သူ့လက်စွဲတော်ကျာပွတ်သာ ရရှိထားပါလျှင် တော်ရုံတန်ရုံသိုင်းသမားငါးယောက်ကို သူ မမှုပါချေ။

သူသည် မြင်းတစ်ကောင်၏ကျောပြင်အား ကျာပွတ်ဖြင့် ရစ်ပတ်ပြီး လဲကျသွားအောင်လုပ်နိုင်စွမ်းရှိသူဖြစ်ပေသည်။

သူ့ကျာပွတ်တွင် ထက်မြက်လှသော စူးချွန်ကလေးများပါ



ရှိလေသည်။

ပုဆိန်လင်းပိုင်း-

ပုဆိန်လင်းပိုင်းမှာ အလွန်ဘရာထွားကျိုင်းသူဖြစ်သည်။

သူ့ပုဆိန်ကလည်း တစ်လံမျှရှည်လျားသည်။

ထိုလက်စွဲတော်ပုဆိန်ကြီးကို သွားလေရာယူဆောင်သွားတတ်သဖြင့် ပုဆိန်လင်းပိုင်းဟုခေါ် တွင်ခြင်းဖြစ်သည်။

**သူ့ပုဆိန်**ကို တော်ရုံတန်ရုံ လူဗလံတစ်ယောက်က မ,ပင် **မ,နိုင်မည်မဟုတ်သော်**လည်း လင်းပိုင်ကမူ သူ၏ကြီးမားလှသော **ပုဆိန်ကြီး**ကို **ငှက်တောင်ကလေးသဖွယ်** ပေါ့ပါးစွာကိုင်တွယ်အသုံးချနိုင်ပေသည်။

သူ့ရဲကောင်းခုနစ်ယောက်အနက် သူသည် အတွင်းအားအကောင်းဆုံးသိုင်းသမားဖြစ်သည်။

အတွင်းအားပညာ၌ မည်သူမျှ သူ့ကိုမမီချေ။

သူသည် မြောက်ပိုင်းစစ်ပွဲ၌ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သော စစ်သည်ဟောင်းတစ်ဦးလည်း ဖြစ်သည်။

သူသည် **မန်ချူး**များစွာကို သူ၏ပုဆိန်ကြီးဖြင့် သုတ်သင်ပစ်ခဲ့သည်။

မန်ချူးစစ်သားများသည် သူ့ကို ဖိန့်ဖိန့်တုန်ကြောက်ရွံ့ခဲ့ကြပေသည်။

သို့ရာတွင် သူသည် သက်ဆိုင်ရာတပ်မှူး၏အမိန့်ကိုဖီဆန်ခဲ့သဖြင့် တပ်ထဲမှထုတ်ပယ်ခြင်းခံခဲ့ရသည်။

သူသည် မန်ချူးများကိုအလွန်မုန်းသဖြင့် အမတ်ကြီးစုဘူးဝှက်ထံ၌ သူတစ်ကိုယ်လုံးပုံအပ်ခဲ့သည်။

အမတ်ကြီးနိုင်းသမျှ ဦးလည်မသုန်ဆောင်ရွက်ပါမည်ဟု ကတိသစ္စာပြုခဲ့သည့် လူထူးလူဆန်းတစ်ဦးလည်း ဖြစ်ပေသည်။

နံပါတ်သုံးသူရဲကောင်းကား မေဝမ်းဖြစ်သည်။

သူမကို လျှံယင်းချိုက မရွေးလိုချေ။ မိန်းကလေးဖြစ်နေ၍ မရွေးလိုခြင်းဖြစ်သည်။

သူမကိုင်ဆောင်သည့်လက်နက်မှာ ဓားပါးကလေးများဖြစ်သည်။

သူမ၏တစ်ကိုယ်လုံးတွင် ဓားပါးကလေးပေါင်း အချောင်းငါးဆယ်ခန့်ရှိ၏။

သူမ၏လက်မောင်း၊ ခါးနှင့်ခြေသလုံးများ၌ အသင့်ဆွဲနှုတ်ယူပြီးပစ်ခတ်နိုင်သော ဓားပါးကလေးပေါင်း ငါးဆယ်ကျော်ရှိပေသည်။

ထို့ကြောင့် သူမကို ဓားမေဝမ်းဟုခေါ်ဆိုခြင်းဖြစ်ပြီး သူမ၏ မိဘနှစ်ပါးမှာလည်း ချန်းနီကဲ့သို့ပင် မန်ချူးများ၏သတ်ဖြတ်မှုကို ခံခဲ့ရသူဖြစ်ပေသည်။

ဓားသမားလီချန်စန်းကား နံပါတ်စဉ်အရ အမှတ်လေး သူရဲကောင်းဖြစ်သည်။

သူသည် ဓားတိုဓားရှည် အကုန်ကိုင်သူဖြစ်သည်။ အချို့က ဓားနှစ်လက်သိုင်းသမားလီချန်စန်းဟုခေါ်သည်။



ခန္ဓာကိုယ်ပိန်ပါးသလို လျင်မြန်ဖျတ်လတ်သူဖြစ်သည်။

ခေါင်းအေးအေးနှင့်တိုက်ပွဲဝင်တတ်သဖြင့် ရန်သူများက လီချန်စန်းအား မည်သည့်အခါမျှ မထိမှဲမြင်မပြုကြချေ။

အမှတ်ငါးသူရဲကောင်းကား လုံ့ရှည်ဝမ်းထွေးဖြစ်သည်။

သူသည် လုံ့ရှည်မှလွဲ၍ အခြားမည်သည့်လက်နက်ကိုမျှ မကိုင်ချေ။

လုံ့ရှည်ကိုင်သူနည်းပါးသဖြင့် သူသည် ကျော်ကြားခြင်းမရှိလှချေ။

ဝမ်ထွေးထက်နာမည်ကြီးသူမှာ နံပါတ်ခြောက်သိုင်းသမားစိန်ကျူးဖြစ်သည်။

သူသည် လက်နက်မဲ့တိုက်ခိုက်သူဖြစ်သည်။

သူသည် သေလုမျောပါး နှစ်ကြိမ်တိုင်တိုင် ရန်သူများထံ ရှုံးနိမ့်ခဲ့ဖူးသည်။

သို့ သော် သူကားအသက်ပြင်းလှသည်။

သေပြီဟုပစ်ထားရာမှ ရန်သူများထံမှ နှစ်ကြိမ်တိုင်တိုင် အသက်ရှင်လွတ်မြောက်ခဲ့သူဖြစ်သည်။

ထိုအဖြစ်အပျက်ကြောင့် သူ့အား 'နှစ်ခါသေဖူးသူစိန်ကျူး' ဟု သိုင်းလောကသားများကခေါ်စမှတ်ပြုကြလေသည်။

စိန်ကျူး၏လက်သီးသည် အလွန်ပြင်းထန်သည်။ မြင်းတစ်ကောင်ကို တုံးခနဲလဲကျအောင် ထိုးနိုင်စွမ်းရှိသူဖြစ်သည်။

နံပါတ်ခုနစ်သိုင်းသမားကား ရှောင်လင်ဝူတာကုန်းဖြစ်၏။

"အဲဒီအချက်ကို ငါမသိလိုက်ဘူး၊ ထားပါလေ၊ သိုင်းသမား အကျော်အမော်တွေအားလုံး နေလဓားနောက် လိုက်နေကြတဲ့ အချိန်မှာ ဒီသူ့ရဲ့ကောင်းခုနစ်ယောက်က **အညှံ့အဖျင်း**သူ့ရဲ့ကောင်းတွေပဲဖြစ်မှာပဲ၊ သိပ်တော့အကြောင်း**မဟုတ်လှပါဘူး**"

"သူတို့သိုင်းပြိုင်ပွဲကျင်းပတာကတော့ ဝိရိပါတယ်"

"ကိစ္စမရှိပါဘူး၊ ဒါတွေထားတော့၊ သူတို့ဘယ်အချိန်လောက်က ထွက်သွားကြတာလဲ"

"မနက် ဝေလီဝေလင်းအချိန်ကပါ၊ မင်းသမီးကလေး ရန်ချုံမြို့ကို ရက်အတော်ကြာကြာကတည်းက ရောက်နေနှင့်ပါတယ်"

"ဟုတ်လား"

"ဟုတ်ပါတယ်၊ အခုထွက်သွားတဲ့အဖွဲ့ရဲ့ခေါင်းဆောင်က လဲ မင်းသမီးလေးပဲဖြစ်ပါတယ်"

"အေး- မင်းမဆိုးဘူး၊ ရော့- ငွေငါးရာယူသွား၊ မင်း သေသေချာချာစောင့်ကြည့်တဲ့အတွက် ဆုချလိုက်တာပဲ"

"သခင်ကြီးရဲ့ကျေးဇူး ကြီးမားလှပါတယ်ခင်ဗျာ"

ဒူးတုပ်ထိုင်နေသူက အမတ်ကြီးအားဦးခိုက်ရှိခိုးပြီးနောက် ပြန်လည်ထွက်ခွါသွားလေသည်။

အမတ်ကြီးကျန်းဝင်းသည် ထိုလူပျောက်ကွယ်သွားလေမှ ထိုင်ရာမှထပြီး စဉ်းစားခန်းဝင်တော့သည်။

သူသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။



"ဟား .... ဟား .... ဟား"

အမတ်ကြီးကျန်းဝင်း၏ရယ်သံသည် သူ၏အိမ်တော်၌ ပဲ့တင်ထပ်နေသည်။

အတန်ကြာ အားရပါးရရယ်ပြီးနောက် သူ့ရှေ့၌ဒူးတုပ်ထိုင်နေသူအား မေးလိုက်သည်။

"မင်းသမီးကလေး ထွက်သွားပြီဟုတ်လား"

ဒူးတုပ်ထိုင်နေသူက ရိုသေစွာဖြေလိုက်သည်။

"ဟုတ်ပါတယ်သခင်ကြီး"

"မင်း သေသေချာချာစောင့်ကြည့်ခဲ့တယ်နော်"

"သေချာပါတယ်သခင်ကြီး"

"မင်းသမီးကလေးနဲ့အတူ လူဘယ်နှစ်ယောက် ပါသွားသလဲ၊ အရေအတွက်သိချင်တယ်"

"မင်းသမီးကလေးနဲ့ပါသွားတာ သိပ်များလှပါဘူး၊ ခုနစ်ယောက်တည်းပါ၊ သူတို့ကတော့ သူ့ရဲ့ကောင်းခုနစ်ယောက်လို့ခေါ်ကြပါတယ်"

ကျန်းဝင်းက ရယ်မောလိုက်**သည်။**

"ဟား- ဟား- ဟား သူ့ရဲ့ကောင်းခုနစ်ယောက်တဲ့၊ သူတို့က ဘာတွေများ သူ့ရဲ့ကောင်းနေတာလဲ၊ ဘယ်သူတွေက သူတို့ကို သူ့ရဲ့ကောင်းဘွဲ့ပေးထားတာလဲ"

"အဲဒီခုနစ်ယောက်ကို သူတို့ သိုင်းပြိုင်ပွဲကျင်းပပြီးရွေးချယ်ထားတာလို့သိရပါတယ်"

သူ မည်သည့်အရွယ်က ရှောင်လင်ကျောင်း၌နေခဲ့ဖူးမှန်း မည်သူမျှ မသိရှိကြချေ။

သို့ရာတွင် သူ့သိုင်းကွက်များက ရှောင်လင်သိုင်းကွက်များ ဖြစ်နေသည်ကား အမှန်ပင်ဖြစ်သည်။

သူ့အသားအရည်မှာ ဖြူဖတ်ဖြူရော်ဖြစ်သော်လည်း တိုင်းပြည်အတွက် အသက်စွန့်ရဲသည့်သူ့သွေးကား နီလေသည်။

သူ၏အထူးချွန်ဆုံးပညာမှာ ကိုယ်ဖျောက်ပညာဖြစ်သည်။ ဤကား သူရဲကောင်းခုနစ်ယောက်တို့၏အခြေအနေပေတည်း။

✿



လျှံယင်းချျသည် သူရဲကောင်းခုနစ်ယောက်၏သံမဏိစိတ်ဓာတ်ကို သိရှိထားသဖြင့် သိုင်းပညာချို့ယွင်းမှုကို ဥပေက္ခာပြုထားခဲ့ရသည်။

ဘုရင့်သားတော်ကလေးကိုခေါ်ဆောင်ရာ၌ သူတို့၏ ကိုယ်ကျိုးမဖက်သောသံမဏိစိတ်ဓာတ်သည် ပေါင်းကူးတံတားဖြစ်လိမ့်မည်ဟု လျှံယင်းချျယုံကြည်သည်။

ရှေ့၌ သူရဲကောင်းလေးယောက် ဦးခေါင်းညွှတ်ပြီးနောက် သူရဲကောင်းသုံးယောက်က နောက်ချန်လိုက်သည်။

မင်းသမီးကလေးသည် အမတ်ကြီး၏အိမ်မှ ထွက်လာကတည်းက မျက်နှာကိုပဝါနက်အုပ်ထားသဖြင့် ရန်သူများ မဆိုထားနှင့် လျှံယင်းချျတို့ပင် မင်းသမီးလေး၏ပကတိမျက်နှာကို တွေ့ခွင့်မရခဲ့ကြချေ။

"ဘာပဲဖြစ်ဖြစ်- ငါမသေသမျှ မင်းသမီးမသေစေရဘူး၊ နောက်ဆုံး မိုးနဂါးတောင်ကဗိုလ်မှူးကြီးကြူးနဲ့ ဘုရင့်သားတော်ကလေးဆီတော့ ရောက်အောင်ပို့မယ်"

လျှံယင်းချျသည် ထိုသို့ပင် စိတ်ထဲမှပိုင်းဖြတ်ထားပေ၏။

မနေ့မမြန် ခရီးမှန်မှန်ထွက်လာကြသဖြင့် ညနေ နေဝင်ရီသရောအချိန်၌ ရွာကလေးတစ်ရွာသို့ဆိုက်ရောက်လာကြလေတော့သည်။

သရီးကြပ်

ထိုရွာကလေး၌ ထူးထူးခြားခြား ထမင်းဆိုင်တစ်ဆိုင် ရှိနေသည်။ လျှံယင်းချုံသည် ရွာငယ်လေးတစ်ရွာ၌ ထမင်းဆိုင်တစ်ဆိုင် ရှိနေသည်ကို သံသယရှိနေသည်။

ထို့ကြောင့် သူတို့တစ်ဖွဲ့လုံး ဆိုင်ထဲသို့မဝင်ရောက်မီ သူတစ်ဦးတည်း သွားရောက်စုံစမ်းသည်။

ထိုအခါကျမှ ထိုထမင်းဆိုင်ကလေးသည် သွေးရိုးသားရိုး ဖွင့်လှစ်ထားသည့်ဆိုင်ကလေးမှန်း သိရ၏။

ဤရွာကလေးသည် ဤဒေသတစ်ဝိုက်ရှိ ကျေးရွာများ အလယ်၌ အချက်အချာကျသည်။

ထို့ကြောင့် အချို့ခရီးသည်များသည် ဤရွာ၌ တစ်ထောက်နား စခန်းချကြသည်။

ထို့ကြောင့် သည်ထမင်းဆိုင်ကလေး ဖြစ်ပေါ်လာရခြင်း



ဖြစ်ပေသည်။

လျှံယင်းချုံပြန်လည်ရောက်ရှိလာသည့်အခါမှ သူတို့တစ်ဖွဲ့လုံး ထိုထမင်းဆိုင်သို့ဝင်ကြသည်။

ထိုအချိန်၌ မှောင်စပျိုးလာပြီဖြစ်ရာ တည်းခိုရန်အခန်းများ ရနိုင်မရနိုင် လျှံယင်းချုံကမေးသည်။

ဆိုင်ရှင်က ရယ်ရယ်မောမောဖြင့်-

"ဆရာလေးတို့တစ်ဖွဲ့လုံးကို မပြောနဲ့၊ နောက်ထပ်ငါးဖွဲ့လောက်ကိုတောင် ကျွန်တော်တို့ ထမင်းဆိုင်က လက်ခံနိုင်ပါတယ်၊ ဟောဟိုဘေးက အိမ်မြင့်ကြီးကိုကြည့်ပါ၊ အဲဒါ ထမင်းဆိုင်လာတဲ့လူတွေ ညအိပ်ညနေတည်းခိုဖို့ပါပဲ"

ဆိုင်ရှင်ကပြောရင်း မျက်နှာကိုပဝါအုပ်ထားသည့် မင်းသမီးလေးကိုကြည့်၏။

လျှံယင်းချုံက မင်းသမီးလေးအား လူသိမခံလိုသဖြင့် ထိုအိမ်မြင့်ဆီသို့ ချက်ချင်းရွှေ့ပြောင်းသည်။

ကျယ်ဝန်းသောအိမ်ကြီးသည် သူတို့နှစ်ယောက် ချောင်ချိစွာတည်းခိုနိုင်ပေသည်။

အခန်းများကို လျှံယင်းချုံကပင် နေရာချထားပေးသည်။ ဓားမေဝမ်း၏အခန်းသည် ရှည်လျားသောအခန်းများ၏ နောက်ဆုံးတွင်ရှိသည်။

အားလုံးပင် ကိုယ့်အခန်း ကိုယ်သွားကြရာ မေဝမ်းလည်း သူ့အခန်းဆီသို့သွားသည်။

ထိုအချိန်မှာပင် အလင်းတန်းကလေးတစ်တန်း ဖြတ်သွားပြီး မေဝမ်း အားခနဲအော်လိုက်မိလေသည်။

"ဝုန်း"

သူရဲကောင်းများသည် အတွေ့အကြုံ ရင့်ကျက်ကြသည်။ လဲကျသွားသောမေဝမ်းထံသို့ အားလုံး ပြေးမလာကြပါ။

မေဝမ်းထံပြေးသူမှာ မင်းသမီးကလေးနှင့် လျှံယင်းချူတို့ နှစ်ယောက်သာရှိသည်။

ကျန်ခြောက်ယောက်တို့သည် ပြတင်းပေါက်များမှ အသီးသီးခုန်ချသွားပြီး ရန်သူများနောက်ကိုလိုက်လံရှာဖွေကြလေသည်။

အမှောင်သမ်းနေပြီဖြစ်၍ ရန်သူအဖို့ များစွာအခွင့်သာနေပေတော့သည်။

လွယ်ကူစွာ ရှောင်တိမ်းသွားနိုင်ခဲ့လေပြီ။

ရန်သူကို လုံးဝရှာမတွေ့တော့ပေ။

လျှံယင်းချူသည် မေဝမ်းကိုစစ်ဆေးကြည့်ရှုလိုက်သည်။

မေဝမ်းကား လည်ပင်း၌ ဓားတစ်လက်အစိုက်ခံရကာ သေဆုံးရှာလေပြီ။

ဓားကလေးကား ခပ်သေးသေးသာ။

သာမန်အားဖြင့်ဆိုလျှင် ထိုဓားဒဏ်ရာသည် သေလောက်သည့်ဒဏ်ရာမဟုတ်ပါပေ။

ထိုတစ်ချက်တည်းနှင့် သေဆုံးသည်ကိုကြည့်ပြီး ထိုဓား၌ အဆိပ်သုတ်လိမ်းထားကြောင်း လျှံယင်းချူသိရှိလိုက်လေသည်။



ထိုစဉ် သူရဲကောင်းများ ပြန်လည်ရောက်ရှိလာလေသည်။

လျှံယင်းချူက-

"လူသတ်သမားကို တွေ့သလား"

ကျားပွတ်ကျန်စန်က ခေါင်းခါလိုက်သည်။

"ဘယ်မှာမှရှာမတွေ့ဘူး၊ ညကလဲ မှောင်စပြုနေတော့ ရှာရခက်တာပေါ့"

ရှောင်လင်ဝူတာကုန်းကလည်း ဝင်၍မှတ်ချက်ပေးလေသည်။

"ရန်သူက ကြိုတင်စီစဉ်ထားတဲ့သဘောရှိတယ်၊ မေဝမ်းသေတဲ့နေရာဟာ ပြတင်းပေါက်နဲ့တည့်နေတယ်၊ ရန်သူဟာ ဘယ်သူ့ကိုမဆို အဲဒီဓားနဲ့ပစ်မှာပဲ၊ မေဝမ်းကကံဆိုးပြီး ပြတင်းပေါက်နဲ့တည့်တည့်အခန်းကိုရသွားတော့ သူသေသွားရရှာတာပေါ့"

ကျားပွတ်ကျန်စန်က-

"**အဲဒီရန်သူဟာ ပထမတန်းဓားပစ်သမားပဲ၊ ဓားစိုက်နေပုံကိုကြည့်ပါလား။ ကြိုတင်လုပ်ကြံမှုဆိုတာသိထားတော့ ကျုပ်တို့အားလုံး သတိရှိထားမှဖြစ်မယ်**"

မင်းသမီးလေးက ဘာမျှမှတ်ချက်မပေးပေ။ သူရဲကောင်းအားလုံးသည် ခရီးထွက်သည့်ပထမညဌ်ပင် လုပ်ကြံမှုများနှင့်တွေ့လိုက်ရသော်လည်း မည်သူမျှမတုန်လှုပ်ကြပေ။

ဤသို့တွေ့ကြုံရမည်ကို မျှော်လင့်ထားကြပုံရလေသည်။

လျှံယင်းချူက-

"ဒါပထမဆုံးသင်ခန်းစာပဲ၊ ဒီညသန်းခေါင်ယံ ဒါမှမဟုတ် အိပ်မောကျနေချိန်မှာ သူတို့လာပြီးမလုပ်ကြဲဖူးလို့ ဘယ်သူမှ အတပ် မပြောနိုင်ဘူး"

ကျာပွတ်ကျန်စန်က ခေါင်းခါသည်

"ဒါ ခင်ဗျားအလုပ်မဟုတ်ပါဘူး"

လျှံယင်းချုံမှာ ထောင်းခနဲဒေါသထွက်သွားသည်။

"ဘာပြောတယ်ဗျ"

ကျာပွတ်ကျန်စန်က ခပ်အေးအေးပင်ပြောသည်။

"ကျုပ်တို့သိထားရသလောက်တော့ အမတ်ကြီးစုဘူးဝှက်က ခင်ဗျားကိုမြင်းထိန်းခန့်လိုက်တာပဲ၊ ဒီတော့ ကိုယ့်နေရာမှာကိုယ် နေတာကောင်းပါတယ်၊ ဒီကိစ္စမှာ ခင်ဗျားတစ်ယောက်တည်း သေနိုင်တဲ့ကိစ္စမဟုတ်ပါဘူး၊ ကျုပ်တို့လဲသေနိုင်တာပဲ၊ ကင်းချဖို့၊ မင်းသမီးလေးကိုစောင့်ရှောက်ဖို့ ကျုပ်တို့ဘာသာစီစဉ်ပါမယ်"

လျှံယင်းချုံ လွန်စွာဒေါသဖြစ်ရတော့သည်။

သို့သော် သတိဝင်လာပြီး ဒေါသကို ထိန်းချုပ်ထားလိုက်ရလေသည်။

ကျာပွတ်ကျန်စန်က ဆက်ပြောသည်။

"အကောင်းဆုံးကတော့ မြင်းဇောင်းမှာရှိတဲ့မြင်းတွေကို ရန်သူတွေ အဆိပ်ကျွေးမသွားအောင် ခင်ဗျားသွားစောင့်ရှောက်နေသင့်တယ်၊ မင်းသမီးလေးလုံခြုံဖို့က ကျုပ်တို့ရဲ့တာဝန်၊ မြင်းတွေလုံခြုံဖို့ကတော့ ခင်ဗျားရဲ့တာဝန်"



လျှံယင်းချုံ မဲ့ပြုံးပြုံးလိုက်သည်။

ဤသို့ဖြစ်လာနိုင်သည်ကို အမတ်ကြီးစုဘူးဝှက် ထည့်သွင်းမစဉ်းစားမိခဲ့ကြောင်း သူသိလိုက်သည်။

သို့သော် လျှံယင်းချုံ စိတ်ကိုဖြေပါသည်။

"အင်းလေ- ငါအောက်မှာ မြင်းတွေကိုစောင့်ရှောက်ရင်း ရန်သူတွေချဉ်းကပ်လာမလာကို စောင့်ကြည့်နေရတာပဲ"

လျှံယင်းချုံသည် ထိုသို့တွေးပြီးမှ စိတ်သက်သာရာရသွားလေသည်။

"ကောင်းပါပြီ- ကျုပ်မြင်းဇောင်းကိုသွားတော့မယ်၊ မေဝမ်းရဲ့အလောင်းကိုမြေမြှုပ်ဖို့ ခင်ဗျားတို့ပဲကြည့်စီစဉ်ပါ"

ကျာပွတ်ကျန်စန်က ကောင်းမွန်စွာပြောသည်။

"စိတ်ချပါ- ကျုပ်တို့ ရဲဘော်ရဲဘက်တစ်ယောက်ကို ကျုပ်တို့က ဘယ် ပစ်စလက်ခတ်ထားပစ်ခဲ့မှာလဲ၊ သေသေချာချာ မြေမြှုပ်ပေးပါ့မယ်"

လျှံယင်းချုံသည် မြင်းဇောင်းရှိရာသို့ဆင်းလာခဲ့သည်။

ကျာပွတ်ကျန်စန်နှင့် မင်းသမီးလေးတို့ တီးတိုးတိုင်ပင်ကျန်ရစ်နေခဲ့သည်။

မင်းသမီးလေးသည် ကိုယ့်အတွင်းလူများချည်း ရှိနေသည့်တိုင် မျက်နှာအုပ်ထားသည့်ပဝါကိုမချွတ်ဘဲထားသည်။

မင်းသမီးလေးကိုယ်တိုင်ကပင်-

မိမိအား မြင်းထိန်းတစ်ယောက် အဖြစ်ပင် သဘောထား

လိမ့်မည်ဟု လျှံယင်းချံယူဆသည်။

ထို့ကြောင့်-

မင်းသမီးလေးအနီး၌နေပြီး စောင့်ရှောက်ပေးရမည့်ကိစ္စကို စောဒကမတက်**တော့ပေ။**

ထိုည၌-

**သူတို့အားလုံး** အေးဆေးစွာအနားယူရမည့်အစား မေဝမ်း**၏ရွာပနကို ကျေးရွာ**သုသာန်၌ သွားရောက်မြေမြှုပ်သင်္ဂြိုဟ်လိုက်**ကြရပေသည်။**

✿



ဆိုင်ရှင်မှာ မျက်နှာ မသာယာပေ။ ညကတည်းကပင် **ဆိုင်**ရှင်သည် များစွာကူညီခဲ့သည်။

သူ့ဆိုင်၌ ဤသို့တစ်ကြိမ်တစ်ခါမျှ **မဖြစ်ခဲ့ဘူးကြောင်း** ရွာသားများကို မေးမြန်းစုံစမ်းနိုင်ကြောင်း **အထပ်ထပ်ရှင်းပြလေ**သည်။

လျှံယင်းချံသည် ကျာပွတ်ကျန်စန်၏ စိတ်ထားကြီးရင့်ပုံ **စိမ်ခန့်ခွဲ**တတ်ပုံကိုကြည့်ပြီး အံ့းကျူးမိသည်။

သူ့အား မြင်းထိန်းကမြင်းထိန်းပါဟုပြောဆိုခြင်းကိုလည်း အမှတ်မထားတော့ပေ။

မည်သို့ပင်ဖြစ်စေ ဤလူသိုက်၏စွမ်းရည်ဖြင့် မင်းသမီးလေးအား မိုးနဂါးတောင်အရောက် ပို့နိုင်လိမ့်မည်ဟု လျှံ ထင်ကြည်လာလေသည်။

သူတို့သည် နောက်တစ်နေ့နံနက်စာကို ထိုဆိုင်မှာပင် စားလျက်ဆက်လက်ခရီးထွက်ကြသည်။

ယခုအချိန်ခရီးထွက်ရာတွင် သူ့ရဲကောင်းခြောက်ယောက်တို့သည် အထူးသတိဝီရိယထားလာကြသည်။

ရှေ့မှနှစ်ယောက် နောက်မှနှစ်ယောက် ဘေးတစ်ဘက်တစ်ချက်စီ၌ တစ်ယောက်စီခြံရံလျက် **မင်းသမီးလေးကို** စောင့်ရှောက်လာခဲ့ကြသည်။

သူတို့အားလုံး နေ့လည်နေ့ခင်းပိုင်း **မှုပြင်းသောနေမင်း**အောက်၌ ကွင်းပြင်ကျယ်ကြီးတစ်ခုကိုဖြတ်**သန်း**လာကြရသည်။

ကျာပွတ်ကျနစ်စန်က မင်းသမီးလေးအားလာရောက် သတင်းပို့လေ၏။

"မင်းသမီးလေး ကျွန်တော်တို့ ဒီကွင်းကိုဖြတ်သန်းကြရမှာဖြစ်ပါတယ်၊ လွင်ပြင်ဒေသကိုဖြတ်သန်းတာဟာ သစ်ပင်လျှိုမြောင်ထူထပ်တဲ့နေရာတွေကို ဖြတ်သန်းတာလောက် အန္တရာယ်မရှိပါဘူး၊ ဒီလွင်ပြင်အလွန်မှာတော့ သစ်တောတစ်ခုရှိပါတယ်၊ အဲဒီသစ်တောမှာ စခန်းတစ်ထောက်ချပါမယ်"

မင်းသမီးကလေးက လက်ဖြင့်အချက်ပြသဖြင့် သူတို့အားလုံး ဆက်လက်ခရီးထွက်ခွါလာခဲ့ကြသည်။

ကွင်းလွင်ပြင်ဒေသကို သူတို့သည် ငါးနာရီကျော်ကျော်ကြာမျှ ဖြတ်သန်းလာကြသည်။

"တောစပ်ကိုရောက်ပြီ"

ကျာပွတ်ကျနစ်စန်၏အော်သံကြောင့် သစ်ပင်ပေါ်မှငှက်ကလေးများ လန့်ဖျပ်ပျံသန်းသွားကြသည်။

နေပူပူပြင်းပြင်းထဲမှလာခဲ့ကြသဖြင့် အားလုံးနားချင်ကြသည်။ မင်းသမီးကလေးကလည်း နားရန်အချက်ပေးသည်။

"ကျုပ်ရေဘူး ရေသွားဖြည့်လိုက်ဦးမယ်ဗျို့၊ ဒီအနီးအနားမှာ စမ်းချောင်းတစ်ချောင်းတော့ ရှိမှာသေချာတယ်"

ပုဆိန်လင်းပိုင်က ရေဘူးများကိုမြှောက်ပြပြီး အော်ဟစ်ပြောလိုက်သည်။

နေပူသဖြင့် အားလုံးလိုလိုရေအသောက်များကြရာ ရေဘူးထဲမှရေအားလုံးလိုလို ကုန်ခမ်းသွားခဲ့ရပေသည်။

ရှေ့ခရီးစဉ်၌ ရေရရှိသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရေဖြည့်ထားသည့်အတွက် မမှားနိုင်ပါချေ။

အချိန်အတော်ကြာသည်အထိ ပုဆိန်လင်းပိုင် ပြန်ရောက်မလာသောအခါ လူအားလုံး လှုပ်လှုပ်ရွရွဖြစ်လာကြတော့သည်။

လျှံယင်းချုံအပါအဝင် လူအားလုံး၏မျက်နှာပေါ်၌ စိုးရိမ်ကြောင့်ကြသည့်အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။

မင်းသမီးကလေးမှာ မျက်နှာ၌ပုဝါအုပ်ထားသဖြင့် သူ့အမူအရာကိုခန့်မှန်း၍မရချေ။

ကျာပွတ်ကျနစ်စန်က ဆော်ဩလိုက်သည်။

"ကျုပ်တို့အားလုံး လူခွဲရှာကြမယ်၊ ပုဆိန်လင်းပိုင်ကိုတွေ့ရင် ငှက်အော်သံနဲ့အချက်ပေးကြပါ၊ မင်းသမီးလေးဘေးမှာ ရှောင်လင်ဝူတာကုန်း စောင့်ရှောက်နေရစ်ပါ"

လျှံယင်းချုံအပါအဝင် ကျန်သူရဲကောင်းအားလုံး စက်ဝိုင်းသဏ္ဌာန် ဖြန့်၍ရှာကြသည်။

မည်သူမျှ မတွေ့ကြချေ။

လျှံယင်းချုံထွက်သွားသည့်ဘက်မှ ငှက်အော်သံကြားလိုက်ရသဖြင့် အခြားနေရာမှလူအားလုံးငှက်အော်သံကြားရာသို့ တစ်ဟုန်ထိုး ပြေးလွှားလာကြလေတော့သည်။

✿

ကြည်လင်အေးမြစွာ

**တသွင်သွင်စီးဆင်းနေသည့်စမ်းချောင်းကလေး ....**

**ထိုစမ်းချောင်းကလေးထဲ၌** ငါးကလေးများကူးခတ်နေသည် ကိုပင် **တွေ့နေရလေသည်။**

ထိုနေရာတစ်ဝိုက်သည် လွန်စွာသာယာလှပသည်။ စိတ် ကြည်နူးဖွယ်ကောင်းသည်။

သို့သော် ယခုမကောင်းပါ။

အဘယ့်ကြောင့်ဆိုသော်-

သာယာလှပသောစမ်းချောင်းနံဘေး၌ ပုဆိန်လင်းပိုင် တစ် ယောက် မှောက်ခုံကြီးလဲကျသေဆုံးနေသောကြောင့်တည်း။

ရေဘူးများလည်း ပြန့်ကျဲနေသည်။

ကျာပွတ်ကျန်စန်က ရှေ့ဦးစွာရောက်နေသည့်လျှံယင်းချုံ အား မေးလိုက်သည်။

"လျှံယင်းချုံ ဘာဒဏ်ရာနဲ့သေနေတာလဲဗျ"

"အဆိပ်အပ်နဲ့ အပစ်ခံရတယ်ထင်တာပဲ၊ ဓားလုံလေးမြား ဒဏ်ရာ မတွေ့ဘူးဗျ"

"ကျုပ်တို့ရှာကြည့်ကြရအောင်"

အားလုံးပိုင်းဝန်းရှာဖွေကြရာ ကျောပြင်၌အပ်ကလေးတစ် ချောင်း စိုက်ဝင်နေကြောင်းတွေ့ရသည်။

အပ်ကလေးက သေးငယ်လှသည်။

"ကောင်းကွာ- ဓားမှာအဆိပ်နဲ့သုတ်ပြီးပစ်တယ်၊ အဆိပ်



အပ်နဲ့ပစ်တယ်၊ ကျုပ်တို့ကို လိုက်လုပ်ကြံနေတဲ့လူကတော့ အဆိပ်နဲ့ ပတ်သက်လို့ တကယ်ကျွမ်းကျင်တဲ့လူပဲဖြစ်ရမယ်"

လင်းပိုင်း၏ပုဆိန်မှာ ခါး၌ချိတ်ဆွဲထားလျက်ပင်ရှိသဖြင့် လင်းပိုင်းသည် သူ့အား မည်သူလုပ်ကြံသွားမှန်းပင် သိလိုက်ရဟန် မတူချေ။

လျှံယင်းချုံက တစ်စုံတစ်ခုကိုတွေးလိုက်မိသည်။

"ဟာ- ကျုပ်တို့ ဒီမှာအချိန်ဖြုန်းမနေကြနဲ့၊ ဟိုမှာကျန်နေ တာ ဝူတာကုန်းနဲ့မင်းသမီးလေးပဲ ရှိတော့တယ်၊ ခင်ဗျားတို့မြန်မြန် မြန်ကြ၊ ပုဆိန်လင်းပိုင်းကို ကျုပ်ပဲမြေမြှုပ်လိုက်ပါ့မယ်"

"ဟာ- ဟုတ်တယ်"

ကျာပွတ်ကျန်စန်သည် အလန့်တကြားဖြစ်သွား၏။

ဤလူများကို အချက်ပြခေါ်ဆောင်ကာ မင်းသမီးကလေး ကျန်ရစ်ခဲ့သည့်နေရာသို့ ပြေးထွက်သွားလေတော့သည်။

လျှံယင်းချုံသည် ပုဆိန်လင်းပိုင်း၏ပုဆိန်ကြီးကို ဖြုတ်ယူ ကာ တွင်းတူးသည်။

ပုဆိန်လင်းပိုင်း၏အလောင်းကို ကောင်းစွာမြေမြှုပ်ပေး လိုက်သည်။

**သူပြန်ရောက်သည့်အခါ** မှောင်ရိပ်သမ်းနေလေပြီ။

လျှံယင်းချုံက မင်းသမီးလေးအနီးသို့သွားပြီး အကျိုးအ ကြောင်းရှင်းပြလေသည်။

"မင်းသမီးလေး- အခု ကျွန်တော်တို့လုပ်ကြံခံရပုံဟာ မရိုး

သားပါဘူး၊ ကျွန်တော်တို့ရဲ့ခရီးစဉ်ကို ရန်သူကသိနေပုံရပါတယ် သူတို့က ကြိုစောင့်ပြီးလုပ်ကြံနေကြတယ်၊ ဒီတော့ ကျွန်တော်တို့ လမ်းကြောင်းပြောင်းလိုက်ရင် ကောင်းမယ်ထင်ပါတယ်"

မင်းသမီးလေးက ဘာမျှမပြောမီ ကျာပွတ်ကျန်စန်က လျှံ ယင်းချုံအနီးသို့လျှောက်လာသည်။

"ခင်ဗျားတွေးမိသလို ကျုပ်လဲတွေးမိပြီး မင်းသမီးကလေး နဲ့တိုင်ပင်ပြီးပါပြီ၊ မင်းသမီးလေးက ဒီခရီးစဉ်သွားဖို့ သဘောတူပါ တယ်၊ ကျုပ်တို့အနေနဲ့တော့ သတိဝီရိယကို တစ်ချက်ကလေးမှလွတ် လို့ မရတော့ဘူးပေါ့ဗျာ"

လျှံယင်းချုံ ဘာမျှမပြောသာတော့ပေ။

သေတွင်းထဲသို့ ဖွတ်တိုးဝင်သည့်အစီအစဉ်လောက် မိုက်မဲ သည့်အစီအစဉ် မရှိဟု သူထင်သည်။

ဤလမ်းကြောင်းကို အနည်းငယ်မျှပြောင်းလဲလိုက်သည် နှင့် သူတို့အားလုံးသည် မမြင်ရသောရန်သူ၏ပစ်ကွင်းမှ လွတ်ကင်း သွားနိုင်ပေသည်။

မင်းသမီးကလေးသည် သူထင်သလောက်လိမ္မာပါးနပ်ခြင်း မရှိဟု လျှံယင်းချုံတွေးတောနေမိလေသည်။

ကျာပွတ်ကျန်စန်က-

"ရန်သူဟာ ကျုပ်တို့ကိုစောင့်ကြိုနေပြီဆိုတာ သိနေပြီပဲ၊ ဒီတော့ ဒီတစ်ခါခရီးထွက်ရင် ရှေ့ပြေးကင်းလွှတ်ဖို့ ကျုပ်စီစဉ်ထား ပါတယ်"



လျှံယင်းချုံက နားထောင်နေ၏။

"ဒီညတော့ ဒီမှာပဲစခန်းချရမှာပဲ၊ မှောင်လာပြီဆိုတော့ ရှေ့ဆက်ထွက်လို့ မဖြစ်နိုင်တော့ဘူး၊ နက်ဖြန်ခရီးထွက်တာနဲ့ ရှောင် လင်ဝူတာကုန်းကို ရှေ့ပြေးကင်းအဖြစ်စေလွှတ်လိုက်မယ်-

သူဟာ ကိုယ်ဖော့ပညာကောင်းတော့ ရှေ့မှာ ရန်သူ့အရိပ် အခြည်ကို ကြိုတင်ခန့်မှန်းနိုင်ပါလိမ့်မယ်၊ သူ့ဆီက အန္တရာယ်ကင်း ပြီဆိုတဲ့အချက်ပြမှုရမှ ကျုပ်တို့ ဆက်ပြီးခရီးထွက်ကြမယ်"

ကောင်းမွန်ပါသည်။

ထိုအကြံထက်ကောင်းသော အကြံဉာဏ်ကို လျှံယင်းချုံ လည်း မပေးတတ်တော့ပေ။

ဘေးရန်အကင်းနိုင်ဆုံးနည်းလမ်းမှာ ခရီးစဉ်ပြောင်းလဲရန် ပင်ဖြစ်ပေသည်။

မင်းသမီးလေးကိုယ်တိုင်က မပြောင်းချင်သည့်နောက်တော့ သူလည်း ဘာမျှမတတ်နိုင်တော့ပေ။

ထိုအချိန်တွင် ကျန်သောသူရဲကောင်းများက မင်းသမီး လေး နားနေနိုင်ရန် ယာယီတဲကလေးဆောက်လုပ်နေကြသည်။

ယာယီတဲဆိုသည့်အတိုင်း မကြာမီပြီးစီးသွားလေသည်။ ဝူတာကုန်းနှင့်ဝမ်ထွေးတို့က စမ်းချောင်းစပ်၌ ကျန်ရစ်ခဲ့သည့်ရေ ဘူးများကို သွားယူကြရသည်။

သူတို့ပြန်လည်ရောက်ရှိလာသောအခါ လျှံယင်းချုံကမေး လိုက်သည်။

"ရေတွေကို ခင်ဗျားတို့ကိုယ်တိုင်ဖြည့်လာတာလား"

ဝူတာကုန်းက-

"ဟင့်အင်း- တစ်ချို့ကတော့ လင်းပိုင်း ဖြည့်ပြီးသားတွေ ဖြစ်နေတယ်၊ ကျန်တဲ့ရေဘူးတွေကို ကျုပ်တို့ဖြည့်လာတာပါ"

"ဒါဆိုရင် ရေတွေကိုပြန်စစ်ကြပါဦး"

ကျာပွတ်ကျန်စန်က လျှောက်လာပြီး-

"ကျုပ်တို့ အစစအရာရာသတိထားမှ ဖြစ်တော့မယ်၊ ရေထဲမှာ အဆိပ်ခတ်ထားလိုက်ရင် နက်ဖြန်မှာ ကျုပ်တို့အားလုံး ဘယ်သူမှ ခရီးဆက်နိုင်**မှာမဟုတ်တော့ဘူး**"

လျှံယင်း**ချုံထောက်ပြလိုက်**မှ ဝူတာကုန်းနှင့် ဝမ်ထွေးတို့၏ လက်ထဲမှရေဘူးများ **လွတ်ကျကုန်လေ**တော့သည်။

✿

## အမှည့်ခြွေ ခြွေခြင်း

ရှေ့ပြေးကင်းဝူတာကုန်း ပြေးသွားပြီး တစ်နာရီခန့်ကြာသောအခါ အဝေးမှ မီးခိုးငွေ့များတလူလူတက်လာသည်ကို တွေ့ရသဖြင့် ကျာပွတ်ကျန်စန်က **ခရီးထွက်**ရန်ဆော်ဩတော့သည်။

မီးခိုးငွေ့များသည် ဝူတာကုန်း၏အခက်ပြသင်္ကေတပင် ဖြစ်တော့သည်။

သူတို့သည် အမြန်ဆုံးခရီးတွင်အောင် မကြိုးစားကြပေ။ ဖြည်းဖြည်းမှန်မှန်သာ သွားကြသည်။

ပတ်ဝန်းကျင်ကို လွန်စွာဂရုစိုက်နေရသဖြင့် စိတ်ထင်တိုင်းလည်း မြန်မြန်မသွားနိုင်ကြပေ။

အချိန်အတော်ကြာကြာသွားပြီးသောအခါ မီးများငြိမ်းသေနေပြီဖြစ်သော မီးပုံတစ်ခုကိုတွေ့ရ၏။

"ဝူတာကုန်း ဒီမှာနားသွားတယ်၊ သူရှေ့ဆက်သွားလိမ့်

မယ်၊ ကျုပ်တို့ကတော့ ဒီကခေတ္တခဏစောင့်ကြမယ်"

သူတို့သည် ဝူတာကုန်းထပ်မံပြသမည့် အချက်ပြသင်္ကေတကိုစောင့်ကြည့်နေကြသည်။ မကြာမီ မီးနိုးများတက်လာသည်ကို တွေ့ရပြန်လေသည်။

"ကိုင်း- ဆက်ကြဦးစို့"

ခရီးသည်များ ခရီးဆက်ကြသည်။

ငါးမိုင်ခန့်ခရီးပေါက်ပြီးနောက် တောတွင်းဇရပ်ပျက်တစ်ခုရှေ့၌စောင့်ကြိုနေသော ဝူတာကုန်းကိုတွေ့လိုက်ရသည်။

ကျန်စန်က-

"ဝူတာကုန်း- အခြေအနေကောင်းရဲ့လား"

"အားလုံးကောင်းပါတယ်၊ ဒီဇရပ်ပျက်ဝန်းကျင်လဲ ကျုပ်ရှာဖွေကြည့်ထားပြီးပါပြီ၊ ဇရပ်ကတော့ပျက်စီးနေပြီပေါ့ဗျာ၊ ဒါပေမယ့် ဟင်းလင်းပြင်မှာထက်စာရင်တော့ ဇရပ်ပျက်ထဲ တည်းခိုရတာ အများကြီးသက်သာပါတယ်"

'ကောင်းတယ်- ကျုပ်တို့ ဒီည ဒီမှာပဲစခန်းချကြမယ်၊ မချင် အလှည့်ကျကင်းစောင့်ကြရမယ်"

လျှံယင်းချုံနှင့်သူ့ရဲကောင်းငါးယောက်သည် တစ်ယောက်လျှင်တစ်နာရီကျကင်းစောင့်ရန် တာဝန်ခွဲဝေကြသည်။

ပထမဆုံးကင်းတာဝန်ကျသူမှာ ရှေ့ပြေးကင်းသမားဝူတာကုန်းဖြစ်သည်။ ကျန်စန်က မင်းသမီးလေးအား အလုံခြုံဆုံးနေရာတွင် နေရာချထားပေးလေသည်။



ထိုနေ့တစ်နေ့လုံး အဆင်ချောနေသဖြင့် အားလုံးစိတ်သက်သာရာရနေကြသည်။

ဤညတွင်-

နိုးနိုးကြားကြားစောင့်ရှောက်ကြလျှင် ဘာပြဿနာမျှ ပေါ်လိမ့်မည်မဟုတ်ဟု အားလုံးယုံကြည်ကြပေသည်။

လျှံယင်းချုံသည် ဇရပ်ပျက်ပတ်လည်ကိုလှည့်လည်ကြည့်ရှုလေသည်။ ဤမျှတောခေါင်ခေါင်အရပ်၌ ဇရပ်တစ်ဆောင် လာရောက်တည်ဆောက်ထားသည့်အကြောင်းရင်းကို သူ မတွေးတတ်ပါချေ။

ဇရပ်ပတ်ဝန်းကျင်၌ သစ်ပင်များရှိသော်လည်း ထိုသစ်ပင်များပေါ်မှ လုပ်ကြံရန်မလွယ်ကူကြောင်း လျှံယင်းချုံ သတိထားမိသည်။

လုပ်ကြံလိုသူများသည် ကင်းသမားများ မသိအောင်ဇရပ်ခေါင်မိုးပေါ်တက်လာနိုင်လျှင်မူ ဇရပ်ထဲမှလူများအိပ်နေစဉ် လုပ်ကြံခံရနိုင်ပေသည်။ လျှံယင်းချုံ အားလုံးကိုအော်ပြောလိုက်သည်။

"အားလုံး စိတ်ချလက်ချအိပ်ကြပါ၊ ညဦးကင်းမှာ ကျုပ်သေသေချာချာစောင့်ရှောက်ထားပါ့မယ်"

မည်သူမျှ ပြန်မဖြေကြပါ။ တစ်နေ့လုံး ပင်ပင်ပန်းပန်း ချီတက်လာခဲ့ကြသဖြင့် အိပ်နေကြပြီဖြစ်ပေသည်။

✿

နံနက်လင်းပေပြီ။

မိုးသောက်အရုဏ်ကျင်းနေပြီဖြစ်သည့်တိုင် တောရိပ် တောင်ရိပ်ကြောင့် အလင်းရောင်ကောင်းစွာ မရသေးပေ။

ကျာပွတ်ကျန်စန်နှင့်လျှံယင်းချုံတို့သည် **အိပ်ရာမှထရင်း** တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကြသည်။

လျှံယင်းချုံက-

"ညက ခင်ဗျားကင်းစောင့်တာ အေးအေးဆေးဆေးပဲ မ ဟုတ်လား၊ ရန်သူ့သဲလွန်စများ တွေ့သေးသလား"

ကျာပွတ်ကျန်စန်က ခေါင်းခါ၏။

"မတွေ့ပါဘူးဗျာ၊ အေးအေးဆေးဆေးပါပဲ၊ ကဲ- နောက်ဆုံး ကင်းသမားဝူတာကုန်း ဘယ်လိုအခြေအနေရှိသလဲ မသိဘူး၊ သွား ကြည့်ကြရအောင်"

လျှံယင်းချုံသည် သူတို့မြင်းများ ချည်နှောင်ထားသည့် နေရာသို့ လှမ်းကြည့်လိုက်သည်။

မြင်းများ နေသားတကျရှိနေသဖြင့် စိတ်အေးသွားသည်၊

ထိုစဉ် ကျာပွတ်ကျန်စန်၏ အလန့်တကြားအော်သံကို အဖွဲ့ ဝင်အားလုံး ကြားလိုက်ကြရသည်။

"ဟာ- ဝူတာကုန်း၊ ဝူတာကုန်း၊ ဝူတာကုန်းသေပြီဟေ့- သေနေပြီ၊ တောက်- ဘယ်လိုကောင်တွေလဲကွာ၊ ခိုးကြောင်ခိုးဝှက် နဲ့ကွာ"

မင်းသမီးလေးအပါအဝင် လူအားလုံး ပြေးလာကြသည်၊



ကင်းသမားဝူတာကုန်းကား မီးဖိုဘေးတွင် သေလျက်ရှိနေ လေပြီ။

**သူ့**နောက်ကျောတွင် အဆိပ်အပ်တစ်ချောင်းစိုက်ဝင်နေ လျက်ရှိသည်။ ရန်သူသည် ဝူတာကုန်းကို နောက်ကျောမှ လုပ်ကြံခဲ့ ဟန်တူသည်။

"ခွေးကောင်တွေ- ရင်ဆိုင်လဲ မတိုက်ရဲဘူး၊ သရဲတစ္ဆေတွေ လို အမှောင်ထဲကခြောက်လှန့်ဖို့ပဲ တတ်တယ်၊ ခွေးကောင်တွေ- ဝက်တွေ- "

ကျာပွတ်ကျန်စန် အကြီးအကျယ်ဒေါသထွက်လျက်ရှိနေ လေသည်။

ကျန်လူများကား မျက်နှာငယ်လေးများဖြင့်ရှိနေကြသည်။ သူတို့သည် ရင်ဆိုင်တိုက်ခိုက်ကြရလျှင် တောင်လောက်ကြီးသည့် ဘီလူးနှင့်ဖြစ်စေ တိုက်ခိုက်ရဲကြသူများဖြစ်သည်။

**အသက်ကိုနှမြောကြသူများလည်း** မဟုတ်ကြပေ။

ယခု သူတို့တွေ့ဆုံနေရသည့်ရန်သူမှာ မှောင်ထဲမှရန်သူ ဖြစ်နေသည်။

**အလင်းထဲမထွက်ဘဲ** ချောင်းမြောင်းလုပ်ကြံနေသဖြင့် သူရဲ ကောင်းအချို့ သွေးပျက်လာကြခြင်းဖြစ်သည်။

ရန်သူသည် မည်သည့်အချိန်မဆို သူတို့အထဲမှ တစ် ယောက်ယောက်ကို အချိန်မရွေးသတ်ဖြတ်နိုင်ကြောင်း သိရှိလာကြ ခြင်းက သူတို့၏ကြောက်စိတ်ကို ပိုကြီးထွားစေလာခြင်းဖြစ်တော့

သည်။ ယခု- သူရဲကောင်းသုံးယောက်တိတိ ကျဆုံးသွားခဲ့လေပြီ။

ပထမကျဆုံးသူမှာ မေဝမ်းဖြစ်သည်။

ဒုတိယကျဆုံးသူမှာ ပုဆိန်လင်းပိုင်းဖြစ်သည်။

တတိယကျဆုံးသူမှာ ယခုသေဆုံးသူ ဝူတာကုန်းပင်ဖြစ်ပေ တော့သည်။

စတုတ္ထကျဆုံးသူ မည်သူဖြစ်မည်နည်း။

ထိုမေးခွန်းကို သူတို့ ထုတ်ဖော်မမေးရဲကြပါ။

မည်သူဖြစ်နိုင်သည်ကိုလည်း သူတို့မသိကြပါ။

စိတ်ထဲကသာ မေးနေကြခြင်းဖြစ်သည်။

နှစ်ရက်အတွင်း သုံးယောက်သေဆုံးရခြင်းမှာ သူတို့၏ အင်အားတစ်ဝက်ကို ဖြိုချပစ်လိုက်ခြင်းသာဖြစ်သည်။

ယခု သူတို့လာခဲ့သည့်ခရီးမှာ ဘာမျှမရှိသေးပါ။ မိုးနဂါး တောင်ကား အဝေးကြီးရှိသေးသည်။

သူတို့သည် ဝူတာကုန်းအား ဇရပ်ဘေးမှာပင်မြေမြှုပ်လိုက် ကြလေသည်။ ကျာပွတ်ကျန်စန်သည် လျှံယင်းချုံနှင့် တိုင်တိုင်ပင်ပင် ဆောင်ရွက်ရတော့သည်။

"ကိုင်း- ကျုပ်တို့ ဘယ်လိုခရီးဆက်ကြတော့မလဲ"

လျှံယင်းချုံသည် အဝေးသို့ငေးမောနေရာမှ-

"အားလုံးစုပြီးခရီးဆက်ကြရမှာပေါ့၊ ဒီထဲကခွဲပြီး ရှေ့ပြေး ကင်းလွှတ်လို့ မဖြစ်တော့ဘူး၊ အဲဒီရှေ့ပြေးကင်းဆိုတာကလဲ သူတို့ မသတ်ချင်လို့လွှတ်နေတာပါ၊ ကျုပ်စိတ်ထင်တော့ ဒီကောင်တွေဟာ



ကျုပ်တို့ စိတ်ချောက်ချားအောင် လုပ်နေတာပဲထင်တယ်"

ကျာပွတ်ကျန်စန်က လက်ခံ၏။

"ခင်ဗျားပြောတဲ့အတိုင်း ခရီးဆက်ကြတာပေါ့၊ ဒါထက် ကျုပ်တစ်ခုလောက် မေးစမ်းပါရစေဗျာ၊ ကျုပ်တို့ကို အခုလို လိုက် သတ်နေတဲ့လူတွေဟာ ဘယ်သူတွေများဖြစ်မလဲဗျာ၊ မင်းသမီးက လေးကတော့ သိမှာသေချာတယ်၊ သူ့ကို မမေးချင်လို့ ခင်ဗျားကိုပဲ မေးရတာပါ"

လျှံယင်းချုံက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လဲ တိတိကျကျတော့ မသိပါဘူးဗျာ၊ ဒါပေမယ့် တစ် ခုသေချာတာတော့ရှိတယ်ဗျ၊ အခု ကျုပ်တို့ကို လိုက်သတ်နေတာ မန်ချူးတွေမဟုတ်ဘူးဆိုတာတော့ သေချာသဗျ"

ကျာပွတ်ကျန်စန်က အားလုံးကိုဆော်ဩလိုက်လေသည်။

"ကိုင်း- အားလုံးခရီးဆက်ကြမယ်"

သူရဲကောင်းများ တုန်လှုပ်လာကြသော်လည်း မင်းသမီး ကလေးကား လုံးဝတုန်လှုပ်ပုံမရချေ။

သူ့မျက်နှာ၌အုပ်ထားသောပဝါကိုလည်း တစ်ခါမျှ လှစ်ဟ မပြချေ။

လျှံယင်းချုံသည် မင်းသမီးကလေး၏ရဲရင့်သော စိတ်ဓာတ် ကို လိုက်လှဲစွာဒီးကျူးမိလေသည်။

ဤသို့ဖြင့် မိုးနဂါးတောင်ခရီးသည်တစ်စုသည် ထပ်မံထွက် ခွါလာရပြန်တော့သည်။

ခရီးထွက်လာပြီး နာရီဝက်ခန့်ကြာသောအခါ ကျာပွတ်ကျန်စန်က လျှံယင်းချုံအနီးသို့ကပ်လာပြီး တီးတိုးပြောလိုက်လေသည်။

"ကျုပ်တို့ထွက်လာပြီး ဇရပ်ကိုမမြင်ရလောက်တဲ့အချိန်မှာ အဲဒီဇရပ်ပေါ်က အလံတစ်ခုတွေ့လိုက်ရသလိုလိုရှိခဲ့တယ်ဗျ၊ ကျုပ်က သိပ်အမြင်သန်တော့ အဲဒီလှုပ်ရှားမှုကလေးကို ရိပ်ခနဲတွေ့လိုက်ရတာပါ၊ ကျုပ်ပြန်လှည့်မကြည့်မိတာ မှားများမှားသွားပြီလား မသိဘူး"

လျှံယင်းချုံမှာ ခုန်ထမတတ်ဖြစ်သွားသည်။

"ဖြစ်ရလေဗျာ- ပြန်ကြည့်သင့်တာပေါ့၊ ကျုပ်ကိုပြောရင် ကျုပ်ချက်ချင်းလှည့်သွားတယ်"

"ကျန်ခဲ့တဲ့နေရာရဲ့လှုပ်ရှားမှုဖြစ်နေတော့ ကျုပ်တို့အတွက် အန္တရာယ်မဖြစ်လောက်ဘူးဆိုပြီး ကျုပ်လဲရှေ့ဆက်ထွက်လာမိခဲ့တာပါ"

"မှားတယ်ဗျာ၊ ကိုင်း- ဒီလိုလုပ်ပါ၊ မင်းသမီးလေးနဲ့ခင်ဗျားတို့ ရှေ့ဆက်သွားပါ၊ ခရီးစဉ်ကိုလဲ ကျုပ်သိနေတာပဲ၊ နောက်မှ ကျုပ်လိုက်လာခဲ့မယ်"

"ခင်ဗျား သတိထားဦးနော်"

**"စိတ်ချပါ၊** ဒီကိစ္စကလွယ်ပါတယ်ဗျာ၊ အဲဒီမှာစခန်းချနေတဲ့လူတွေ**အနေနဲ့** ကျုပ်တို့လှည့်လာပြီးစုံစမ်းလိမ့်မယ်လို့ လုံးဝထင်ထားကြမှာမဟုတ်ဘူး၊ တစ်ခါတစ်ရံလဲ ကျုပ်တို့က သူတို့ကို အငိုက်မိဦးမှဗျ"



ကျာပွတ်ကျန်စန်သည် သူတို့၏**ခရီးစဉ်ကို** တစ်ထောက်နားလိုက်သည်။ မင်းသမီးကလေးကို**တင်ပြတိုင်ပင်**ရာ မင်းသမီးကလေးကခေါင်းညိတ်သဖြင့် လျှံယင်းချုံ ပြန်လှည့်စုံစမ်းရန်ကိစ္စမှာ အတည်ဖြစ်သွားလေသည်။

သူတို့ခရီးစဉ်၌ ပထမဆုံးသောပြောင်းလဲချက်မှာ မြင်းရထားမှမြင်းများကို ဖြုတ်ပြီး မင်းသမီးလေးကို မြင်းတစ်စီးအပေါ်တင်ပေးရခြင်းဖြစ်သည်။

မင်းသမီးကလေး မြင်းရထားစီးနေလျှင် မြင်းလှည်းမောင်းသမားတစ်ယောက်လိုနေပေမည်။

လျှံယင်းချုံ၏အကူအညီကို သူရဲကောင်းအဖွဲ့ လိုလိုလားလားရှိနေပြီဖြစ်၍ လျှံယင်းချုံအနေဖြင့် မြင်းထိန်းလုပ်ပြီးမြင်းလှည်းဆက်မမောင်းနိုင်တော့ပေ။

မြင်းလှည်းမှဖြုတ်လိုက်သည့် အပိုမြင်းများကို သူတို့ဆက်သယ်သွားကြပေမည်။

လျှံယင်းချုံသည် မြင်းကိုမယူဘဲ **ကိုယ်ဖော့ပညာ**သုံးကာ နောက်ကြောင်းပြန်ပြေးသည်။

အကြောင်းမှာ မြင်းနှင့်ဆိုပါက ရန်သူများရိပ်မိသွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပေသည်။

✿

ဇရပ်ပျက်ခေါင်မိုးပေါ်၌ အလံကလေး တလူလူလွင့်လျက်ရှိနေသည်။

ကျောပွတ်ကျန်စစ်၏အမြင်သန်မှုကို လျှံယင်းချုံချီးကျူးမိလေသည်။ သူကိုယ်တိုင် နောက်ဘက်သို့လှည့်ကြည့်မိခဲ့သော်လည်း ထိုအလံလေးကို မမြင်မိခဲ့ချေ။

သို့သော် ထိုသို့အလံလွှင့်တင်လိုက်မှုကို လျှံယင်းချုံ နားမလည်ပေ။ ရန်သူများသည် ခရီးစဉ်တစ်လျှောက်လုံး လျှို့ဝှက်လုပ်ကြံခဲ့ကြသည်။

ယခု အဘယ်ကြောင့် ထင်ထင်ပေါ်ပေါ်လုပ်ရသနည်း။

သူသည် ဇရပ်ပျက်အနီးသို့ တဖြည်းဖြည်းတိုးကပ်သွားလေသည်။

ဆူညံသောအသံများကြားရသဖြင့် အံ့ဩသွားသည်။

သူသည် ချုံပုတ်များအကြားမှတိုးဝင်ရင်း အသံကြားရာသို့ချဉ်းကပ်၏။

မကြာမီ အဖြစ်မှန်ကိုတွေ့ရတော့သည်။

ဇရပ်လေ့ကားရင်း၌ လူဆယ့်ငါးယောက်ခန့်ရှိသည်။

ထိုင်သူထိုင် လဲလျောင်းသူလဲလျောင်းလျက်ရှိနေကြသည်။

မနီးမဝေးသစ်ပင်များ၌ မြင်းများကိုလည်း ချည်နှောင်ထားသည်ကိုတွေ့ရသည်။

အားလုံး အနက်ရောင်ဝတ်စုံများဝတ်ဆင်ထားကြသည်။ ထိုသူများကား တောပုန်းဓားပြများသာတည်း။



လျှံယင်းချုံသည် သက်ပြင်းချလိုက်သည်။

ဤတောပုန်းဓားပြများနှင့် အချိန်ကုန်နေ၍မဖြစ်တော့ပေ။ ထို့ကြောင့် တဖြည်းဖြည်းနောက်ပြန်ဆုတ်လာလေသည်။ ထိုစဉ်-

"မလှုပ်နဲ့"

ဓားဦးချွန်တစ်ခုက သူ၏နောက်ကျောသို့ လာထောက်နေကြောင်း လျှံယင်းချုံသိလိုက်သည်။

"ကျုပ်လူကောင်းပါ"

လျှံယင်းချုံက အေးဆေးတည်ငြိမ်စွာပြောသည်။

"ခင်ဗျား ဘာဖြစ်လို့လာချောင်းနေရတာလဲ"

လျှံယင်းချုံသည် အခြေအနေအနေကိုအကဲခတ်လိုက်၏။ ဤလူများနှင့်အတိုက်အခံဖြစ်ပြီး ကြာနေလျှင် မင်းသမီးကလေးတို့အဖွဲ့၌ အင်အားလျော့နေတော့မည်။

"ဒီဇရပ်မှာ ကျုပ်တို့စခန်းချခဲ့တာပါ၊ ကျုပ်တို့ထဲက လူတစ်ယောက် ချောင်းမြောင်းလုပ်ကြံခံခဲ့ရပါတယ်၊ ကျုပ်တို့ထွက်သွားပြီးမှ ဒီဇရပ်ပေါ်မှာအလံတလူလူတွေ့လိုက်ရတယ်၊ ဒါနဲ့ ကျုပ်တို့ရဲ့ဘက်ကိုသတ်တဲ့လူတွေများ ဖြစ်နေမလားဆိုပြီး လာချောင်းတာပါ၊ အခုမှပဲ ခင်ဗျားတို့ဟာ တခြားတစ်ဖွဲ့ကဖြစ်နေတာ တွေ့ရပါတော့တယ်"

ကင်းသမားသည် တွေဝေသွားသည်။ လျှံယင်းချုံ၏စကားကို ယုံကြည်ရကောင်းနိုးနိုးစဉ်းစားနေသည်။

"ဇရပ်ရှေ့မှာ မီးပုံဟောင်းတစ်ခုရှိပါတယ်၊ ဇရပ်ဘေးမှာ မြေပုံတစ်ခုရှိပါတယ်၊ ကျုပ်ပြောတာ ယုံနိုင်အောင်သက်သေပြရတာပါ"

ကင်းသမားဓားပြက-

"ကောင်းပြီ- ကျုပ်ကတော့ လွတ်လို့မဖြစ်သေးဘူး၊ ကျုပ်တို့ခေါင်းဆောင်ကြီးဆီ အကျိုးအကြောင်းတော့ရှင်းပြရမယ်၊ သူက လွတ်ဆိုရင်တော့ ခင်ဗျားသွားနိုင်ပြီ"

လျှံယင်းချုံစဉ်းစားသည်။ ဓားပြခေါင်းဆောင်နှင့်တွေ့လျှင် သူ့အားစစ်ဆေးဦးမည်။

သူ့အဖို့ အကြောင်းစုံရှင်းပြရဦးမည်။

မျိုးချစ်စိတ်ဓာတ်ရှိသော ဓားပြဖြစ်က အကြောင်းမဟုတ်၊ တောမီးလောင် တောကြောင်လက်ခမောင်းခတ်နေသည့်ဓားပြများဖြစ်နေက သူ့အားမုချပြဿနာလုပ်မည်။

ဖမ်းဆီးပြီး မင်းသမီးနောက်လိုက်ရန် အတွင်းအကြပ်လမ်းပြနိုင်းမည်။

ထို့ကြောင့် လျှံယင်းချုံသည် လျှပ်တစ်ပြက်လှည့်လိုက်ပြီး ဓားပြ၏ဓားကို လက်ဖြင့်ရိုက်ထုတ်လိုက်သည်။

"ထန်း. . ."

"ဟာ- "

ဓားပြမှာ ဓားလွတ်ကျသွားသဖြင့် အံ့အားသင့်သွားသည်၊ လျှံယင်းချုံသည် အချိန်ဆိုင်းမနေတော့ဘဲ ထိုဓားပြအားခတ်ခြေဖြင့် တစ်ချက်ခတ်လိုက်သည်။

"ဝုန်း"

ဓားပြလွင့်စဉ်သွားတော့သည်။

"ဟော့- စင်လု ဘာဖြစ်တာလဲ"

ဓားပြအုပ်စုထဲမှအော်မေးသံ ထွက်ပေါ်လာစဉ်မှာပင် လျှံယင်းချုံသည် တစ်ဟုန်ထိုးလှည့်ပြေးလေတော့သည်။ လျှံယင်းချုံ နောက်သို့လှည့်မကြည့်တော့ပေ။

ကိုယ်ဖော့ပညာသုံးကာ တစ်ဟုန်ထိုး ဆက်ပြေးလေတော့၏။ ဆူဆူညံညံအသံများသည် တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေတော့သည်။

"ကင်းစောင့်သမားကို ငါမသတ်ခဲ့တာ မှန်တယ်၊ ကင်းသမားသာသေရင် ဒီကောင်တွေ ငါ့နောက်ကိုသဲသဲမဲမဲလိုက်မှာသေချာတယ်၊ အခု သူတို့လူ မသေတော့ ငါ့ကို သူတို့အငြိုးထားတော့မှာ မဟုတ်ဘူး"

လျှံယင်းချုံ၏အတွေး မှန်ကန်ပေသည်။

ဓားပြခေါင်းဆောင်သည် သတိရလာသည့်သူ့တပည့်၏ ပြောကြားချက်များကို ခေါင်းတညိတ်ညိတ်နားထောင်ပြီးနောက် ရန်သူနောက်သို့လိုက်ရန်မလိုဟု ဆုံးဖြတ်လိုက်လေသည်။

❁

## အသက်လာခွေ့ သွေးသာကြွေ

မင်းသမီးလေးတို့ ခရီးထွက်ခဲ့သည်မှာ လေးရက်တိတိရှိခဲ့လေပြီ။

ပထမနှစ်ရက်၌ အန္တရာယ်များနှင့်ကြုံတွေ့ခဲ့ရသော်လည်း နောက်ပိုင်းနှစ်ရက်၌မူ မည်သည့်အန္တရာယ်မှမတွေ့ခဲ့ရတော့ချေ။

ထိုအချက်နှင့်ပတ်သက်၍ မင်းသမီးကလေးက ကျာပွတ်ကျန်စန်နှင့်ဆွေးနွေးတိုင်ပင်သည်။

ဒုတိယပိုင်းရက်များ၌ အဘယ့်ကြောင့် အန္တရာယ်များနှင့် မတွေ့ကြုံရပါသနည်း။

ကျာပွတ်ကျန်စန်သည် အတွေးအခေါ် ညံ့ဖျင်းသူ မဟုတ်ချေ။

ဆင်ခြင်တုံတရားရှိသူဖြစ်သည်။

“မင်းသမီးကလေး ကျွန်တော့်အထင်တော့ ခရီးသွားရာမှာ



နှေးကွေးလေးလံတဲ့မြင်းရထားကြီးကို ချန်ပစ်ခဲ့ပြီး မြင်းတွေကို တစ်ကောင်ချင်းစီလဲပြီး မြန်မြန်ခရီးထွက်ခဲ့လို့သာ ဒီလိုအန္တရာယ်တွေနဲ့ မကြုံတာလို့ထင်ပါတယ်-

ရန်သူတွေဟာ ကျွန်တော်တို့ရှေ့ကို ကြိုမရောက်နိုင်တဲ့ အတွက် ကျွန်တော်တို့ အန္တရာယ်မတွေ့တော့တာပါ”

မင်းသမီးလေးက ခေါင်းတညိတ်ညိတ်ဖြင့်လက်ခံသည်။

ဤသို့ဖြင့် ငါးရက်မြောက်လာခဲ့သည်။

ငါးရက်မြောက်သောနေ့လည်ခင်းအထိ-

မည်သည့်အန္တရာယ်မျှ မတွေ့ခဲ့ကြပါ။

ဤသို့ဖြင့် မန်ချူးများသိမ်းပိုက်ထားသောနယ်မြေထဲသို့ ဝင်ရောက်သွားကြလေတော့သည်။

သူတို့သည် အများသူငါ ဖြတ်သန်းသွားလာကြသည့် လမ်းများမှ မသွားကြပေ။

တောလမ်းအတွင်းမှသာ သွားကြသည်။

ရန်သူ့နယ်မြေအတွင်း ရောက်ရှိနေပြီဖြစ်၍ သူတို့သည် ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် အကဲခတ်ကြည့်ရှုရသည်။

ကျာပွတ်ကျန်စန်သည် တပ်ဦးကင်းအဖြစ် ရှေ့ဆုံးမှသွားလေသည်။

သစ်ပင်များနည်းပါးသွားသည့် တောင်တက်လမ်းတစ်ခုသို့ ရောက်လုလုအချိန်၌ ရှေ့ဆုံးမှသွားနေသည့် ကျာပွတ်ကျန်စန်သည် တန့်ခနဲရပ်သွားလေတော့သည်။

မင်းသမီးလေးက ထိုအခြင်းအရာကိုမြင်သည်။

"အားလုံးသတိရှိကြ- ကျားပွတ်ကျန်စန်တို့ခနဲရပ်သွားပြီ၊ သူ တစ်ခုခုတွေ့လို့ဖြစ်လိမ့်မယ်"

အားလုံးရင်ထိတ်သွားကြသည်။

ရှေ့ဆုံးမှသွားနေသော ကျားပွတ်ကျန်စန်ကို လှမ်းကြည့်လိုက်ရာ မင်းသမီးလေးပြောသလို တန့်ရပ်နေကြောင်း တွေ့လိုက်ကြရလေသည်။

သူရဲကောင်းသုံးယောက်သည် မင်းသမီးကလေးကို ဝန်းရံပြီး ကျားပွတ်ကျန်စန်ရှိရာသို့ မြင်းခုန်းစိုင်းစီးသွားကြလေတော့သည်၊

ကျားပွတ်ကျန်စန်က သူ့လူများကိုလှည့်ကြည့်လိုက်ပြီး တစ်ဘက်သို့ ချက်ချင်းပြန်လှည့်သွားသည်။

သူတို့၏မျက်နှာချင်းဆိုင်အရပ်တွင် မျက်နှာဖုံးစွပ်ထားသောလူဆယ်ယောက်သည် မြင်းကိုယ်စီနှင့် ရင်ပေါင်းတန်းရပ်နေကြလေပြီတည်း။

"ဟား- ဟား- ဟား- "

ရှေ့ဆုံးမှခေါင်းဆောင်ဖြစ်သူက တဟားဟား ရယ်မောလိုက်လေသည်။

"မင်းတို့ကို အထင်သေးမိတဲ့အတွက် ငါတို့ နှစ်ရက်နောက်ကျသွားတယ်၊ မင်းတို့က အမြန်ဆုံးခရီးပြင်းနှင်ခဲ့ကြတာကိုး"

ကျားပွတ်ကျန်စန်၏အယူအဆ မှန်ကန်ကြောင်း ခေါင်းဆောင်ဖြစ်ဟန်တူသူ၏စကားက သက်သေပြနေပေသည်။

ကျားပွတ်ကျန်စန်သည် ရှေ့မှမားမားမတ်မတ် ကာကွယ်ရင်း ရန်သူခေါင်းဆောင်အား မေးခွန်းထုတ်လိုက်လေသည်။

"မင်းတို့ ဘယ်သူတွေလဲ"

ရန်သူခေါင်းဆောင်က ရယ်လိုက်ရင်း-

"သေမင်းတွေလေ- မင်းတို့ရဲ့သေမင်းတွေပေါ့"

ကျားပွတ်ကျန်စန် မျက်နှာပျက်သွားသည်။

"ငါတို့ဘယ်သူတွေဆိုတာ မင်းသိရဲ့လား"

"သိတယ်"

"သိရင် မင်းတို့ ရာဇဝတ်ပြစ်ဒဏ်ခံသွားရနိုင်တယ်"

"ဟား- ဟား- ဟား- ဒါဟာ မန်ချူးတွေရဲ့ပိုင်နက်နယ်မြေဖြစ်နေပြီ၊ သတိကောင်းကောင်းထားမှပေါ့"

"မင်းတို့ကို ငါတို့မသိဘူး၊ ဘာရန်ငြိုးမှလဲမရှိဘူးလို့ ထင်တယ်၊ ဒါကြောင့် မန်ချူးနယ်ထဲဖြစ်ဖြစ် တရုတ်နယ်ထဲဖြစ်ဖြစ် မင်းတို့နဲ့ ရန်ဖြစ်စရာမလိုဘူးလို့ယူဆတယ်"

"ရန်ငြိုးမရှိတာတော့မှန်တယ်"

ရန်သူခေါင်းဆောင်က ဝန်ခံ၏။

ကျားပွတ်ကျန်စန်က-

"ဒါဖြင့် လမ်းဖွင့်လိုက်ပါ"

ရန်သူခေါင်းဆောင်က ခေါင်းခါ၏။

"ငါတို့ လမ်း မဖွင့်နိုင်တော့ဘူး၊ ငွေယူပြီးမှတော့ တာဝန်ကျေအောင်လုပ်ကြရတော့မှာပဲ၊ မင်းတို့ ငါတို့ကို ကျော်ဖြတ်သွား

နိုင်ပြီဆိုရင်တော့ ငါတို့ ဘာမှရန်မရှာတော့ပါဘူး၊ မင်းတို့သွားချင်ရာကို လွတ်လွတ်လပ်လပ်သွားနိုင်ပါပြီ"

ကျာပွတ်ကျန်စန် အံကြိတ်လိုက်သည်။

မင်းသမီးကလေးအနီးသို့ နောက်ပြန်လှည့်လာပြီး တီးတိုးမေးလိုက်သည်။

"မင်းသမီးကလေး- မင်းသမီးကလေးရဲ့နာမည်နဲ့ ဩဇာအာဏာကိုသုံးပြီး သူတို့ကိုခြိမ်းခြောက်ကြည့်ရမလား"

မင်းသမီးကလေးက တီးတိုးပြန်ပြောသည်။

"မခြိမ်းခြောက်နဲ့တော့၊ သူတို့အားလုံး သိပြီးနေပုံရတယ်၊ တိုက်ရုံပဲရှိတော့တယ်၊ ကဲ- ရှင်ခဏဘေးဖယ်၊ ကျွန်မမေးဦးမယ်"

"မင်းသမီးလေး- ဒီကပဲလှမ်းမေးပါ"

မင်းသမီးလေးက ခေါင်းညိတ်ပြပြီး အော်ဟစ်မေးလိုက်လေသည်။

"ကျွန်မတစ်ခုသိချင်တယ်၊ ရှင်တို့ဖြေမလား"

ရန်သူခေါင်းဆောင်က-

""မေးပါ- ဖြေနိုင်ရင်ဖြေပါ့မယ်"

"ရှင်တို့ကို ဘယ်သူခိုင်းတာလဲ"

"ဒါတော့ မပြောနိုင်ပါဘူး၊ ကျုပ်တို့က ကြေးစားတွေဖြစ်တဲ့အတွက် အလုပ်ရှင်အပေါ် သစ္စာရှိရပါ့မယ်"

"အင်း- ဒါဆိုလဲ ဘာတတ်နိုင်တော့မှာလဲ၊ တိုက်ခိုက်ရုံရှိတော့တာပေါ့"



ရန်သူခေါင်းဆောင်က ခေါင်းညိတ်ပြပြီးဒိုးကျူး၏။

"မင်းသမီးကလေးဟာ တကယ်ပဲ ရဲရင့်ပါပေတယ်"

မင်းသမီးကလေးက ကျာပွတ်ကျန်စန်ကို အမိန့်ပေးလိုက်လေသည်။

"ကဲ- တိုက်ပေတော့၊ ကျွန်မတို့အဖို့ သေဖို့ရှင်ဖို့ နှစ်လမ်းပဲရှိတော့တယ်"

"ရှမ်း"

ဓားများကို တစ်ပြိုင်နက်ဆွဲထုတ်လိုက်ကြသဖြင့် ဓားထုတ်သံသည် ကျယ်လောင်စွာထွက်ပေါ်လာသည်။

"ဗိုး- ဗိုး- ဗိုး- ရှမ်း"

ကျာပွတ်ကျန်စန်ကလည်း သူ့ကျာပွတ်ကိုထုတ်လိုက်၏။

ရန်သူခေါင်းဆောင်က အချက်ပြလိုက်သည့်အခါ မျက်နှာဖုံးစွပ်ငါးယောက်တို့သည် သူတို့၏ဓားများကိုဝှေ့ယမ်းပြီး မြင်းများဖြင့် တစ်ရှိန်ထိုးဝင်လာလေတော့သည်။

မင်းသမီးလေးက သူ့မအနီး၌ဝန်းရံစောင့်ရှောက်နေသူများကို အမိန့်ပေးလိုက်သည်။

"ကျွန်မ အသက်အတွက် စိုးရိမ်မနေပါနဲ့တော့၊ ရှင်တို့ နိုင်ရင် ကျွန်မအသက်ချမ်းသာရာရမယ်၊ ရှင်တို့ရှုံးရင် ကျွန်မသေမယ်၊ ရှင်တို့နဲ့ကျွန်မဟာ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားတွေ ဖြစ်နေကြပါပြီ၊ ရှေ့မှာငါးယောက်လာနေတယ်၊ ကျာပွတ်ကျန်စန် တစ်ယောက်တည်းဆိုရင် ဘယ်နည်းနဲ့မှနိုင်မှာမဟုတ်ဘူး၊ ရှင်တို့ သုံး

ယောက်စလုံး သွားကူလိုက်ပါ"

ဓားမြှောင်လီချန်စန်း၊ လုံရှည်ဝမ်ထွေးနှင့် လက်**နက်မဲ့သိုင်း** သမားစိန်ကျူးတို့သည် မင်းသမီးကလေးအနီးမှ ထွက်**ခွါသွား၏က** ကျာပွတ်ကျန်စန်နှင့်အတူ ကူညီတိုက်ခိုက်လေတော့**သည်။**

ကျာပွတ်ကျန်စန်၏ကျာပွတ်သည် နတ်သမီး၏လှပ**သော** ပဝါတစ်ပိုင်နှယ် ရိပ်ခနဲ ရိပ်ခနဲထွက်သွားသည်။

ရှေ့ဆုံးမှဓားသမားသည် ကျာပွတ်ကိုဖြတ်ချရန် ဟန်ပြင် လိုက်သော်လည်း ကျာပွတ်ကိုဓားနှင့်မခုတ်ဖြတ်နိုင်ဘဲ သူ့လည်ပင်း၌သာ ကျာပွတ်အပတ်ခံလိုက်ရသည်။

"ရွှမ်း. . ."

ကျာပွတ်ကျန်စန်က သူ့ကျာပွတ်ကို အားနှင့်ဆွဲချလိုက်ရ ထိုဓားသမား၏လည်ပင်း၌ သွေးများရဲခနဲဖြစ်သွားပြီး မြင်းပေါ်မှ ဝုန်းခနဲကျသွားတော့သည်။

ဓားမြှောင်လီ**ချန်စန်းသည်** ဓားရှည်ကိုဆွဲမထုတ်သေးဘဲ သူ့လက်ထဲမှဓားမြှောင်**ငါးလက်ကို** ဆက်တိုက်ပစ်ထုတ်လိုက်သည်။

"ဗိုး- ဗိုး- **ဗိုး - ထန်း** - ထန်း - ထန်း"

"ဗိုး- ထန်း- ဗိုး- **ထန်း**"

"ဗိုး"

"အား"

ရန်သူဓားသမားသည် **ဓားမြှောင်လီချန်စန်း၏** ဓားမြှောင် များကို သူ့ဓားဖြင့် တထန်းထန်းရိုက်ထုတ်**ပစ်သည်။**



ဓားများသည် လွင့်ထွက်ကုန်သည်။

သို့သော် နောက်ဆုံး**ဓားမြှောင်**ကလေးတစ်ချောင်းကိုမူ ရိုက်မထုတ်**နိုင်သဖြင့် ထိုဓားမြှောင်သည်** သူ့ရင်ဝသို့ထိုးစိုက်သွား လေ**သည်။**

**ထိုအချိန်**မှာပင် ကျာပွတ်ကျန်စန်က ရန်သူတစ်ယောက်ကို **ထပ်မံသုတ်သင်**ပစ်လိုက်လေသည်။

သဲကြီးမဲကြီးတိုက်ခိုက်နေသူနှစ်ဦးမှာ လုံရှည်ဝမ်ထွေးနှင့် **လက်နက်မဲ့သိုင်းသမားစိန်ကျူး**တို့ ဖြစ်ကြသည်။

လုံရှည်ဝမ်ထွေးမှာ ဓားနှင့်လုံချင်း တိုက်ခိုက်ရသဖြင့် မ **ထောင်းသာလှသော်လည်း** စိန်ကျူးမှာမူ လက်နက်မဲ့တိုက်ခိုက်နေရ သဖြင့် ခံစစ်သဘောမျိုးသာဖြစ်နေသည်။

"အား"

လုံရှည်ဝမ်ထွေးသည် သူ့ရန်ဘက်အား လုံဖြင့်ထိုးသွင်း သုတ်သင်လိုက်သည်။

စိန်ကျူးနှင့်သူ့ရန်ဘက်မူ လည့်ပတ်တိုက်ခိုက်နေကြဆဲဖြစ် လေသည်။

ပြိုင်ဘက်ကင်း**ရှင်းသွားပြီ**ဖြစ်သည့် ကျန်သိုင်းသမားများ အနေဖြင့်ဝင်ကူ**နိုင်သော်လည်း** တစ်ဦးချင်းတိုက်ခိုက်နေသည့်တရား သောတိုက်ပွဲ၌ **မည်သူမျှ** ဝင်ရောက်စွက်ဖက်ခြင်းမပြုလိုကြပေ။

ထို့ကြောင့် **စိန်ကျူးနှင့်**သူ့ရန်သူတို့တိုက်ပွဲကို စောင့်ကြည့် ကာသာနေကြသည်။

နောက်ဆုံးတွင် စိန်ကျူးသည် ရန်သူ့ဓားကိုင်ထက်ကို ဖမ်းဆုပ်လိုက်ပြီး ပစ်ပေါက်ချလိုက်ရာ မြင်းပေါ်မှလွင့်စဉ်ကျသွားတော့သည်။

ရန်သူ့ဓားလည်း စိန်ကျူး၏လက်ထဲသို့ ရောက်လာ၏၊ သူသည် မြင်းပေါ်မှလှစ်ခနဲခုန်ချသွားကာ လူလဲထရန် အားယူနေသော ရန်သူ၏ကျောပြင်သို့ ဓားရှည်နှင့် ထိုးချ အနိုင်ယူလိုက်လေတော့သည်။

"အား"

ကျာပွတ်ကျန်စန်တို့အုပ်စုသည် ပထမတစ်ပွဲကိုအောင်မြင်သွားခဲ့ချေပြီ။

ငါးယောက်နှင့်လေးယောက်တိုက်ပွဲတွင် သူတို့အောင်မြင်မှုရလိုက်သဖြင့် အလွန်တရာအားတက်သွားကြသည်။

နောက်ငါးယောက်ကို အနိုင်ရခဲ့လျှင် သူတို့၏အခက်အခဲများ ဤနေရာတွင်ပင် ကုန်ဆုံးသွားပြီဟုမျှော်လင့်ထားရပေသည်၊

ကျာပွတ်ကျန်စန်က ရန်သူခေါင်းဆောင်နှင့် မျက်နှာချင်းပြန်ဆိုင်လိုက်သည်။

"ကိုင်း- ခင်ဗျားအမြင်ပဲ၊ ကျုပ်တို့အောင်နိုင်လိုက်ပြီ၊ ခင်ဗျားတို့လမ်းဖယ်ပေးပေတော့"

ရန်သူခေါင်းဆောင်က ခေါင်းယမ်းလိုက်သည်။

"ဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ ကျုပ်တို့လူတွေ မကုန်မချင်း ခင်ဗျားတို့ကို သွားခွင့်မပေးနိုင်ပါဘူး"



ကျာပွတ်ကျန်စန်တောက်ခေါက်လိုက်သည်။

"ကောင်းပြီ- ခင်ဗျားတို့က ထပ်တိုက်ချင်သေးတယ်ဆိုရင်လဲ တက်ခဲ့ပေတော့၊ နောက်ထပ်အလကား အချိန်ဖြုန်းပြီး စောင့်မနေပါရစေနဲ့တော့"

ရန်သူခေါင်းဆောင်က ကျန်ရှိနေသည့် သူ့လူလေးယောက်ကိုအချက်ပြလိုက်သည်။

ရန်သူလေးယောက် ဆူညံစွာမာန်သွင်းအော်ဟစ်လျက် သူတို့အုပ်စုဆီသို့ ဝက်ခေါင်းထိုးတိုးဝင်လာလေတော့သည်။

မြင်းရစ်စီးကိုစီးထားသူများသည် စီးချင်းထိုးပွဲ စတင်လာတော့သည်။

သည်တစ်ကြိမ်တွင် ဓားမြှောင်လီချန်စန်းကလည်း ဓားရှည်ကိုင်ထားသည်။

လက်နက်မဲ့သိုင်းသမားစိန်ကျူးကလည်း ရန်သူ့ထံမှရရှိထားသည့်ဓားရှည်ကို ကိုင်ဆောင်ထား၏။

"ထန်း- ထန်း- ထန်း"

"ရွှီး- ရွှီ- ရွှီ- ရွှမ်း- ရွှမ်း"

တိတ်ဆိတ်အေးချမ်းငြိမ်သက်သော တောတောင်တစ်ဝိုက်သည် လောဘ၊ ဒေါသ မောဟမကင်းသော လူသားတို့ကြောင့် ဓားသံ ကျာပွတ်သံများနှင့် ဆူညံသွားတော့သည်။

ထိုမြေပြင်တစ်ဝိုက်၌လည်း သွေးများရဲနေပေပြီ။

သည်တစ်ကြိမ် ရန်သူများကိုလည်း ကျာပွတ်ကျန်စန်တို့

**ဒုပ်စုက** သုတ်သင်လိုက်နိုင်သည်။

အနိုင်ရလိုက်သည်။ **သူတို့သည်လည်း** အတော်ကလေးပင် **လက်ပန်း**ကျသွားလေသည်။

**သို့သော်** ရန်သူများရှင်းလင်းသွားပေပြီ။

ရန်သူခေါင်းဆောင်တစ်ယောက်သာ ကျန်တော့သဖြင့် သူတို့ အတော်စိတ်အေးသွား၏။ ကျာပွတ်ကျန်စန်သည် တတိယ အကြိမ်မြောက် ရန်သူခေါင်းဆောင်နှင့် ရင်ဆိုင်ဆွေးနွေးရပြန်လေသည်။

"မိတ်ဆွေ- ကျုပ်တို့ ဘာမှထပ်ပြောဖို့ မလိုတော့ဘူးထင်ပါတယ်၊ ခင်ဗျား မျက်မြင်ပဲဖြစ်ပါတယ်"

ရန်သူခေါင်းဆောင်က တင်းမာသည့်လေသံဖြင့်ပြော၏၊

"ကျုပ်နဲ့ခင်ဗျားတို့ ဘယ်လိုမိတ်ဆွေဖြစ်နိုင်တော့မှာလဲ၊ ကျုပ်လူကိုးယောက် သေပြီးပြီပဲ"

"ဒါကတော့ ခင်ဗျားစကားအရပြောတာပဲ၊ **ခင်ဗျားနဲ့**ကျုပ်တို့က ရန်သူတွေမှမဟုတ်ဘဲ၊ ငွေလက်ခံပြီး **ခင်ဗျားကတာဝန်**တစ်ခု ဆောင်ရွက်တယ်၊ ခင်ဗျားတာဝန်**မအောင်မြင်ဘူး၊ ခင်ဗျားနဲ့**ကျုပ်တို့ ရန်သူဖြစ်စရာဘာရှိလို့လဲဗျာ"

"ဘယ်သူပြောလဲ၊ **ကျုပ်တာဝန်**မအောင်မြင်ဘူးလို့"

"ဟား- ဟား- ဟား **မိတ်ဆွေက** နောက်ပြောင်တတ်တဲ့ ဝါသနာပါတယ်ထင်ပါရဲ့၊ မိတ်**ဆွေရဲ့နောက်**လိုက်တွေအားလုံး သူ့ရဲ့ တစ္ဆေဖြစ်ကုန်ပါပြီ"



ကျာပွတ်ကျန်စန်က ဆက်ပြောလိုက်သည်။

"လူ့အသက်လူ့သွေးနဲ့ ရင်**ကျန်ခဲ့တဲ့လူ တစ်**ယောက်မှ မရှိတော့ဘူးဗျ"

"ဟား- ဟား- ဟား"

သည်တစ်ကြိမ် အသံနက်ကြီးဖြင့်ရယ်**မောလိုက်**သူမှာ ကျာပွတ်ကျန်စန်မဟုတ်ပါပေ။

ရန်သူခေါင်းဆောင်သာဖြစ်ပါ**သည်။**

ကျာပွတ်ကျန်စန်က-

"ခင်ဗျားပဲပြောခဲ့တယ်မဟုတ်လား၊ ကျုပ်လူတွေ မကုန်မချင်း ခင်ဗျားတို့ကိုသွားခွင့်မပြုနိုင်ဘူးလို့၊ မင်းမှာသစ္စာ လူမှာ ကတိပါ၊ ကိုယ့်စကား ကိုယ်လေးစားပါ၊ ကျုပ်တို့ခင်ဗျားလူတွေအားလုံးကို ရှင်းပြီးပါပြီ၊ လမ်းဖယ်ပေးပါတော့"

"ဟား- ဟား- ဟား- ဘယ်သူလဲ ကိုယ့်**စကားကို**ယ် မလေးစားတာ၊ ကျုပ်လူတွေမှ မကုန်သေးဘဲ၊ **ခင်ဗျားတို့ကို ဘယ်**လိုလုပ် လမ်းဖယ်ပေးနိုင်မှာလဲ"

ကျာပွတ်ကျန်စန်မှာ တစ်ကိုယ်**လုံးအေးစက်**သွားသည်။

**ဤလူသည်** သူ့လူများကို တစ်**နေရာ၌ဝှက်**ထားခဲ့လေပြီလားဟု **တွေးလိုက်သည်။**

**ထိုစဉ် ရန်သူခေါင်းဆောင်**က ငှက်အော်သံသုံးချက်ပြုလိုက်ရာ မျက်**နှာချင်းကြာမြင့်လို့ သမားဆယ်**ယောက်တို့သည် သစ်ပင်များ လီချန်စန်း၊ လုံ့ရှည်ဝမ်ထွေးနှင့်**ဖြောင်းဖြ**င့် မောင်းနှင်ဝင်ရောက်လာ

ကြလေတော့သည်။

ကျာပွတ်ကျန်စန်က အေးစက်စွာပြောလိုက်သည်။

"ဒါတော့ ခင်ဗျားညစ်တာပဲ၊ အစကတည်းက လူနှစ်ဆယ်နဲ့တိုက်ရမယ်ဆိုလဲ ကျုပ်တို့ကတိုက်မှာပါပဲ၊ ခုတော့ ခင်ဗျားတို့က လူသူတော်ကောင်းလိုလို ဖြောင့်မတ်တဲ့လူတွေလိုလိုလုပ်နေသေးတယ်၊ ကိုင်း- ပြောပါဦး၊ ဒီလူဆယ်ယောက်ကို ကျုပ်တို့နိုင်ပြီးရင် နောက်ထပ် ဘယ်နှစ်ဆယ်နဲ့တိုက်ရဦးမှာလဲ"

ရန်သူခေါင်းဆောင်က-

"ဟား- ဟား- ဟား- ခင်ဗျားကသိပ်စိတ်တိုနေတာကိုး၊ ဒီဆယ်ယောက်နဲ့တိုက်လို့ ခင်ဗျားတို့နိုင်ရင်တော့ ကျုပ်မတားတော့ပါဘူး"

ကျာပွတ်ကျန်စန်က အံကြိတ်၍ပြောသည်။

"ကောင်းပြီ- ခင်ဗျားစကားသာတည်ပါစေ"

ရန်သူခေါင်းဆောင်က လက်မြှောက်အချက်ပြလိုက်ရာ မျက်နှာဖုံးစွပ်ဆယ်ယောက်သည် ကျန်စန်တို့အုပ်စုဆီသို့ တစ်ဟုန်ထိုး တိုးဝင်သွားကြလေတော့သည်။

ခုတ်သံ၊ ထစ်သံ၊ အော်သံ၊ ဟစ်သံ၊ မာန်သွင်းသံများဆူညံသွားလေသည်။

တိုက်ပွဲကတော့ တရားမျှတမှုမရှိပေ။

တစ်ဖက်သတ်ကျလှသည်။ ...ဘလိုက်တွေအ...

ဆယ်ယောက်နှင့်လေး...



ကျန်စန်တို့မှာ အသက်လုကာကွယ်နေကြရလေသည်။

"ဟား- ဟား- ဟား- ခုခံကြ ခုခံကြ၊ ဒီဆယ်ယောက်ကို ကျော်နိုင်ရင် မင်းတို့ကို လက်ဖျားနဲ့တောင်မထိဘူးဟေ့"

ရန်သူခေါင်းဆောင်က လှောင်သလိုလို ပြောင်သလိုလိုနှင့် အမခံချက်ပေးနေသေးသည်။

ကျာပွတ်ကျန်စန်ခမျာမှာ ရန်သူခေါင်းဆောင်နှင့် စကားစစ်မထိုးနိုင်တော့ပါ။

သူ့အသက်အတွက် သူ့အုပ်စုအသက်အတွက် မင်းသမီးလေးအတွက် အပြင်းအထန်ခုခံနေရလေတော့သည်။

မင်းသမီးကလေးကား လွန်စွာသတ္တိကောင်းလှသည်။

သူ့ဘက်မှ အင်အားနည်းနေသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ငြားသော်လည်း မြင်းပေါ်မှ မတုန်မလှုပ်ထိုင်ကြည့်နေသည်။

ရန်သူခေါင်းဆောင်သည် မင်းသမီးကလေးကို သတိပြုမိပုံမရချေ။

သူ့အာရုံက တိုက်ပွဲသို့သာရောက်ရှိနေပေသည်။

ကျာပွတ်ကျန်စန်နှင့် အဖွဲ့သားသုံးယောက်၏လက်ချက်ဖြင့် သူ့ပထမလူကိုးယောက်သေဆုံးခဲ့ပြီးပြီဖြစ်၍ နောက်တစ်ပွဲအတွက် အထင်မသေးဝံ့တော့ပေ။

တိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။

အချိန်ကြာမြင့်လာသောအခါ ကျာပွတ်ကျန်စန် ဖေးမြှောင်လီချန်စန်း၊ လုံ့ရှည်ဝမ်ထွေးနှင့်စိန်ကျူးတို့တစ်ကိုယ်လုံးမှာ သွေး

ခြင်းခြင်းနီလာသည်။

ဓါးရာများသည် အသက်အန္တရာယ်ဖြစ်လောက်သည့် ဓါးရာများမဟုတ်၍သာ သူတို့ ဤမျှ အားတင်းခံနိုင်ကြခြင်းဖြစ်ပေသည်။

ကျာပွတ်ကျန်စန်သည် မင်းသမီးကလေး မည်သည့်အခြေအနေရှိနေသည်ကိုပင် ဂရုမစိုက်နိုင်ချေ။

ထိုစဉ် ထူးဆန်းသောအော်သံဟစ်သံကြားလိုက်ရပြီး လူတစ်ယောက်သည် မြင်းများအကြား ခုန်ပေါက်ပြေးဝင်လာသည်ကို ကျန်စန် ရိပ်ခနဲတွေ့လိုက်ရတော့သည်။

"အား. . ."

မြင်းပေါ်မှရန်သူတစ်ယောက်သည် ထိုလူ၏ဓားချက်ဖြင့် ထိုးကျသွားသည်။

"အား. . ."

နောက်တစ်ယောက်-

"အင့်"

နောက်တစ်ယောက်-

ကြောက်မက်ဖွယ်ကောင်းလှသည့် ဓားချက်များကြောင့် လျှပ်တစ်ပြက်တခဏ်အတွင်း ရန်သူသုံးယောက် လွင့်စဉ်သေဆုံးသွားကြသည်။

"လျှံယင်းချို. . ."

"လျှံယင်းချို. . ."



လုံရှည်ဝမ်တွေးက အားရဝမ်းသာစွာအော်လိုက်သည်။

သူတို့သည် သမုဒ္ဒရာ၌ရေနစ်နေစဉ် ကျူရှိုးကလေးတစ်မျှင်ကို အားကိုးအားထားကြီးစွာ ဖက်တွယ်ကြခြင်းသာဖြစ်တော့သည်။

ကျာပွတ်ကျန်စန်သည် တကယ်ပင် အားတက်သွားသည်။

"လျှံယင်းချို- မင်းသမီးကလေးကို ရအောင်ကယ်သွားပါ၊ ဒီလူတွေကိုကျုပ်တို့တားထားမယ်၊ ကျုပ်တို့ရဲ့မအောင်မြင်တဲ့တာဝန်ကို ခင်ဗျားဆက်ထမ်းပေးပါ"

လျှံယင်းချို့က ပြန်အော်သည်။

"ကျုပ်က ခင်ဗျားတို့ကို သေတွင်းထဲမှာပစ်ထားရက်မယ်လို့ ခင်ဗျားထင်နေသလား"

ကျာပွတ်ကျန်စန်က ဟောဟဲလိုက်သံဖြင့် အရေးတကြီးအော်ဟစ်ပြန်သည်။

"ခင်ဗျား မရှုးစမ်းပါနဲ့၊ ကျုပ်တို့အသက်က အရေးမကြီးပါဘူး၊ မင်းသမီးကလေးအသက် တိုင်းပြည်တာဝန်- တာဝန်- တာဝန် ခင်ဗျား မင်းသမီးကလေးကို ဘေးလွတ်ရာခေါ်သွားပါ"

လျှံယင်းချို့နားလည်လိုက်လေပြီ။

မှန်ပေသည်။

ဤသူရဲကောင်းများသည် သူတို့ အသက်ဆုံးရှုံးသွားနိုင်သည်ကိုသိလျက် တိုင်းပြည်တာဝန်ထမ်းဆောင်ရန် ဤခရီးကိုလိုက်ပါခဲ့ကြခြင်းဖြစ်ပေသည်။

သူတို့သည် တိုင်းပြည်တာဝန်ကိုထမ်းဆောင်ရင်း ပျော်ပျော်ကြီးသေကြမည့်သူများသာဖြစ်သည်။

အားလုံးအသက်ရှင်လွတ်မြောက်နိုင်ရန်ဆိုသည်မှာ မလွယ်ကူပါ။

ထိုအချက်ကို ကျာပွတ်ကျန်စန် သဘောပေါက်သကဲ့သို့ လျှံယင်းချုံလည်း သဘောပေါက်နားလည်သွားခဲ့ပေပြီ။

"ကောင်းပြီ- ခင်ဗျားတို့သာ ခုခံထားကြပေတော့"

လျှံယင်းချုံသည် သူ့ရဲဘော်များအား အော်ဟစ်ပြောကြားပြီး မင်းသမီးလေးဆီသို့ထိုးဖောက်သွား၏။

ထို့နောက် မင်းသမီးကလေး၏မြင်းပေါ် ခုန်တက်ကာ ဘေးလွတ်မည်ထင်ရာသို့ မြင်းကိုမောင်းနှင်လေသည်။

ရန်သူခေါင်းဆောင်သည် မင်းသမီးကလေးနှင့်လျှံယင်းချုံတို့ ပြေးထွက်သွားသည်ကိုမြင်သောအခါ ပြေးလိုက်ရန်ကြိုးစားလေ၏။

"ရှမ်း. . ."

"ခင်ဗျား ဘယ်သွားမလို့လဲ"

ကျာပွတ်ကျန်စန်သည် တိုက်ပွဲထဲမှ ရုန်းထွက်ပြီး ရန်သူခေါင်းဆောင်အား ကျာပွတ်ဖြင့်လှမ်းရိုက်လိုက်သည်။

ကျာပွတ်သည် နဂါးတစ်ကောင်၏အမြီးအလား ကွေ့ဝိုက်တွန့်လိမ်ကာ ရန်သူခေါင်းဆောင်၏လည်ပင်းသို့ ဝင်သွားသည်။

"သေတော့မှာပဲ"



ရန်သူခေါင်းဆောင်သည် မြင်းကို တစ်ဘက်ဆွဲလှည့်ကာ ရှောင်လိုက်သည်။

သို့သော် ကျာပွတ်သည် သူ့နောက် ဆက်လိုက်လာသဖြင့် ဓားထုတ်ကာ ကာကွယ်ရလေတော့သည်။

"ရှမ်း. . ."

ကျာပွတ်သည် ဓားကိုင်လက်ကိုရစ်ပတ်ရန် ရောက်ရှိလာပြန်သည်။

ကျာပွတ်ကျန်စန်သည် ထိုလူကို အခဲမကျေဖြစ်နေသည်။

ကတိမတည်သူဟုယူဆထားသဖြင့် ထိုလူနှင့်တိုက်ခိုက်ရန် ယခင်ကပင် စိတ်ထက်သန်နေသူဖြစ်သည်။

ထိုလူ မင်းသမီးလေးနောက်သို့လိုက်ရန် ဟန်ပြင်သည်နှင့် သူ့ရဲဘော်ရဲဘက်သုံးယောက်ကို ရန်သူခုနစ်ယောက်အကြား ထားခဲ့ကာ ထိုလူကိုတိုက်ခိုက်ခြင်းဖြစ်တော့သည်။

ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြလေပြီ။

ရန်သူခေါင်းဆောင်သည် ကျာပွတ်သမားနှင့်တိုက်ခိုက်ရာ၌ အလှမ်းကွာကွာတိုက်ခိုက်ခြင်းထက် အနီးကပ်တိုက်ခိုက်ခြင်းကပိုကောင်းကြောင်း အတွေ့အကြုံများအရ သိရှိပြီးဖြစ်ပေသည်။

ထို့ကြောင့် မင်းသမီးကလေးနှင့်လျှံယင်းချုံနောက်သို့ ပြေးလိုက်ရန်မကြိုးစားတော့ဘဲ ကျာပွတ်ကျန်စန်နှင့်အနီးကပ်တိုက်ခိုက်ရန် လှည့်လာလေတော့သည်။ ကျာပွတ်ကျန်စန်မှာ သွေးသံရဲရဲဖြင့် ကြောက်မက်စဖွယ်ဖြစ်နေပေပြီ။

"ဟား. . . ဟား. . . ဟား. . . ကောင်းတယ်၊ ကျုပ်တို့က သေလူပဲ၊ တစ္ဆေတိုင်းပြည်ကို ခင်ဗျားနဲ့ကျုပ်တို့ အတူတူသွားကြတာပေါ့"

အသေခံတော့မည်ဟုပိုင်းဖြတ်ထားသော ရန်သူများနှင့် တကယ်တိုက်ခိုက်ရသည့်အခါတွင်မှ တကယ်မလွယ်ကြောင်း ရန်သူ ခေါင်းဆောင်သိရလေပြီ။

တစ္ဆေတိုင်းပြည်၌ တသောသောတည်ညံမဖြစ်မီ လူ့တိုင်း ပြည်သစ်တောအတွင်း၌ ဓားသံ၊ ခုတ်သံ၊ အော်ဟစ်သံတို့ တသောသော ဆူညံလျက်ရှိနေလေပြီ။

အသက်သာခြွေ-

သွေးသာကြွေ-

မာန်မြေမလျှော့နှင့်-

တိုင်းပြည်အတွက် **အသက်ပေးသွားသည့်ကဗျာဆရာ** ဇော်သည်တော်တစ်ဦး **ရေးသားခဲ့သည့်**ကဗျာသည် ကျာပွတ်ကျန်စ် လုံရှည်ဝမ်ထွေး၊ **ဓားမြှောင်လီချန်စန်း**နှင့် လက်နက်မဲ့သိုင်းသမား **စိန်ကျူ**တို့၏နှလုံးသား၌ ပုံတင်ထပ်မြည်ဟည်းလျက်ရှိနေလေတော့ သတည်း

✿

မဟာ
၈၇၀၀ မြို့ချစ်သီတို

လျှံယင်းချုံသည် မြင်းကိုမနားတမ်းနှင်လာသည်။ သူ့အနေဖြင့် မနားဝံ့ပါ။ နားလိုက်သည်နှင့် ရန်သူများမီလာမည်ကို သူစိုးရိမ်နေမိသည်။

"အား. . . "

ကံဆိုးမသွားရာမိုးလိုက်လို့ရွာဆိုသကဲ့သို့ သူတို့စီးလာသည့် မြင်းသည် ခြေခေါက်၍လိမ့်ကျသွားသည်။

လျှံယင်းချုံသည် သတိရှိသဖြင့် မင်းသမီးကလေး အကျမနာစေရန်ထိန်းပြီး မြင်းပေါ်မှလှိမ့်ချလိုက်ရလေသည်။

နာကျင်စွာအော်ဟစ်လိုက်သည့် မြင်းဟီသံသည် လျှံယင်းချုံနားထဲသို့ ခါးသီးစွာတိုးဝင်လာသည်။

"ဖြစ်မှဖြစ်ရပလေ- မြင်းခြေကျိုးသွားပြီ၊ ငါတို့ဒီအတိုင်း ဆက်ပြေးရတော့မှာပဲ"

လျှံယင်းချုံသည် စိတ်ထဲမှရေရွတ်ရင်း မင်းသမီးလေးကို
ဆွဲထူပေးလေသည်။

အာဂမင်းသမီးကလေးပေတည်း။

သူမသည် ဖုတ်ဖက်ခါလျက်ထလာသည်။

"မင်းသမီးကလေး ဆက်ပြေးကြစို့၊ မြင်းစီးလို့တော့မရဘူး
သစ်ပင်လျှိုမြောင် အကြိုအကြားပြေးရင်း လွတ်နိုင်ပါတယ်"

သူတို့ပြေးထွက်လာရာ ခရီးတစ်လျှောက်မှာ သစ်ပင်များ
ထူထပ်စွာပေါက်နေသည့် တောင်စွယ်တောင်တန်းတစ်လျှောက်ဖြ
နေပေသည်။

မင်းသမီးကလေး၏အသက်ရှူသံပြင်းနေသည်ကို သိနေ
သော်လည်း လျှံယင်းချုံ အပြေးမလျှော့ပါ။

ရန်သူများနှင့်အတော်ကလေးဝေးမှ နားမည်ဟုဆုံးဖြတ်
ထားသောကြောင့်ဖြစ်ပါသည်။

"ဟာ. . ."

လျှံယင်းချုံတို့ကံဆိုးလိုက်ပုံမှာ စာဖွဲ့၍ကုန်နိုင်တော့မည်
ဟုတ်ပေ။

သူတို့နှင့်မလှမ်းမကမ်း၌ မန်ချူးစစ်သားများကို တွေ့လိုက်
ရသောကြောင့်ဖြစ်သည်။

ထိုအထဲ ဟန်တရုတ်စကားတတ်သူတစ်ဦး၏ အော်ဟစ်
သံသည် လျှံယင်းချုံတို့ဆီပျံ့လွင့်လာလေသည်။

"ဟော- ဟိုမှာ- ဟိုမှာ တရုတ်မင်းသမီးလေးမဟုတ်လား



လိုက်ကြ- လိုက်ကြ"

လျှံယင်းချုံသည် မင်းသမီးကလေးလက်ကိုဆွဲကာ နောက်
ကြောင်းလှည့်ပြေးရပြန်သည်။

လျှံယင်းချုံတွေးလိုက်သည်။

သူတွေ့ခဲ့သည့်မန်ချူးစစ်သားမှာ ငါးယောက်သာဖြစ်၏။

ငါးယောက်ခန့်ကိုတော့ သူ မမှုချေ။

နောက်ထပ်ရောက်လာမည်ကိုသာ စိုးရိမ်သည်။

မင်းသမီးကိုဆွဲပြေးနေခြင်းထက် ထိုငါးယောက်ကို ခုခံ
တိုက်ခိုက်ခြင်းက ပို၍ကောင်းမည်ဟု သူယူဆလိုက်သည်။

"မင်းသမီးလေး ပြေးနှင့်ပါ၊ ကျွန်တော်ခုခံထားလိုက်မယ်။
ဒီငါးယောက်ကိုတော့ ကျွန်တော်နိုင်နိုင်ပါတယ်"

မင်းသမီးလေးသည် မပြေးဘဲရပ်နေသည်။

ရန်သူမန်ချူးစစ်သားများကလည်း တဖြည်းဖြည်းနီးကပ်
လာလျက်ရှိလေပြီ။

"မင်းသမီးလေး ပြေးသာပြေးပါ၊ ဒီရန်သူတွေကို ခုခံပြီးတာ
နဲ့ ကျွန်တော်လိုက်လာခဲ့မှာပါ"

ထိုအခါကျမှ မင်းသမီးလေးပြေးတော့သည်။

လျှံယင်းချုံသည် သူ့နောက်ကျော၌သိုင်းလွယ်ထားသည့်
ဓားကိုဆွဲထုတ်လိုက်ပြီး ကျားရဲတစ်ကောင်က သူ့ရန်သူများကို ဆီး
ကြိုသကဲ့သို့ ဆီးကြိုနေလိုက်လေသည်။

မန်ချူးစစ်သားများသည် တဟေးဟေး တဟားဟား ပြေး

လိုက်လာရာမှ တန့်ခနဲရပ်သွားလေတော့သည်။

သူတို့ခါး၌ချိတ်ဆွဲထားသော ဓားများကိုလည်း တရှမ်းရှမ်း ဆွဲထုတ်တော့သည်။

မန်ချူးများ၏စိတ်ထဲတွင်-

လျှံယင်းချုံကိုသူတို့၏သားကောင်ဟုထင်သည်။

လျှံယင်းချုံ၏စိတ်ထဲတွင်လည်း-

မန်ချူးငါးယောက်ကို သူက အသာကလေးနိုင်နိုင်သည်ဟု ထင်နေသည်။

ဤသို့ဖြင့် ငါးယောက်တစ်ယောက်တိုက်ပွဲကြီး အပြင်းအထန် စတင်ဖြစ်ပွါးလေတော့သည်။

တကယ်တွင် မန်ချူးစစ်သားများသည် ဓားရေးမညံ့ဘဲရှိနေ၏။

ထို့ကြောင့် လျှံယင်းချုံမှာ လွယ်လွယ်နှင့်မနိုင်နိုင်တော့ဘဲ အကြိတ်အနယ်တိုက်ခိုက်နေရတော့သည်။

အများနှင့်တစ်ယောက်တိုက်ပွဲဖြစ်၍ အထိအခိုက်အရှအနများရှိသည်။

လျှံယင်းချုံအနေဖြင့် အပေါ်ယံဒဏ်ရာများ မထိအောင် ရှောင်တိမ်းနိုင်ခြင်းတော့မရှိပေ။

ထိုဒဏ်ရာကလေးများက သူ၏ခုခံနိုင်စွမ်းရည်ကိုတော့ ထိခိုက်အောင် မလုပ်နိုင်ပါချေ။

"အား. . ."



တစ်ကြိမ်တွင် မန်ချူးတစ်ယောက်လဲကျသွားသည်။

လေးယောက်တစ်ယောက်ဖြစ်သဖြင့် သူ အားပိုတက်လာသည်။ ကြာလာသည်နှင့်အမျှ မန်ချူးလေးယောက်သည် လျှံယင်းချုံကို တဖြည်းဖြည်းကြောက်ရွံ့လာကြတော့သည်။

လျှံယင်းချုံသည် မန်ချူးတစ်ယောက်ကို ဒုတိယအကြိမ်မြောက် သတ်ပစ်နိုင်လိုက်ပြန်သည်။

ကျန်ရစ်သောမန်ချူးသုံးယောက် သွေးကြောင်သွားသည်။ ငါးယောက်တစ်ယောက်ပင် မနိုင်ပါက သုံးယောက်တစ်ယောက်အနေဖြင့် မည်သို့မျှမနိုင်ဟုတွေးကာ နောက်ကြောင်းပြန်လှည့်ပြေးကြတော့သည်။

လျှံယင်းချုံမှာ ထိုအခါကျမှ ဟူးခနဲသက်ပြင်းချနိုင်တော့သည်။

"အင်း- တော်ပါသေးရဲ့၊ ဒီကောင်တွေကို သတ်မပစ်နိုင်တာဟာ ငါတို့အတွက် ဂြိုဟ်ဆိုးဝင်တာတော့အမှန်ပဲ၊ နောက်ထပ်မန်ချူးတွေရောက်မလာခင် မင်းသမီးကလေးကို လုံခြုံတဲ့နေရာကို ပို့ထားနိုင်ကောင်းပါရဲ့"

လျှံယင်းချုံသည် မင်းသမီးကလေးပြေးထွက်သွားရာဘက်သို့မှန်းဆ၍ လိုက်ရတော့သည်။

လျှံယင်းချုံ ကြာကြာပြေးမလိုက်ရပါ။

အဘယ်ကြောင့်ဆိုသော် မင်းသမီးကလေးက ဖြည်းညင်းစွာသာ လမ်းလျှောက်သွားနေသောကြောင့်တည်း။

"မင်းသမီးကလေး"

မင်းသမီးကလေးက နောက်လှည့်ကြည့်၏။

"ရှင်. . . ရှင်"

"ကျွန်တော်တို့ ဆက်ပြေးရမယ်၊ မန်ချူးသုံးယောက် လွတ်သွားတယ်၊ သူတို့ နောက်ထပ်မန်ချူးတပ်စိတ်တစ်စိတ်လောက်ခေါ်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး"

မင်းသမီးလေးသည် တစ်ကိုယ်လုံးသွေးသံရဲရဲဖြစ်နေသည့်လျှံယင်းချုံကိုကြည့်ကာ စိတ်ထိခိုက်သွားသည်။

"ရှင်- ဒဏ်ရာတွေအများကြီးရလာတယ်မဟုတ်လား"

လျှံယင်းချုံသည် မင်းသမီးကလေးနှင့် အကြိမ်ပေါင်းများစွာစကားပြောခဲ့ဖူးသူမဟုတ်သောကြောင့် မင်းသမီးကလေး၏အသံကိုကောင်းစွာမကျွမ်းဝင်ခဲ့ချေ။

ယခုပြောနေသည့်အသံကိုမူ သူ ကောင်းစွာသိနေသလိုထင်မှတ်မိသည်။

သို့ရာတွင် မင်းသမီးကလေး၏မျက်နှာ၌ ပဝါနက်လွှမ်းခြုံထားဆဲဖြစ်၍ သူ့အနေဖြင့် ဘာကိုမျှသဲကွဲစွာမဆုံးဖြတ်နိုင်ခဲ့ချေ။

"ဒဏ်ရာကမများပါဘူး၊ အပေါ်ယံရုပ်ထိတဲ့ဒဏ်ရာတွေပါ၊ ကဲ- မင်းသမီးကလေး၊ ရှေ့ကတောင်ဆွယ်ပေါ်ရောက်အောင် တက်ပါ၊ အဲဒီက အောက်ကိုဆီးမြင်နိုင်တဲ့နေရာဖြစ်လို့ အဲဒီမှာ ခဏနားရင်ရပါတယ်"

မင်းသမီးကလေးသည် လျှံယင်းချုံ၏စကားအတိုင်း



တောင်ဆွယ်ပေါ်ရောက်အောင်တက်သည်။ တောင်ဆွယ်ပေါ်ရောက်သောအခါ အောက်မှလေအေးများပင့်တိုက်သည်ကို ခံစားရသဖြင့် နှစ်ယောက်စလုံး အမောပြေသွားကြသည်။

ထိုစဉ် လေကြောင့် မင်းသမီးလေး၏မျက်နှာ၌ ပတ်ထားသည့်ပဝါသည် အနည်းငယ်လွင့်သွားသည်။

**မျက်နှာတော့** ပေါ်မသွားပါ။

**လည်ပင်း၌ဆွဲ**ထားသောဆွဲကြိုးပြားကလေး**ကို လျှံယင်းချုံ** မြင်တွေ့သွားပါသည်။

"ဟင်. . ."

လျှံယင်းချုံ အာမေဋိတ်သံထွက်သွားသည်။

ပြီးမှ. . .

"မင်းသမီးကလေး ဒီဆွဲပြားကလေးကို ဘယ်ကရထားတာလဲဟင်"

မင်းသမီးကလေးက ဘာမျှပြန်မပြောပါ။ သူ့မျက်နှာ၌လွှမ်းခြုံထားသည့်အနက်ရောင်ပဝါကလေးကို ဆွဲဖယ်ပစ်လိုက်၏။

"ဟင်- ချန်းနီ"

လျှံယင်းချုံ အကြီးအကျယ်အံ့ဩသွားလေသည်။

ထိုအာမေဋိတ်စကားမှအပ အခြားဘာစကားမျှ မပြောနိုင်ဘဲ မှင်တက်ငေးမောနေမိတော့သည်။

"ဟုတ်ပါတယ်၊ ကျွန်မချန်းနီပါ"

ချန်းနီက ဒါပဲပြောသည်။

အတန်ကြာမှ လျှံယင်းချိုကအလန့်တကြားပြောလိုက်၏၊

"ဒါဖြင့်- ဒါဖြင့်- မင်း- မင်းသမီး"

ချန်းနီက လေအေးကလေးဖြင့်ပင်ပြောသည်။

"အစ်ကိုက မင်းသမီးလေးဘယ်ရောက်သွားသလဲလို့ မေးမလို့ မဟုတ်လား"

"အေး- မင်းသမီးလေး ဘယ်ရောက်သွားပြီလဲ၊ ဘေးကင်းရန်ကင်းကော ရှိရဲ့လား"

"မင်းသမီးကလေးအတွက် ဘာမှမပူပါနဲ့၊ တခြားလမ်းကသွားပါပြီ"

လျှံယင်းချိုသည် ယခုအဖြစ်အပျက်ကို ဘာမျှနားမလည်နိုင်ဘဲရှိနေသည်။

မင်းသမီးလေးက တခြားလမ်းကသွားသည်။

ချန်းနီကတော့ မင်းသမီးကလေး အယောင်ဆောင်ပြီး သူတို့နှင့်အတူပါလာခဲ့သည်။

"အခြေအနေက လွယ်လွယ်ကလေးနဲ့ ရှုပ်ထွေးနေတာပဲကိုး။ ညီမလေးက ဘာဖြစ်လို့ မင်းသမီးလေးအဖြစ် ဟန်ဆောင်ရတာလဲ"

ချန်းနီကသက်ပြင်းချသည်။

'ညီမ စိတ်မကောင်းပါဘူး၊ အခုဖြစ်ပုံက ပရိယာယ်ပါပဲ၊ ရန်သူတွေက ညီမတို့ကိုစိတ်ဝင်စားအောင် လုပ်လိုက်တာပါ၊ အခုသူတို့က ညီမကိုလာတားတယ်။ ဒီအချိန်မှာ မင်းသမီးလေးဟာ ဘာခရဲ့ကိုယ်ရံတော်လေးယောက်နဲ့ လွတ်မြောက်သွားလောက်ပါပြီ"



လျှံယင်းချိုမှာ မခံချိမခံသာဖြစ်သွားသည်။

ဤမျှအရေး ကြီးသောသတင်းကို သူ မသိခဲ့ရချေတကား။

"ဒါ ဘယ်သူ့အစီအစဉ်လဲ"

"ဘဘကြီးစုဘူးဝုက်အကြံအစည်ပါ"

လျှံယင်းချိုစိတ်ထိခိုက်သွားသည်။

အရေးကြီးသောသတင်းကို သူ့အားအသိမပေးဘဲ **သူ့ရဲ့**ကောင်း ခုနစ်ယောက်နှင့်အတူ သူ့အား နယ်ရုတ်ကလေး**များကဲ့သို့** ပရိယာယ်စစ်ပွဲ၌ ရန်သူ့အစာအဖြစ် သူ့အား ထိုးကျွေးခဲ့ချေသည်တကား။

သူသည် သေမှာကြောက်သူမဟုတ်ပါ။

တိုင်းပြည်အတွက် သူ့အသက်ကိုစွန့်ရန်ဝန်မလေးပါ။ သူ့ကိုအသိပေးသင့်သည်ဟုတော့ သူယူဆပါသည်။

ချန်းနီသည် လျှံယင်းချို စိတ်ထိခိုက်သွားမှန်းရိပ်မိသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့အစ်ကို၊ ဘဘကြီးက အစ်ကို့ကိုအသိမပေးဘူးဆိုတာ အပိုင်းအခြားတစ်ခုတင်ပါ၊ နောက်ပိုင်း မင်းသမီးကလေးနဲ့ဆက်သွယ်ဖို့ကိစ္စအတွက် အစ်ကို့ကိုတာဝန်ပေးထားတာတွေရှိပါသေးတယ်"

လျှံယင်းချိုက ခပ်တိုးတိုးမေးလေသည်။

"ကဲ- ဒီကိစ္စစီစဉ်ပုံ ညီမသိရင်ပြောပြပါလား"

"ဟုတ်ကဲ့- အစ်ကိုဘယ်ကစသိချင်သလဲ"

"သူ့ရဲကောင်းခုနစ်ယောက်ရွေးပွဲအထိ အစ်ကိုသိနေတာပဲ မဟုတ်လား၊ နောက်ပိုင်းကိစ္စကို အစ်ကို ဘာမှမသိပါဘူး"

"ဒီလိုအစ်ကိုရဲ့ ညတစ်ညမှာ အမတ်ကြီးစုဘူးဝှက်က ညီမကို သူ့စာကြည့်ခန်းထဲခေါ်ယူတွေ့ဆုံတယ်၊ သူက ပြောတယ်၊ သမီး... သမီးကို တာဝန်တစ်ခုပေးချင်တယ်၊ အဲဒီတာဝန်ကို အသက်နဲ့လဲပြီး **ဆောင်ရွက်နိုင်**ပါ့မလားလို့မေးပါတယ်၊ ဒီတော့ ဘဘ ဘာတာဝန်**ပေးချင်လို့ပါလဲ**၊ တာဝန်ကိုသိရင် ကျွန်မ ခန့်မှန်းပြီးပြောပြနိုင်ပါ**လိမ့်မယ်လို့ ပြော**လိုက်ပါတယ်"

**ချန်းနီ**သည် ကျေးတောသူသာဖြစ်သည်။

**သို့သော်** စကားအပြောအဆိုကျင်လည်ကြောင်း လျှို့ယင်းချိ သတိပြုမိသည်။

"အဲဒီတော့. . ."

"ဘဘကြီးစုဘူးဝှက်က မန်ချူးတွေရဲ့ရက်စက်ပုံ၊ တရုတ်မိသားစုတွေကိုသတ်ဖြတ်ပုံ၊ မိန်းကလေးတွေကိုအနိုင်ကျင့်ပုံ၊ တစ်ခုပြီးတစ်ခုပြောပြတယ်၊ အခုဆိုရင် မန်ချူးတွေဟာ မြောက်ပိုင်းကိုသာမက တောင်ပိုင်းကိုပါနယ်ချဲ့လာတဲ့အကြောင်း အသေးစိတ် ရှင်းပြပါတယ် ....

နောက်ပြီး- ဘုရင့်သားတော်လေးကို တောင်ပိုင်းအရောက်ခေါ်ယူဖို့ကိစ္စဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာလဲ ရှင်းပြပါတယ်၊ ဒီတော့ ညီမကလဲရှင်းရှင်းပဲပြောပြပါတယ်၊ ညီမမိဘတွေဟာ မန်ချူးတွေရဲ့အသတ်ခံရတဲ့လူတွေမို့ ညီမဟာလဲ မန်ချူးတွေကို



မုန်းတီးတဲ့လူပါလို့.... ဒါကြောင့် ညီမကိုပေးချင်တဲ့တာဝန် ပေးပါလို့ ညီမကပြောလိုက်မိတယ်၊ ဘဘကြီးခိုင်းမယ့်ကိစ္စကို ညီမက ရိပ်မိလိုက်ပြီကိုး ...."

"အဲဒီတော့...." .

"အဲဒီတော့ ဘဘကြီးက ညီမကို မင်းသမီးလေးအဖြစ် ဟန်ဆောင်ပေးဖို့ပြောပါတယ်၊ အဲဒီလိုဟန်ဆောင်ရမယ့်ကိစ္စဟာ အသက်နဲ့ရင်းရမယ့်ကိစ္စဖြစ်တဲ့အတွက် သမီးကိုကြိုတင်မေးမြန်းရတာဖြစ်ပါတယ်လို့ ဘဘကြီး**စုဘူးဝှက်**ကပြောပါတယ်၊ ဘဘကြီးက ရှင်းရှင်းပဲပြောတယ် ....

သူ့ရဲကောင်း**ခုနစ်ယောက်**ကို ညီမနဲ့ထည့်ပေးလိုက်မယ်၊ အဲဒီလိုထည့်ပေးလိုက်တဲ့**အတွက် ရန်သူ**တွေက ညီမတို့နောက်ကို သဲသဲမဲမဲလိုက်မယ်၊ ညီမကို သတ်**ချင်သတ်**မယ်၊ မသတ်ဘဲ ရက်ရက်စက်စက်ညှဉ်းပန်းချင် ညှဉ်းပန်း**မယ်၊ စော်ကား**ချင်စော်ကားမယ်၊ ညီမကို တကယ့်မင်းသမီးလေးလို့ထင်**နေလေလေ** တကယ့်မင်းသမီးကလေး အဖို့ ပန်းတိုင်ကိုလွတ်လွတ်လပ်လပ်သွားနိုင်လေလေလို့ ပြောပါတယ်"

"အင်း- အမတ်ကြီးစုဘူးဝှက်ကတော့ တရုတ်ပြည်ကြီး ပြန်လည်လွတ်လပ်ဖို့ကလွဲပြီး ဘယ်သူ့အတွက်မှစဉ်းစားတာမဟုတ်ဘူးဆိုတာ အစ်ကိုသိပါတယ်ကွယ်"

"ဒီလိုတော့လဲ မဟုတ်ပါဘူးအစ်ကို၊ ဘဘကြီးက ပြောပါတယ်၊ သမီးရဲ့လုံခြုံရေးအဖြစ် လျှို့ယင်းချိုကို မြင်းထိန်းအဖြစ်ထည့်

ပေးလိုက်မယ်တဲ့၊ လျှံယင်းချိုဟာ သမီးရဲ့အသက်အန္တရာယ်ကို အ တတ်နိုင်ဆုံး စောင့်ရှောက်ပေးပါလိမ့်မယ်တဲ့၊ ဘဘကြီးဟာ အားလုံး ကို အကွက်စေ့စေ့စီစဉ်ပေးခဲ့တာပါအစ်ကို"

"ဩော်- "

"နောက်ဆုံးအခြေအနေရောက်ရင်တော့ သမီးအနေနဲ့ အ ဖြစ်အပျက်အားလုံးကို လျှံယင်းချိုကိုပြောပြပါလို့ ပြောပါတယ်၊ တ ကယ်လို့ ညီမရောအစ်ကိုရော အသက်ရှင်ကျန်ရစ်ခဲ့ရင် မင်းသမီး ကလေးကို တွေ့နိုင်မယ့်နေရာကိုသွားကြပါလို့ အမှာစကား ရှိထား ပါတယ်"

"အင်း- အမတ်ကြီးဟာ အားလုံးကို အကွက်စေ့စေ့ဆောင် ရွက်ထားတာပဲကိုး"

လျှံယင်းချို နားလည်သဘောပေါက်သွားလေပြီ။ အမတ် ကြီးစုဘူးဝှက်က သူ့အားအသိမပေးရကောင်းလားဟု စောစောက စိတ်ထိခိုက်ခဲ့သည်။

ယခု စိတ်ထိခိုက်ခြင်းလည်းမရှိတော့ပေ။

"အားလုံးကို အစ်ကိုနားလည်ပါပြီ၊ မင်းသမီးအစစ်ဆိုရင် လဲ အစ်ကိုအသက်နဲ့လဲပြီးကာကွယ်မှာပဲ၊ ချန်းနီကိုလဲ အစ်ကို အ သက်နဲ့လဲပြီး ကာကွယ်မှာပဲ၊ ညီမ ဘာမှမစိုးရိမ်ပါနဲ့"

ချန်းနီ မချိုပြုံးပြုံးလိုက်သည်။

"ညီမတို့ လွတ်နိုင်ပါ့မလား"

"ဘာဖြစ်လို့ မလွတ်နိုင်ရမှာလဲ"



"အစ်ကို"

"ဟင်- "

"တကယ်လို့ ညီမသေသွားခဲ့ရင် အစ်ကိုတစ်ယောက်တည်း မင်းသမီးကလေးရောက်နေနိုင်တဲ့နေရာကို လိုက်သွားပါနော်"

"ဟာ- နမိတ်မရှိ နမာမရှိ အဓိပ္ပါယ်မရှိတာတွေ မပြော စမ်းပါနဲ့"

ချန်းနီက မင်းသမီးကလေးရောက်ရှိနေနိုင်သည့်စခန်း တစ် ခု၏အမည်ကို ပြောပြလိုက်သည်။

လျှံယင်းချိုက-

"ဘာမှပူမနေပါနဲ့ညီမရာ၊ အစ်ကိုတို့ အခုပဲသွားကြတာပေါ့ မဟုတ်ဘူးလား"

ချန်းနီကပြုံးကြည့်ပြီး တောင်ခြေဆင်ခြေလျှောသို့ မေးငေါ့ ပြလေသည်။

"အစ်ကို ဟိုမှာကြည့်စမ်း"

တောင်ခြေသစ်ပင်များခြေရင်း၌ မန်ချူးစစ်သားများသည် အစုလိုက် အစုလိုက်တက်လာနေကြသည်။

သူတို့သည် ချန်းနီ၏သတင်း(မင်းသမီးကလေး၏သတင်း) ကို ကြိုတင်ရရှိထားကြောင်းသေချာနေလေပြီ။

သူတို့သည် ချန်းနီကို မင်းသမီးကလေးအမှတ်ဖြင့်ဖမ်းဆီး ရန် လိုက်လာနေကြလေပြီ။ အမတ်ကြီးစုဘူးဝှက်၏စီမံချက်သည် ကွက်တိဝင်နေလေပြီ။

လျှံယင်းချိုက-

"ကဲ- ညီမ ဒီဘက်ကိုပြေး၊ ဒီကောင်တွေကို အစ်ကိုမှား**ခေါ်သွားမယ်**၊ ဘာပဲဖြစ်ဖြစ် အသက်ရှင်လွတ်မြောက်စေရမယ်"

"ဟင့်အင်း- အစ်ကိုမှားနေပြီ၊ သူတို့လိုချင်တာက မင်းသမီး**ကလေးပါ၊ ညီမ** လူယောင်ပြမှားခေါ်ရင် သူတို့က ညီမနောက်ကို **လိုက်မှာပဲ၊ အဲဒီတော့** အစ်ကို ကောင်းကောင်းလွတ်မြောက်နိုင်တာပေါ့ ....

အစ်ကိုလွတ်မြောက်အောင်ပြေးပါ၊ မင်းသမီးကလေးဆီအရောက်သွားပါ၊ နောက်ပြီး မင်းသမီးလေးကို ဗိုလ်မှူးကြီးကြူးဆီအရောက်ပို့ပေးပါ၊ ဒါမှ တိုင်းပြည်အတွက်တာဝန်ကျေမှာပေါ့"

လျှံယင်းချိုက ခေါင်းခါ၏။

"ဟင့်အင်း- တစ်ယောက်တည်း အလွတ်ရုန်းမပြေးနိုင်ဘူး၊ နှစ်ယောက်စလုံးလွတ်မှ ဖြစ်မယ်၊ သေစရာရှိလဲ နှစ်ယောက်စလုံး သေပစေပေါ့"

ထိုအချိန်၌ မန်ချူးတပ်အချို့သည် သူတို့နှင့်အလွန်နီးကပ်လာနေချေပြီ။

ချန်းနီက-

"အစ်ကို အချိန်မဖြုန်းနဲ့တော့၊ မင်းသမီးကလေးရှိနေမယ့် မြင်းဖြူကျောက်ဆောင်နတ်ကွန်းကို ပြေးပေတော့၊ မင်းသမီးကလေးလဲ အစ်ကို့ကိုစောင့်နေမယ်လို့ ထင်တယ်၊ အမတ်ကြီးစုဘူးဝုက်ကကြိုတင်ပြောထားမှာသေချာတယ်"



လျှံယင်းချိုက လက်မခံချေ။

"ဒါတွေပြောမနေနဲ့- အစ်ကိုတစ်ယောက်ထဲ မသွားဘူး၊ ညီမရော အစ်ကိုရော လွတ်မှဖြစ်မယ်"

"အစ်ကိုမှားပြီ၊ ဒါဆို နှစ်ယောက်စလုံး မန်ချူးတွေလက်နဲ့သေရတော့မှာပဲ"

ချန်းနီသည် ပြောပြောဆိုဆို လှစ်ခနဲထပြေးလေတော့၏။ မမျှော်လင့်ဘဲ ချန်းနီထပြေးသဖြင့် လျှံယင်းချိုဖမ်းဆီးရန် သတိမရလိုက်ပါ။

မန်ချူးတပ်စုများက ချန်းနီကိုတွေ့မြင်သွားခဲ့လေပြီ။

လျှံယင်းချိုလှမ်းကြည့်လိုက်ရာ မန်ချူးစစ်သား အယောက်နှစ်ဆယ်ခန့်ဖြစ်နေ၍ သူ့အနေဖြင့် ထိုအယောက်နှစ်ဆယ်ခန့်ကို မည်သို့မျှ မကာကွယ်နိုင်ကြောင်းသိသည်။

ထိုအယောက်နှစ်ဆယ်နှင့်တိုက်ခိုက်နေစဉ် တောင်ခြေမှလာဆဲလာလတ္တံ့ဖြစ်သော မန်ချူးများက ထပ်ရောက်လာနိုင်ပြီး သူအကျိုးမရှိသေရမည်ကိုနားလည်လိုက်မိသဖြင့် ကျောက်စွန်းတစ်ခု၌ ပုန်းခိုနေရတော့သည်။

ချန်းနီသည် ကျောက်စွန်းကျောက်တောင်များအပေါ်မှ ခုန်လွှားလျက်ပြေးသွားနေသည်ကို သူမြင်တွေ့နေရသည်။

မန်ချူးတစ်သိုက်ကား သားကောင်တွေ့သည့်တောခွေးတစ်သိုက်နှယ် တစ်ဟုန်ထိုးပြေးလိုက်နေကြသည်။

ချန်းနီတွက်ဆထားသည့်အတိုင်းပင် ဖြစ်လာသည်။

မန်ချူးများသည် တရုတ်မင်းသမီးလေး၏သတင်းကို ရရှိထားသည်ဖြစ်ရာ မင်းသမီးလေးနောက်သာ တစ်ဟုန်ထိုးပြေးလိုက်ကြလေတော့သည်။

လျှံယင်းချုံသည် ချန်းနီ၏ ကိုယ်ကျိုးစွန့်နိုင်သည့်သတ္တိကို ရင်ထဲမှ လိုက်လှဲစွာချီးကျူးမိသည်။

သနားလည်း သနားမိသည်။

စင်စစ် သူ့အနေဖြင့် မင်းသမီးလေးထံထွက်ပြေးရမည်ဖြစ်သော်လည်း သူသည် လုံးဝထွက်မပြေးနိုင်ဘဲ ချန်းနီထွက်ပြေးနေပုံကိုသာ မလွှတ်တမ်း စောင့်ကြည့်နေမိလေသည်။

ချန်းနီကား လိပ်ပြာလေးတစ်ကောင်နှယ်ပြေးလွှားနေဆဲ-

ကျောက်စွန်းများ ကျောက်ဆောင်များအပေါ် ခုန်လွှားနေရသဖြင့် သူမ၏ခြေထောက်များလည်း ရှနာထိခိုက်လျက်ရှိနေလေပြီ။

သူမသည် နာကျင်မှုကိုဂရုမစိုက်နိုင်ချေ။ မန်ချူးစစ်သားများကို လျှံယင်းချုံနှင့် ဝေးနိုင်သမျှနေရာသို့ မျှားခေါ်ရန်သာ စိတ်စောနေပေသည်။

ထိုအချိန်၌ တောင်ခြေမှတက်လာသော မန်ချူးတပ်စုများသည် လျှံယင်းချုံအနီးသို့ရောက်ရှိလာကြပြန်သဖြင့် လျှံယင်းချုံမှာ ပုန်းနေရာမှမထွက်နိုင်ဘဲ ရှိနေပြန်သည်။

သူထွက်လိုက်လျှင် မန်ချူးတပ်စုများသည် သူ့နောက်ပြေးလိုက်ကြဦးမည်။

မျက်နှာဖုံးစွပ်တပ်ပြီး ကျာပွတ်ကျန်စန်တို့လူစုကို တိုက်ခိုက်ခဲ့သောကြေးစားများသည် သူတို့၏တာဝန်ကိုတကယ်ကျေပွန်အောင် လုပ်ဆောင်ခဲ့ကြသည်။

သူတို့သတ်နိုင်လျှင်သတ်၊ သူတို့မသတ်နိုင်ပါက မန်ချူးများ လက်ထဲသို့ မင်းသမီးလေးကျရောက်သွားအောင် သတင်းပေးခဲ့ကြပေသည်။

ထို့ကြောင့်-

မန်ချူးတပ်စုများ ပုရွက်ဆိတ်များနှယ် ဤဒေသတဝိုက်၌ ရှုရှတက်နေခြင်းဖြစ်တော့သည်။

လျှံယင်းချုံ၏တစ်ကိုယ်လုံး ဇောချွေးများထွက်လာသည်။

သူလူလုံးထွက်ပြလိုက်လျှင် မန်ချူးအားလုံးသူ့နောက်လိုက်လာနိုင်သလားဟု တွေးလိုက်သည်။

သူ သက်ပြင်းရှည်ကြီးချလိုက်သည်။

မန်ချူးများသည် သာမန်ဟန်တရုတ်တစ်ယောက်ထက် ဟန်တရုတ်မင်းသမီးကလေးကိုသာ ပို၍တန်ဖိုးထားကြပေလိမ့်မည်။

ချန်းနီကား ခုန်ပေါက်ပြေးလွှားနေဆဲ-

ဤမိန်းကလေး၏စိတ်ဓာတ်၊ ဇွဲသတ္တိကား လွန်စွာချီးကျူးဖွယ်ကောင်းလှတော့သည်။

မန်ချူးများသည် တစ်စုတစ်ဝေးကြီး စုလိုက်နေရာမှ တစ်ဝက်ခန့်သည် တောင်ခြေဘက်သို့ဆင်းသွားကြသည်။

လျှံယင်းချုံ လွန်စွာအံ့ဩသွားသည်။

အဘယ့်ကြောင့် ဤသို့ဆင်းပြေးသွားကြသည်ကို ရုတ်တရက် နားမလည်နိုင်ပေ။

သို့သော် မကြာမီပင် နားလည်လာလေသည်။

တောခွေးမန်ချူးတစ်သိုက်သည် ချန်းနီကို ညှပ်ပူးညှပ်ပိတ်ဖမ်းဆီးရန် တောင်ခြေသို့ဆင်းပြေးသွားကြခြင်းသာတည်း။

ချန်းနီပြေးသွားသည့်နေရာမှာ တောင်၏အမြင့်ဆုံးအပိုင်းဖြစ်နေသည်။

ထို့မှ ပို၍မပြေးနိုင်ပေ။

ကျောက်တောင်ထိပ်ရောက်လျှင် တောင်ခြေသို့ မုချဆင်းပြေးရမည်။

ထိုအချက်ကိုမြင်သဖြင့် မန်ချူးတစ်ဝက်သည် တောင်ခြေသို့ ဆင်းပြေးသွားခြင်းသာဖြစ်တော့သည်။

လျှံယင်းချုံသည် သူတို့မန်ချူးများကျော်လွန်သွားသည်နှင့် ကျောက်ဆောင်များနှင့်လည်းကောင်း သစ်ပင်များနှင့်လည်းကောင်း ကွယ်၍ကွယ်၍ လိုက်ပါသွားသည်။

သူမြင်ကွင်းမှ ချန်းနီသည် မြင်တစ်ခါပျောက်တစ်လှည့်ဖြစ်နေသည်။ မန်ချူးများမှာ ချန်းနီကိုဖမ်းရန်သာ စိတ်ဇောသန်နေသဖြင့် သူတို့နောက်မှလိုက်လာသော လျှံယင်းချုံကို လုံးဝလှည့်မကြည့်မိကြပေ။

လျှံယင်းချုံ ခြောင်လိုက်လာလျှင်ပင် သူတို့သိကြလိမ့်မည်မဟုတ်ချေ။



သို့သော် လျှံယင်းချုံသည် ထိုမျှအထိတော့အတင့်မရဲပေ။

ထိုသို့လိုက်ခဲ့၍သာ ချန်းနီပြေးလွှားနေသည်ကို ယခုတိုင်မြင်နေရခြင်းဖြစ်တော့သည်။

ထိုစဉ်-

မန်ချူးများ၏ စူးစူးဝါးဝါးအော်သံကြားလိုက်ရသဖြင့် လျှံယင်းချုံက ရှေ့သို့လှမ်းကြည့်လိုက်မိသည်။

“ဟာ-”

လျှံယင်းချုံထံမှ အာမေဋိတ်သံထွက်သွားမိလေသည်။

ချန်းနီသည် အမြင့်ဆုံးကျောက်ဆောင်ထိပ်သို့ရောက်ရှိသွားခဲ့လေပြီ။

ချန်းနီအနေဖြင့် တောင်ခြေသို့ပြန်လည်ဆင်းပြေးမှသာလျှင် အသက်ရှင်နိုင်ပေသည်။

ကျောက်ဆောင်ထိပ်မှအခြားသို့ မည်သည့်နည်းနှင့်မျှ ဆင်းမပြေးနိုင်တော့ပေ။

ကျောက်ဆောင်တစ်ဘက်ထိပ်မှ ခုန်ချလိုက်လျှင်မူ မန်ချူးများလက်ထဲသို့ မကျရောက်တော့ပေ။

သို့သော်-

အသက်တော့ ဆုံးပေလိမ့်မည်။

ထိုစဉ် မန်ချူးများသည် ချန်းနီအနီးသို့တဖြည်းဖြည်းချဉ်းကပ်သွားကြသည်။

သူတို့သည် ချန်းနီကို အရှင်လိုချင်ကြပုံရသည်။

"ဟာ. . ."

အားလုံး ကြက်သေသေသွားကြလေတော့သည်။

အဘယ့်ကြောင့်ဆိုသော်. . .

ချန်းနီသည် ကျောက်ဆောင်ပေါ်မှ တစ်ဘက်ချောက်ထဲသို့ ခုန်ချသွားလေသောကြောင့်တည်း။

❁

## ခွေးရူးကောင်းစား တစ်မွန်းတည့်

မန်ချူးစစ်သားများသည် ကျောက်တောင်စွန်းသို့တက်၍ ကြည့်ကြသည်။ ထို့နောက် ခေါင်းတယမ်းယမ်းဖြင့်ဆင်းသွားကြလေတော့သည်။

လျှံယင်းချုံသည် ဝမ်းနည်းကြေကွဲနေရာမှ ရုတ်တရက် သတိဝင်လာသည်။

ပြန်လှည့်လာသောစစ်သားများနှင့် သူသာ မျက်နှာချင်းဆိုင်မိလျှင် သူသည်လည်း ချန်းနီနောက်သို့လိုက်ရပေတော့မည်။

သတိဝင်လာသောလျှံယင်းချုံသည် ကျောက်ဆောင်အကြိုအကြားတစ်ခုအတွင်း လှစ်ခနဲဝင်ကပ်လိုက်သည်။

ပြန်လှည့်လာသည့်မန်ချူးစစ်သားများသည် လျှံယင်းချုံ၏ ဘေးမှ နီးကပ်စွာဖြတ်သန်းသွားကြသည်။

သူတို့၏ခြေသံနှုန်းများကိုပင် လျှံယင်းချုံရှူရှိုက်မိလေသည်။

မန်ချူးအားလုံးလိုလို တောင်အောက်သို့ ဆင်းသွားပြီဟု စိတ်ချရသောအခါ လျှံယင်းချုံသည် ကျောက်ဆောင် ကျောက်ချပ် အကြားမှထွက်လာသည်။

ပတ်ဝန်းကျင်ကို အကဲခတ်သည်။

မန်ချူးတို့၏အရိပ်အရောင်ကိုလည်း မတွေ့ရတော့ချေ။

ထိုအခါကျမှ ချန်းနီခုန်ချသွားသည့်ကျောက်ဆောင်ပေါ်သို့ တစ်ဟုန်ထိုးပြေးတက်လေတော့သည်။

ကျောက်ဆောင်အောက်သို့ငုံ့ကြည့်ရာ တဟူးဟူးပင့်တက်လာသည့်လေအေးကို ထိတွေ့ခံစားလိုက်ရသည်။

ချန်းနီကိုကား အရိပ်အရောင်ကလေးမျှမတွေ့ရတော့ပေ။

"ဖြစ်ရလေချန်းနီရယ်- ညီမလေးမှာခဲ့တဲ့အတိုင်း မင်းသမီးလေးဆီ အစ်ကိုဆက်ဆက်သွားပါ့မယ်"

လျှံယင်းချုံသည် တစ်ယောက်တည်းရှိနေသဖြင့် ထိုစကားများကို လွတ်လပ်စွာမြည်တမ်းနေမိသည်။

မျက်ရည်များကျနေမိသည်။

မန်ချူးများလက်၌အညှဉ်းမခံဘဲ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားရှာသူ ချန်းနီကလေးအတွက် သူလွန်စွာပင် စိတ်ထိခိုက်နေမိပါတော့သည်။

လျှံယင်းချုံ ဤသို့ခံစားနေရခိုက် သစ်ပင်တစ်ပင်ပေါ်မှ မန်ချူးတစ်ယောက်သည် သစ်ပင်ကိုဖက်တွယ်လျက် ဖြည်းညင်းစွာ လျှောဆင်းလာသည်။



သူ ခြေသံမကြားအောင်ချွတ်နင်းလျက် တဖြည်းဖြည်း နောက်ဆုတ်သွားသည်။

"ဖြောက်"

ကံဆိုးလေစွတကား။

အသံမကြားစေလိုပါမှ အသံထွက်ပေါ်စေခဲ့ပြီတကား။

လျှံယင်းချုံက ချာခနဲလှည့်ကြည့်လိုက်သည်။

မန်ချူးစစ်သား တစ်ဟုန်ထိုးဆင်းပြေးလေသည်။

လျှံယင်းချုံအနေဖြင့် ဤစစ်သားကို လက်လွှတ်မခံနိုင်ပါ။

ဤမန်ချူးစစ်သားသည် မင်းသမီးအစစ်မသေဘဲ ကြားထဲမှ အယောင်ဆောင်မင်းသမီးသေသွားကြောင်း သိသွားခဲ့လေပြီ။

ဤသတင်းသာ သက်ဆိုင်သူများဆီသို့ ပြန်ရောက်သွားပါက မင်းသမီးအစစ်အတွက် ကြီးမားသော အတားအဆီး အနှောင့်အယှက်များ ဖြစ်ပေါ်လာနိုင်သည်။

မန်ချူးစစ်သားကလည်း အသက်လုပြေးသည်။

လျှံယင်းချုံကလည်း လေအဟုန်ကဲ့သို့လိုက်သည်။

နောက်ဆုံး မန်ချူးစစ်သားမှာ လွတ်အောင်မပြေးနိုင်တော့ချေ။

သူ၏ဓားကိုထုတ်ကာ ပြန်လှန်ခုခံလေတော့သည်။

ဤမန်ချူးသည် လျှံယင်းချုံနှင့် လက်ရည်ချင်းကွာလှသဖြင့် မကြာမီပင် ဝုန်းခနဲလဲကျသွားလေတော့သတည်း။

လျှံယင်းချုံသည် ဓားကိုသိမ်းလိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ပတ်ဝန်းကျင်၌ မည်သည့်မန်ချူးစစ်သားတစ်ယောက်တလေမျှမတွေ့ရသဖြင့် စိတ်အေးသွားပြီး ဓားကိုပြန်သိမ်းလိုက်သည်။

ထို့နောက် မြင်းဖြူကျောက်ဆောင်နတ်ကွန်းဆီသို့ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။

✿

ဧွေ့ရမ်းမင်းသမီးနှင့် ကိုယ်ရံတော်လေးယောက်တို့သည် ကျေးတောသူ ကျေးတောသားများအသွင် ရုပ်ဖျက်လျက် မန်ချူးနယ်ထဲသို့ဝင်ရောက်လာခဲ့ကြလေသည်။

မင်းသမီးကလေးသည် အံ့သြဖွယ်ကောင်းလောက်အောင် အပင်ပန်းခံနိုင်သည်။

ကိုယ်ရံတော်များမှာ အမတ်ကြီးစုဘူးဝှက် လွန်စွာအားထားယုံကြည်သည့်ကိုယ်ရံတော်များဖြစ်ကြ၍ မင်းသမီးကလေးအတွက် လိုအပ်ချက်များကို ဘေးမှလူများမသိစေဘဲ ပြည့်စုံစွာဆောင်ရွက်ပေးနိုင်စွမ်းရှိကြပေသည်။

လမ်းခရီး၌ လယ်သမားယာသမားများနှင့်တွေ့သည့်အခါတိုင်း ကိုယ်ရံတော်လေးယောက်က ဦးဆောင်ဖြေရှင်းကြသည်။



မင်းသမီးလေး၏အဝတ်အစားများက ကျေးတောသူ တစ်ယောက်အသွင်ဖေါ်ဆောင်သော်သည်း အမူအရာနှင့် အသားအရေနုနယ်ချောမွေ့မှုကို ထိုအဝတ်အစားများက ဖုံးဖိခြင်းမပြုနိုင်ပေ။

ထို့ကြောင့် အခြားသူများမရိပ်မိမအောင် ကိုယ်ရံတော်များက ရှေ့ဆောင်ဝင်ကြခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် သူတို့သည် တန့်ယုံမြို့သို့ ဆိုက်ရောက်လာကြလေသည်။

တန့်ယုံမြို့သည် သူတို့အတွက် လွန်စွာအရေးကြီးသောမြို့ဖြစ်လေသည်။

အမတ်ကြီးစုဘူးဝှက်က မင်းသမီးလေး မိုးနဂါးတောင်သို့ ချောချောမောမောရောက်ရှိစေရန်အတွက် လူတစ်ဦးနှင့် ကြိုတင်အချိန်းအချက်ပြုထားသည်။

ထိုလူကား ယခင်က ဟန်တရုတ်စစ်တပ်မှဗိုလ်မှူးလေးတစ်ဦးဖြစ်ပြီး ယခုအခါ၌ မန်ချူးသစ္စာခံကာမန်ချူးဗိုလ်မှူးအဖြစ်တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

သို့သော် ထိုဗိုလ်မှူးကလေးသည် မန်ချူးတို့အောက်၌ အယောင်ဆောင်ခိုဝင်ခြင်းသာဖြစ်သည်ဟု အမတ်ကြီးစုဘူးဝှက်ကသိရှိထားသည်။

မင်းသမီးကလေးနှင့် ကိုယ်ရံတော်လေးယောက်တို့သည် တန့်ယုံမြို့၌ ထိုဗိုလ်မှူးကလေးနှင့်အဆက်အသွယ်ယူရပေမည်။

မင်းသမီးကလေးသည် အစုတ်ချာဆုံးဟု ယူဆရသော

တည်းခိုခန်းတစ်ခု၌ ဝင်ရောက်တည်းခိုသည်။

ကိုယ်ရံတော်တစ်ဦးကို ဗိုလ်မှူးကလေးနှင့်ဆက်သွယ်ရန် စေလွှတ်လိုက်သည်။

"သတိဝိရိယနဲ့သွားနော်- သူက အခု မန်ချူးဗိုလ်မှူးဖြစ်နေတော့ ကိုယ့်အတွက် သတိဆိုတာပိုတယ်မရှိဘူး၊ နောက်ပြီး ဒီနယ်တစ်နယ်လုံး မန်ချူးအလိုတော်ရိတွေနဲ့ပြည့်နေတယ်"

ကိုယ်ရံတော်က မင်းသမီးကလေးကိုဂါရဝပြုလိုက်သည်။

"စိတ်ချပါမင်းသမီးကလေး၊ ကျွန်တော်မျိုး သတိဝိရိယနဲ့ ဆက်သွယ်ပါ့မယ်"

ကိုယ်ရံတော်ထွက်သွားသည်။

နေ့လယ်မွန်းတည့်အချိန်လောက်တွင် ပြန်လည်ရောက်ရှိလာသည်။ မင်းသမီးကလေးက-

"ဗိုလ်မှူးကလေးစီးနဲ့ တွေ့ခဲ့ရဲ့လား"

"တွေ့ခဲ့ပါတယ်မင်းသမီးလေး"

"ဘာပြောသလဲ"

"ဒီတည်းခိုခန်းကပဲ စောင့်ပါတဲ့၊ သူလာဆက်သွယ်ပါ့မယ်လို့ပြောပါတယ်"

"အခြေအနေကောင်းရဲ့လား"

"ကျွန်တော်မျိုး အကဲခတ်ရသလောက်တော့ အေးအေးဆေးဆေးပါပဲ၊ ဒါပေမယ့် အဲဒီဗိုလ်မှူးကလေးအိမ်မှာ မန်ချူးဗိုလ်မှူးနှစ်ယောက်ရောက်ပြီး သောက်စားနေတာတွေ့တယ် ....



မင်းသမီးကလေးအနေနဲ့ ချက်ချင်းအတွေ့မခံဘဲ တစ်နေရာကစောင့်ကြည့်နေရင်ကောင်းမလားလို့ ကျွန်တော်မျိုး စဉ်းစားနေမိတယ်"

မင်းသမီးကလေးသည် အတန်ကြာအောင်ပင် စဉ်းစားနေတော့သည်။

ကိုယ်ရံတော်လေးယောက်တို့သည် မင်းသမီးကလေး စဉ်းစားနေခြင်းကို-

လုံးဝအနှောင့်အယှက်မပေးကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ဆိုင်းနေကြသည်။

အတန်ကြာမှ မင်းသမီးကလေးက. . .

"အဲဒီအကြံကောင်းတယ်၊ ကျွန်မက တည်းခိုရိပ်သာအပြင်ဘက်ကစောင့်ကြည့်နေမယ်"

ကိုယ်ရံတော်က ခေါင်းညိတ်သည်။

"ကျွန်တော်မျိုးတို့လေးယောက်ကတော့ အကြောင်းမဟုတ်ပါဘူး၊ သူအကောက်ကြံရင် ပြန်လှန်ခုခံတိုက်ခိုက်ရမှာပဲ၊ မင်းသမီးကလေးကသာ လွတ်ကင်းရာကစောင့်ကြည့်နေပါ"

"ကောင်းပြီ- ကျွန်မအပြင်ထွက်မယ်"

မင်းသမီးကလေးသည် ချက်ချင်းပင်တည်းခိုရိပ်သာမှထွက်သွားလေသည်။

ထိုတည်းခိုရိပ်သာနှင့် မျက်စောင်းထိုးတွင်တည်ရှိသည့် စားသောက်ဆိုင်တစ်ဆိုင်သို့ ပြောင်းရွှေ့သည်။

ထိုဆိုင်၏ ရှေ့ပြတင်းတံခါးမှနေ၍ ကိုယ်ရံတော်လေးဦးတို့ တည်းခိုရိပ်သာကို စောင့်ဆိုင်းကြည့်ရှုလေ၏။

✿

ညနေစောင်း-

ကိုယ်ရံတော်လေးယောက်တို့သည် ကျေးတောသားများ အဆင်အပြင်နှင့်ပင် တည်းခိုခန်း၌ထိုင်စောင့်နေကြလေသည်။

ကျေးတောသားအဝတ်အစားများနှင့်ဖြစ်သော်လည်း သူတို့ နောက်ကျော၌ဓားကိုယ်စီသိုင်းလွယ်ထားခြင်းက **သာမန်**ကျေးတော သားများနှင့် လုံးဝကွဲပြားခြားနားနေပေ**သည်။**

သူတို့သည် ဧည့်ခန်း၌ **အေးအေးဆေးဆေး**ပင်ထိုင်စောင့် နေကြသည်။

အမှန်တကယ်ပင် သူတို့စိတ်**အေး**နေကြသည်။

မင်းသမီးကလေးသာ **ဤတည်းခိုခန်း၌**ရှိနေလျှင် သူတို့ ဤ သို့ စိတ်အေးနိုင်မည်မဟုတ်**ပါချေ။**

သူတို့သည် အသက်ထက် တာဝန်ကိုဦးစားပေးသူများဖြစ် ၍ မင်းသမီးကလေး ရန်သူ့လက်ပါမည်ကိုသာကြောက်ကြသည်။

သူတို့အသက်သေမည်ကို မကြောက်ကြချေ။

သူတို့စောင့်နေသည့်ဗိုလ်မှူးကလေးစီးသည် ညနေဆည်း ဆာတွင် ရောက်ရှိလာလေသည်။



သို့သော် သူတစ်ယောက်တည်းမဟုတ်ပါ။

မန်ချူးစစ်သားအယောက်နှစ်ဆယ်နှင့် လျှပ်တစ်ပြက်ဆိုသ လို ရောက်ရှိလာခြင်းဖြစ်ပါသည်။

ခြေသံတဖုန်းဖုန်းအသံကြားလိုက်ရကတည်းက အခြေအ **နေမဟန်တော့ကြောင်း** ကိုယ်ရံတော်လေးဦးသိလိုက်ကြသည်။

**မန်ချူးစစ်**သားများသည် တည်းခိုခန်းကို လေးဘက်လေး **တန်မှ ဝန်းရံပိတ်ဆို့**ထားလိုက်ကြလေသည်။

**ကိုယ်ရံ**တော်လေးယောက်သည် ဗိုလ်မှူးကလေးစီးကို လွှန် တွာဒေါသဖြစ်နေကြသည်။

အစိမ်းလိုက်ဝါးစားချင်လောက်အောင် ဒေါသဖြစ်နေကြ လေသည်။

သို့သော် သူတို့သည် သူတို့၏ဒေါသများကို ထိန်းထားကြ လေသည်။

ဗိုလ်မှူးကလေးစီးသည် မန်ချူးစစ်သားလေးယောက်နှင့် အတူ တည်းခိုရိပ်သာတွင်းသို့ဝင်လာကြသည်။

ကိုယ်ရံတော်**လေးယောက်သည်** ထိုင်ရာမှမထကြပါ။

သို့သော် သူတို့**၏ဓားများကိုဆွဲထုတ်ပြီး** ဓားဦးကို ကြမ်းပြင် နှင့်ထောက်ကာ ဗိုလ်မှူးကလေး**စီး**အား မီးတောက်သောမျက်လုံး များဖြင့် ကြည့်နေကြသည်။

"မင်းတို့လက်နက်ချပါ"

ကိုယ်ရံတော်လေးယောက်စလုံး လှုပ်လည်း မလှုပ် စကား

လည်းမပြောကြပေ။

“ငါပြောတာ ကြားတယ်မဟုတ်လား”

ဗိုလ်မှူးကလေးစီးသည် ရှေ့သို့မတိုးဝံ့ပါ။

“ငါပြောတာ ကြားတယ်မဟုတ်လား၊ မင်းတို့ လက်နက်ချကြပါ”

ထိုစကားသံဆုံးသည်နှင့် စည်းဝါးကိုက်ထားသည့်အလားပြိုင်တူဆဲဆိုလိုက်သည့်အသံသည် တည်းခိုရိပ်သာခေါင်မိုး လွင့်သွားစေမတတ် ထွက်ပေါ်လာသည်။

“ခွေးသား- ဝက်မျိုး- သစ္စာဖောက်”

ဗိုလ်မှူးကလေးစီး၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်၊ အတန်ကြာမှ သွေးရောင်ပြန်တက်လာသည်။

“ငါ- ငါက သစ္စာဖောက်မဟုတ်ဘူးကွ၊ သစ္စာစောင့်သိတဲ့လူကွ”

ကိုယ်ရံတော်နံပါတ်တစ်က အေးစက်စွာရယ်မောလိုက်ပြီး တစ်ခွန်းချင်းမေးလိုက်လေသည်။

“မင်း- ဘာသစ္စာရှိတာလဲ၊ မင်းပထွေးတွေအပေါ်မှာ သစ္စာရှိတာလား”

“ဟုတ်တယ်- ငါက ဟန်တရုတ်ဗိုလ်မှူးလေးမဟုတ်တော့ဘူးကွ၊ မန်ချူးဗိုလ်မှူးကြီးဖြစ်နေပြီ၊ ဒီတော့ ငါ့ကိုရာထူးအဆောင်အယောင်တိုးတက်ပေးတဲ့မန်ချူးတွေအပေါ်မှာ သစ္စာရှိမှာပေါ့၊ မင်းသမီးကလေးကိုဖမ်းပေးနိုင်ရင် ငါဟာ တပ်မှူးကြီးဖြစ်တော့မှာ၊ ဟား- ဟား- ဟား- ကဲ- ကြာတယ်၊ မင်းသမီးကလေး ဘယ်မှာလဲ၊ ထုတ်ပေးပေတော့”



ကိုယ်ရံတော်လေးယောက်အနက် ကိုယ်ရံတော်နံပါတ်တစ်သည် ဒေါသအကြီးဆုံးဖြစ်သည်။

“မင်းသမီးကလေးကိုတော့မရဘူးကွ၊ ဟောဒီဓားပဲရမယ်”

ပြောပြောဆိုဆို ခုန်ထပြီး သစ္စာဖောက်ဗိုလ်မှူးကလေးကို တိုက်ခိုက်လေတော့သည်။

ထိုအချိန်မှစ၍ မန်ချူးများကတစ်ဘက်၊ ကိုယ်ရံတော်လေးယောက်ကတစ်ဘက် အပြင်းအထန်တိုက်ခိုက်ကြလေတော့သည်။

အော်သံဟစ်သံ မာန်သွင်းသံနှင့် ပြည့်လျှံနေသည့် တည်းခိုရိပ်သာထဲမှ ရိုးရိုးအရပ်သားများသည် ကြောက်လန့်တကြား ပြေးထွက်သွားကြလေသည်။

အပြင်၌ဝိုင်းရံထားကြသည့် မန်ချူးစစ်သားများသည် အထဲမှတိုက်ခိုက်သံများကြားရသည်နှင့် ပြေးဝင်သွားကြသည်။

ကျဉ်းကျပ်သောအခန်းကလေးများနှင့် ဖွဲ့စည်းထားသည့်အဆောက်အအုံကလေးဖြစ်၍ မန်ချူးများအနေဖြင့် အင်အားများတိုင်း တစ်ဖက်သတ်ဝင်ရောက်မတိုက်ခိုက်နိုင်ကြပေ။

နေရာကျဉ်းနေသည့်အတွက် ကိုယ်ရံတော်တစ်ယောက်ကို နှစ်ဦးထက်ပို၍မတိုက်ခိုက်နိုင်ပေ။

အချိန်ကြာလာသည်နှင့်အမျှ ဒဏ်ရာများရလာကြသည်။

မန်ချူးများကမူ လူလဲ၍တိုက်ခိုက်ကြသည်။

ထို့အတွက် သူတို့သည် လန်းဆန်းစွာတိုက်ခိုက်နိုင်ကြ၏။

ကိုယ်ရံတော်လေးယောကမှာမူ တဖြည်းဖြည်း လက်ပန်းကျလာကြလေသည်။

လေးယောက်စလုံးသွေးချင်းချင်းနီနေသော်လည်း အလျှော့ပေးမည့်အရိပ်အရောင် လုံးဝမရှိပေ။

နောက်ဆုံးသွေးတစ်စက်ကျန်သည်အထိ တိုက်ခိုက်မည့်ပုံစံမျိုးရှိနေသည်။

ထိုရိပ်သာ၏မျက်စောင်းထိုးမှ စောင့်ကြည့်နေသည့် မင်းသမီးကလေးသည် ဗိုလ်မှူးကလေးစီးဆိုသူ သစ္စာဖောက်သွားပြီဖြစ်ကြောင်း ကောင်းစွာရိပ်မိသိရှိလိုက်သည်။

ထို့ကြောင့် မင်းသမီးလေးသည် တည်းခိုဆိုင်ပိုင်ရှင်အားကျသင့်ငွေများပေးချေပြီး ဆိုင်ထဲမှ ခပ်သုတ်သုတ်ထွက်ခဲ့လေတော့သည်။

မှောင်စပျိုးလာချိန်တွင် မန်ချူးဆယ်ယောက်သေဆုံးနေပြီး ကိုယ်ရံတော်လေးယောက်လည်း ဒဏ်ရာများစွာရနေကြလေပြီ။

မန်ချူးများထပ်မံစစ်ကူရောက်လာသည့်အခါတွင်မူ ကိုယ်ရံတော်လေးယောက်တို့ လုံးဝစိတ်လျှော့လိုက်ကြလေသည်။

ပထမခုခံနေစဉ်က သူတို့ထဲမှ တစ်ယောက်ယောက်လောက် ထွက်ပြီး မင်းသမီးလေးအားကူညီနိုင်မည်ဟု ယုံကြည်ထားကြလေသည်။



ယခုမူ ယုံကြည်၍မဖြစ်နိုင်တော့ပေ။

"အား"

ထိုအခိုက်မှာပင် နံပါတ်လေးကိုယ်ရံတော် ကျဆုံးသွားလေသည်။

ကျန်ကိုယ်ရံတော်သုံးယောက်မှာ သူတို့၏ရန်သူများကို ပိုင်နိုင်စွာ မဟန့်တားနိုင်တော့ပေ။

နံပါတ်တစ်ကိုယ်ရံတော်သည်-

သူ့ကိုယ်သူ သေလူဟုသဘောထားပြီး မန်ချူးများကို ထိုးဖောက်ပြီး ဗိုလ်မှူးကလေးစီးအမည်ရှိသည့်သစ္စာဖောက် လောက်ကောင်ထံသို့ အတင်းတိုးဝင်သွားလေသည်။

သူသည် အလွန်တရာဒေါသထွက်နေပြီး အလွန်တရာမာကျောသူလည်းဖြစ်သည်။

သူ့ခန္ဓာကိုယ်၌ ဓားဒဏ်ရာပြောက်မြားစွာရရှိထားသည့်တိုင် သူ့ကိုတားဆီးနေသည့်မန်ချူးသုံးယောက်အား သတ်ဖြတ်ပြီး ဗိုလ်မှူးကလေးစီးထံသို့ ရောက်အောင်သွားနိုင်သည်။

"သစ္စာဖောက် လောက်ကောင်"

နံပါတ်တစ်ကိုယ်ရံတော်၏ဓားချက်များသည် ဒေါသကြောင့် ပို၍အားပါလာသည်။

ဗိုလ်မှူးကလေးစီးမှာ ဓားရေး၌ညံ့သူမဟုတ်သော်လည်း တိုင်းပြည်နှင့်လူမျိုးကို သစ္စာဖောက်ထားသည့်အတွက် လိပ်ပြာမလုံဖြစ်ကာ ဓားရေးမသွက်နိုင်ဘဲဖြစ်နေသည်။

"ဟေ့- ဒီကောင်ကိုကူတိုက်ကြလေ၊ ဘာဖြစ်လို့ ငေးကြည့်နေကြတာလဲ"

ဗိုလ်မှူးကလေးစီးက အပြင်းအထန်ခုခံနေရာမှ သူ့နောက်လိုက်မန်ချူးများကို ကြောက်လန့်တကြားအော်ဟစ်အမိန့်ပေးလိုက်လေသည်။

"ခွေးကောင်- မင်းကိုမျိုးဖြုတ်ပြီးမှ ငါသေမယ်"

နံပါတ်တစ်ကိုယ်ရံတော်သည် ကြောက်မက်ဖွယ်လိလိ ခွန်အားဖြင့် တစ်ရှိန်ထိုးဝင်တိုက်လေသည်။

ဗိုလ်မှူးကလေးစီးမှာ တောင့်မခံနိုင်တော့ဘဲ ဆုတ်ပေးနေရတော့သည်။

"အား. . ."

နံပါတ်သုံးကိုယ်ရံတော်၏အသံနက်ကြီးကြောင့် နံပါတ်တစ် ကိုယ်ရံတော်မှာ ပို၍ပို၍ဒေါသကြီးလာသည်။

ဗိုလ်မှူးကလေးစီးကို ပို၍ပို၍နာကြည်းလာသည်။

ထိုဒေါသကြောင့် ဘေးမှမန်ချူးများကိုပက်ထုတ်ကာ ဗိုလ်မှူးကလေးစီးထံ ဝက်ခေါင်းထိုးတိုးဝင်သွားလေသည်။

သို့သော် အရှိန်ပြင်းစွာ လေထုကိုဖြတ်သန်းလာသည့်လှံတစ်ချောင်းသည် သစ္စာရှိ နံပါတ်တစ်ကိုယ်ရံတော်၏နောက်ကျောသို့ လာစိုက်လေသည်။

မန်ချူးများသည် ဓားဖြင့်ဝင်မရှင်းနိုင်သောအခါ လှံများကိုရှဲပေးလိုက်ပြီး ဗိုလ်မှူးကလေးစီးသို့အာရုံရောက်နေသည့် နံပါတ်တစ်ကိုယ်ရံတော်၏ နောက်ကျောပြင် စက်ကွင်းကို စိတ်အေးလက်အေး ထိုးစိုက်ပစ်ခတ်လိုက်ခြင်းသာ ဖြစ်တော့သည်။



"ဝုန်း"

နံပါတ်တစ်ကိုယ်ရံတော်မှာ လုံးလုံးမအော်နိုင်ရှာဘဲ မှောက်ထိုးလဲကျသေဆုံးသွားရှာလေသည်။

"ဟား. . ဟား. . ဟား. . ဟား"

ဗိုလ်မှူးကလေးစီးမှာ ယခုမှပင် ရယ်မောနိုင်လေတော့၏။

**နောက်ဆုံးကျန်ရစ်ရှာသော** နံပါတ်နှစ်ကိုယ်ရံတော်မှာလည်း **သံမဏိဖြင့်ထုထားသည့်လူမ**ဟုတ်ပါချေ။

**ထို့**ကြောင့် နံပါတ်တစ်ကိုယ်ရံတော်နှင့်မရှေးမနှောင်းပင် **ကျဆုံးသွား**ရှာလေတော့သည်။

တရုတ်ပြည်၏ သစ္စာရှိကိုယ်ရံတော်လေးယောက်ကား တိုင်းပြည်အတွက် အသက်ပေးသွားခဲ့လေပြီ။

ဗိုလ်မှူးကလေးစီးသည် ကိုယ်ရံတော်လေးယောက်အား ရွံမုန်းစွာကြည့်ပြီး-

"ဟေ့-ဒီအလောင်းကောင်တွေ အပြင်ထုတ်ထားလိုက်စမ်း၊ မန်ချူးမင်းရဲ့သစ္စာမခံတဲ့ကောင်တွေလို့ စာတန်းရေးထိုးပြီး သစ်ပင်တွေမှာချိတ်ဆွဲထားလိုက်ကြ"

မန်ချူးစစ်သားများသည် ကိုယ်ရံတော်လေးယောက်၏ အလောင်းများသာမက သူတို့မန်ချူးစစ်သားများ၏အလောင်းများကိုပါ ဆွဲထုတ်သွားကြလေသည်။

ဗိုလ်မှူးကလေးစီးက-

သူ့နောက်၌ရပ်နေသည့် မန်ချူးလေးယောက်အား အမိန့်ပေးလိုက်သည်။

"ဒီတည်းခိုရိပ်သာထဲမှာ ဇွေ့ရမ်းမင်းသမီးကလေးရှိနေတယ်၊ ကြမ်းပြင်တစ်လက်မ မကျန်အောင်ရှာကြ၊ အဲဒီမင်းသမီးကလေးကိုမိဖို့ သိပ်အရေးကြီးတယ်"

သူတို့သည် မင်းသမီးလေးရရှိရန်အတွက် မန်ချူးစစ်သားဆယ့်သုံးယောက်အသေခံ၍ တည်းခိုရိပ်သာကလေးကိုစီးခဲ့ကြခြင်းဖြစ်ပေသည်။

မင်းသမီးကလေးဘက်မှ ကျဆုံးသည့် အရေအတွက်မှာ ကိုယ်ရံတော်လေးယောက်သာ။

ဗိုလ်မှူးကလေးစီးသည် လက်ပိုက်၍စောင့်နေလေသည်၊

မန်ချူးလေးယောက်သည် ပျာယီးပျာယာပြေးလာကြ၏၊

"ဗိုလ်မှူးကြီး- မင်းသမီးမပြောနဲ့၊ မိန်းမနဲ့တူတာတောင် တစ်ယောက်မှမတွေ့ပါဘူး"

ဗိုလ်မှူးကလေးစီးသည် မန်ချူးစစ်တပ်၌ ဗိုလ်မှူးကြီးရာထူးရနေသဖြင့် မန်ချူးများက ထိုသို့ခေါ်ဝေါ်ကြခြင်းဖြစ်ပေသည်။

ဗိုလ်မှူးကလေးစီး ထိတ်လန့်သွားသည်။

ကိုယ်ရံတော်လေးယောက် အသေခံ ခုခံသည်ကိုကြည့်ပြီး ဤတည်းခိုရိပ်သာ၌ မင်းသမီးလေး တကယ်ရှိမည်ဟု စီးယုံကြည်ခဲ့သည်။



"ဘာဖြစ်လို့ မရှိရမှာလဲ"

စီးသည် သူကိုယ်တိုင်ပင် တစ်ခန်းဝင်တစ်ခန်းထွက်ရှာလေတော့သည်။

ရှိရှိသမျှခုံများ၊ ခုတင်များကို မှောက်လှန်ရှာလေ၏။

နောက်ဆုံး ဆိုင်၌မြေအောက်ဥမင်ခန်းများရှိနေလေမည်လားဟုတွေးပြီး ဆိုင်ကြမ်းပြင်ကိုပါမြေလှန်ရှာသည်။

စီး၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

"တောက်. . . ဒီကောင်တွေ ငါ့ကိုတစ်ပတ်ရိုက်တာပဲ"

ဗိုလ်မှူးကလေးစီး စိတ်မကောင်းပါ။

မင်းသမီးကလေးကိုဖမ်းမိပါက သူ့ရာထူး တိုးတက်ရေးမှာ ဖြောင့်တန်းနေသည်။

ယခုမှာမူ မန်ချူးစစ်သား ဆယ့်သုံးယောက်သေဆုံးပြီး မင်းသမီးကလေးကို ဖမ်းမိခြင်းမရှိသဖြင့် သူ့ရာထူးတိုးတက်ရေး၊ လက်ရှိရာထူး၌တည်မြဲရေးပင် ခက်ခဲသွားပြီဖြစ်ကြောင်း တွေးလိုက်မိသောကြောင့်ပင်။

တိုင်းပြည်သစ္စာဖောက်များကောင်းစားခြင်းမှာ တစ်ခဏမျှသာပင်။

ခွေးရူးကောင်းစားတစ်မွန်းတည့်ဟုပင် ဆိုရိုးစကားရှိထားသည်မဟုတ်ပါလား။

✿

## သိုင်းပညာ မသင်လိုသူ

ယုယိစု ....

သူကား- နေလစားသတင်းအတွက် ငွေတစ်သိန်းပေး၍ ဝယ်ယူခဲ့သူပင်တည်း။

သူသည် သစ်တောထဲ တစ်ကိုယ်တည်းလျှောက်လာရာမှ ကြည်အေးသောစမ်းချောင်းကလေးကိုတွေ့သောအခါ ရေချိုးချင်စိတ်ပေါက်လာသည်။

သူ့၌ အဝတ်အစား အပိုမပါပါ။

သို့သော် ဤသစ်တောထဲ၌လည်း အဝတ်အစား အပိုအလိုမလိုပါ။ ထို့ကြောင့်သူသည် သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို ချွတ်ချပြီး စမ်းချောင်းထဲသို့ဝုန်းခနဲခုန်ချလိုက်တော့သည်။

အေးစိမ့်လှသောရေသည် လူတောသူတောထဲ ပေပေရေ ရေလျှောက်သွားနေသူအား လွန်စွာကြည်လင်လန်းဆန်းသွားစေ၏။



သူသည် ကလေးငယ်တစ်ဦးကဲ့သို့ ရေထဲ၌မြူးထူးပျော်ရွှင်နေလေသည်။

“ဒါ ဘယ်သူ့အဝတ်အစားတွေလဲမသိဘူး”

ယုယိစု မျက်လုံးပြူးသွားသည်။

ပြူးရမှာပေါ့။ ကမ်းပေါ်၌ ကလေးငယ်တစ်ဦးက **သူ့အဝတ်**အစားများကို ကောက်ကိုင်ကြည့်နေသည်ကိုး။

ထိုကလေးငယ်ကား ဖားကလေးပင်တည်း။

ဖားကလေးကို သူ တွေ့ခဲ့ဖူးသည်။ နေလစားသတင်းဝယ်သည့်နေ့က အဘိုးအိုတစ်ဦးနှင့်ကလေးငယ်တစ်ဦးဝင်လာသည်ကို သူ ကောင်းစွာမှတ်မိသည်။

ထိုနှစ်ဦးသည် သူ့စားပွဲ၌ ခုံတောင်း၍ထိုင်ခဲ့သည်မဟုတ်ပါလော။

“ဟော့- ဟော့- မလုပ်နဲ့၊ ငါ့အဝတ်အစားတွေကွ”

ဖားကလေးသည် ယုယိစု၏အော်သံကို ကြားသော်လည်း လုံးဝဂရုမစိုက်ပေ။ မကြားချင်ယောင်ဆောင်ကာ အဝတ်အစားများကို ကောက်ယူထွက်သွားတော့သည်။

ပဝါကလေးတစ်ပိုင်းသာ ကျန်ရစ်ခဲ့သည်။

“ဟော့- ဟော့- မလုပ်ပါနဲ့၊ ငါ့အဝတ်အစားတွေပါကွ၊ ပြန်ပေးပါကွ၊ ရှိခိုးပါရဲ့ကွာ”

ယုယိစုသည် ရေထဲမှ ရှိခိုးဦးတင် တောင်းပန်သော်လည်း မရသဖြင့် ကုန်းပေါ် ပြေးတက်လာရသည်။

ပဝါကလေးတစ်ပိုင်းကို အရှက်လုံရုံပတ်ကာ ဖားကလေး နောက်သို့ပြေးလိုက်သွား၏။

ဖားကလေးသည် ခြေသံကြားသည်နှင့် ခပ်သွက်သွက်ပြေးသည်။ ယုယိစု မီလုမီခင်တွင် အရှိန်တိုး၍ပြေးသည်။ သစ်ပင်များကိုပတ်၍ မြွေလိမ်မြွေကောက်ပြေးသည်။

ဖားကလေးပြေးသည့်နေရာတစ်ဝိုက်မှာ စမ်းချောင်းလေး ပတ်ဝန်းကျင်သာဖြစ်သည်။

"ရှိခိုးပါရဲ့ကွာ၊ ငါ့အဝတ်အစားတွေပြန်ပေးပါ"

ဖားကလေးက လုံးဝပြန်မပေးဘဲ တဟားဟားရယ်မောကာ ဆက်ပြေးသည်။

ထိုစဉ် ယုယိစုအတွက် ကယ်တင်ရှင်တစ်ဦးပေါ်လာ၏။

ကယ်တင်ရှင်ကား ရယ်စရာပင်တည်း။

"ဟေ့ကောင်လေး- ဘာလုပ်နေတာလဲ၊ သူ့အဝတ်အစားတွေပြန်ပေးလိုက်စမ်း"

ဖားကလေးသည် ရယ်စရာ၏စကားကိုတော့ နားထောင်သည်။ ယုယိစု၏ အဝတ်အစားများကိုပစ်ချထားကာ ခပ်ဝေးဝေးသို့သွားရပ်နေသည်။

ယုယိစုသည် ချွေးတပြိုက်ပြိုက်ကျပြီးဟောဟဲလိုက်နေ၏။

သူ့အဝတ်အစားများကို အလျင်အမြန်ကောက်ဝတ်သည်။

သူ့မျက်နှာမှာ ရှက်လွန်းသဖြင့်နီရဲနေသည်။ ရယ်စရာသည် ယုယိစု အဝတ်အစားဝတ်နေသည်ကို ခါးထောက်ကြည့်နေပြီး-



"မင်း ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတာသိရဲ့လား"

ယုယိစုက ခေါင်းမော့ကြည့်သည်။

"ဘာဖြစ်လို့လဲဗျာ"

"ဟ- အဲဒါ သိုင်းပညာမတတ်လို့ပေါ့ကွာ"

"ဘာဆိုင်သလဲ"

"ဆိုင်တာပေါ့ကွ၊ သိုင်းပညာရပ်တွေထဲမှာ ကိုယ်ဖော့ပညာကိုရှင်းပြရရင် အများကြီးကျယ်ပြန့်တယ်၊ အတိုဆုံး အရှင်းဆုံး တစ်ချက်ပဲပြောလိုက်မယ်၊ ကိုယ်ဖော့ပညာရပ်ရဲ့အနှစ်သာရ တစ်ချက်ကတော့ ပေါ့ပေါ့ပါးပါးခုန်ပေါက်ပြေးလွှားနိုင်စွမ်းရှိတာပဲ၊ ဥပမာ ဖားကလေးက မင်းကိုအရူးလုပ်ပြေးနေတယ်၊ အခု မင်းမလိုက်နိုင်ဘူး၊ တကယ်လို့ သိုင်းပညာတတ်ထားတယ်ဆိုရင် မင်းအနေနဲ့ ဖားကလေးနောက်ကို ခုလိုဟောဟဲလိုက်နေစရာတောင်မလိုဘူး"

"ဒါကအသေးအဖွဲ့ပါ၊ ကလေးတစ်ယောက်ကို အမီလိုက်ချင်တာလောက်နဲ့ သိုင်းပညာသင်ဖို့မလိုပါဘူးဗျာ၊ ဟို- နေလဓားကိစ္စကိုကြည့်ပါလား ကျုပ်ခေါင်းနဲ့ရင်းပြီး သတင်းဝယ်လိုက်တယ်၊ နေလဓားနောက် သိုင်းသမားတွေလိုက်လိုက်ကြတာ၊ ကျုပ်ကတော့ ခပ်အေးအေးပဲ"

"မင်းနှယ်ကွာ- ဘာဖြစ်လို့ သိုင်းပညာကို ဒီလောက်တောင် မမက်မမောဖြစ်နေရတာလဲ"

"ဘယ်မက်မောမှာလဲဗျ၊ ခင်ဗျားတို့သိုင်းပညာက တစ်ဦးနဲ့တစ်ဦး သတ်နေကြတာပဲ၊ အငြိုးတွေပဲ ထပ်နေတယ်၊ ဒါကြောင့်

မသင်ချင်တာဘဲဗျ"

ရယ်စရာက စိတ်ပျက်စွာခေါင်းယမ်းလိုက်သည်။

"ဒါက အခြေအနေအရဖြစ်တာတွေပါကွာ၊ သိုင်းသမားတိုင်း လူသတ်နေတာမဟုတ်ပါဘူး၊ သိုင်းပညာသင်ရခြင်းရဲ့အဓိကအချက်က ကိုယ့်ကိုယ်ကိုကာကွယ်ဖို့ပဲကွ"

အဘိုးအိုရယ်စရာက သိုင်းပညာဘက်မှကာကွယ်၍ ပြောနေသည်။ ယုယိစုက ခေါင်းခါသည်။

"ထားပါတော့ဗျာ၊ ကဲ- ကျုပ်ကသိုင်းပညာသင်ချင်ပါပြီတဲ့၊ ကျုပ်ကို ဘယ်သူကသင်ပေးမှာလဲ၊ ကျုပ်ကြားဖူးထားတဲ့သိုင်းဆရာကြီးတွေကတော့ ကျုပ်လိုလူမျိုးကို အချိန်ကုန်ခံသင်ပေးနေမယ် မထင်ဘူး၊ သူတို့က တယ်ပြီးစည်းကမ်းကြီးကြသကိုးဗျ"

ရယ်စရာက သူ့ရင်ဘတ်ကိုပုတ်ပြသည်။

"ဟ- မင်းသင်ချင်ရင် ငါသင်ပေးမှာပေ့ါကွ"

ယုယိစုက တဟားဟားရယ်မောလေတော့သည်။

"ဖြစ်ရလေဗျာ၊ ခင်ဗျားကိုယ်ခင်ဗျား ပြန်ကြည့်ပါဦး"

"ဟ- ငါကဘာဖြစ်နေလို့လဲ"

"ခင်ဗျားကိုယ် ခင်ဗျားတောင် အနိုင်နိုင်ပါဗျာ၊ ကျုပ်ကို ဘယ်လိုသိုင်းပညာသင်ပေးနိုင်မှာလဲ"

"ဟ- ဖြစ်ပါတယ်ကွ၊ ငါသိုင်းပညာတတ်တာ ငါသိတာပေါ့၊ သိုင်းပညာဟာ ကြီးသည်ငယ်သည်မဟူ တတ်ထားသင့်တဲ့ပညာရပ်ကွ"



"ဟား. . . ဟား. . . ဟား ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ဆိုတာခင်ဗျားပဲ၊ ကျုပ်မှာ နားထောင်ဖို့အချိန်မရှိဘူးဗျ၊ သွားတော့မယ်"

ယုယိစုသည် စကားဆုံးသည်နှင့်ထွက်ခွါသွားလေတော့၏။

ရယ်စရာသည် ငေး၍ကျန်ရစ်ခဲ့လေသည်။

ဖားကလေးကအနီးကပ်လာပြီး မကျေမနပ်ပြောလိုက်လေသည်။

"အဘိုးကလဲဗျာ- သိုင်းပညာကို အထင်သေးတဲ့လူကိုများ ဘာဖြစ်လို့ သိုင်းပညာသင်ပေးချင်နေရတာလဲ၊ ကိုယ့်အပူမှတ်လို့"

"ဟ- သူက သိုင်းပညာကို အထင်သေးတာမဟုတ်ဘူးကွ၊ အထင်လွဲနေတာ၊ ဒါကြောင့် ငါက သူ့ကို သိုင်းပညာသင်ပေးချင်နေတာ၊ ကဲ- လာကွာ ငါတို့လဲ သူ့လမ်းအတိုင်းပဲ သွားကြရအောင်"

ရယ်စရာနှင့် ဖားကလေးတို့သည် ယုယိစု၏လမ်းကြောင်းအတိုင်း ခပ်ဖြည်းဖြည်းလျှောက်သွားကြလေသည်။

❁

မိန်းကလေးတစ်ယောက်သည် သမင်မလေးနှယ် ကြောက်လန့်တကြားပြေးလွှားလာနေသည်။

ထိုမိန်းကလေးမှာ အသက်ဆယ့်ရှစ်နှစ်ခန့်သာရှိပြီး ချောမောနုပျိုသည်။ သူမ၏မျက်နှာ၌ အထိတ်တလန့်အသွင်အထင်းသား

ပေါ်လွင်နေသည်။ သူမ ထိတ်လန့်ရမည်လေ။ သူမ၏နောက်မှ မန်ချူးစစ်သားသုံးယောက် ပြေးလိုက်နေသည်မဟုတ်ပါလား။

မန်ချူးများသည် လှပ**ချောမောသော**ဟန်တရုတ်အမျိုးသမီးကလေးများကို သူတို့**၏အစာအာဟာရသဖွယ်** သဘောထားကြပေသည်။ မိန်းကလေး**သည် လူငယ်တစ်ယောက်**နှင့် ပက်ပင်းတိုးမိလေသည်။

"အင့်"

"ဟ. . ."

"ဘယ်လိုဖြစ်တာလဲညီမရဲ့"

သူကား ယုယိစုပင်တည်း။

**မိန်း**ကလေးက-

"ကယ်ပါ- ကျွန်မကိုကယ်ပါဦးရှင်"

"ဘာဖြစ်လို့လဲ ဘာကိုကယ်ရမှာလဲ"

**ယုယိစု**က ကြောင်အမ်းအမ်းဖြင့်မေးသည်။

**မိန်း**ကလေးက သူမ၏နောက်ကျောဘက်သို့ လက်ညှိုးထိုးပြသည်။ ခပ်ဝေးဝေးမှ မန်ချူးစစ်သားသုံးယောက်သည် သူတို့ရှိရာသို့ ပြေးလွှားလာနေကြပေသည်။

"ဟာ- မန်ချူးတွေပါလား"

"ဟုတ်တယ်- သူတို့ ကျွန်မကိုလိုက်ဖမ်းနေတယ်၊ ကယ်ပါဦးရှင်"

"လာ. . ."



ယုယိစုသည် မိန်းကလေး၏လက်ကိုဆွဲကာ သူလာခဲ့သည့်လမ်းအတိုင်း ပြန်ပြေးလေတော့သည်။

"အစ်ကို- ညီမတို့ ဒီတိုင်းပြေးလို့ လွတ်**မယ်မထင်ဘူး။ သူ**တို့မီလာကြလိမ့်မယ်"

"လာပါ- လွတ်ပါတယ်"

ယုယိစုက ဒါပဲပြောနိုင်သည်။

သူ့၌ဓားလည်းမပါ။ ကိုယ်ခံပညာလည်း မရှိ။

ခြေအားကိုးဖြင့် ပြေးရုံသာတတ်နိုင်သည်။ ယုယိစုသည် ပြေးလွှားရင်း စိတ်ထဲမှ ကျိတ်၍တောက်ခေါက်လိုက်သည်။

"**တောက်**- ငါသိုင်းပညာမတတ်တာ နာတာပဲ"

**ယုယိစု** တကယ်နာပါသည်။

**မကြာမီ** မန်ချူးများကမီလာကြပြီး မိန်းကလေးကို ဆွဲကြလွဲကြတော့သည်။ ယုယိစုပြန်လုသောအခါ မန်ချူးများက သူ့အားပင် မထုတ်ဘဲ လက်သီးဖြင့်ဝိုင်းထိုးကြသည်။

ယုယိစုခမျာ အလဲလဲအကွဲကွဲဖြစ်ရရှာတော့သည်။

"အို- ရှင်တို့ ရှင်တို့ မမိုက်ရိုင်းနဲ့"

"ဘာမမိုက်ရိုင်းရမှာလဲ၊ ဒီကောင့်ကို သတ်တောင်ပစ်ရဦးမယ်"

"ဘာကွ- မင်းတို့ သတ်ချင်တိုင်းသတ်လို့ရမယ်များထင်နေသလား"

ယုယိစုပြောလိုက်သည့် အသံမဟုတ်ပါ။

အခြား ကြားလူတစ်ယောက်၏အသံဖြစ်ပါသည်။

မန်ချူးများက ဒေါသတကြီးကြည့်လိုက်သည်။

အသက်ခြောက်ဆယ်ခန့်ရှိသော အဘိုးကြီးတစ်ယောက် ပင်တည်း။

"အဘိုးကြီး- ခင်ဗျားသေချင်သလား တစ်ခါတည်းဝိုသွားရမယ်၊ ပြန်သွားစမ်း"

"ဟား- ဟား- ဟား- ငါက ဘယ်တော့မှမငိုဘူးကွ၊ အဖြ ရယ်နေတဲ့အကောင်၊ နာမည်ကိုက ရယ်စရာတဲ့၊ မင်းတို့ပဲ ငိုသွားရ မှာ၊ ကဲ- ကောင်မလေးကိုပါလွှတ်လိုက်ပါ၊ မလွှတ်ရင်ငိုသွားရမယ်"

"ဟုတ်ကဲ့- ခင်ဗျားတို့မငိုချင်ရင် အေးအေးလှည့်ပြန်ပါ"

**နောက်မှ**ရောက်ရှိလာသည့်ဖားကလေးက ဝင်ပြောလိုက် ခြင်း**ဖြစ်ပါသည်။**

"သယ်- သေချင်ပြန်ပြီကိုး၊ ကောင်းပြီလေ- ဒီအဘိုးကြီးနဲ့ ဒီချာတိတ်ကလေးကို အရင်ဆုံး ဆုံးမကြမယ်၊ ပြီးမှ ဟိုကောင့်ကို ဆုံးမမယ်"

မန်ချူးသုံးယောက်သည် ရယ်စရာနှင့် ဖားကလေးကို နား မထုတ်ဘဲ လက်သိုင်းဖြင့်ထိုက်နိုက်လိုက်သည်။ သို့သော် သူတို့သာ တဖုန်းဖုန်းလဲကျကုန်သည်။ ထိုအခါ သုံးယောက်စလုံး သူတို့ဓား များကိုဆွဲထုတ်ကြလေတော့သည်။

"ကောင်းပြီ၊ ခင်ဗျားတို့က ထကယ်သေချင်တာကိုး၊ သေ ရစေမယ်၊ ကဲ- သူတို့ကို အပြတ်သတ်ပေတော့"



မန်ချူးသုံးယောက်သည် ရယ်စရာနှင့်ဖားကလေးကို ဓား များဖြင့်ရွှမ်းရွှမ်းထိုးခုတ်ကြသည်။

သို့သော် တစ်ချက်မျှ ထိအောင်မခုတ်နိုင်ကြပေ။

နာရီဝက်ခန့်ကြာသည်အထိ တစ်ချက်မျှ ထိအောင်မတိုက် နိုက်နိုင်သောအခါ မန်ချူးသုံးယောက်သည် နောက်ကြောင်းပြန် လှည့်၍ပြေးကြလေတော့သည်။

"ဟား- ဟား- ဟား- တွေ့လား၊ သိုင်းပညာဆိုတာ အလ ကားပညာမဟုတ်ပါဘူးကွ၊ သိုင်းပညာသာ တတ်ရင် ဘယ်သူ့ကိုမှ ကြောက်စရာမရှိပါဘူးကွ"

ရယ်စရာက ယုယိစုဘက်သို့လှည့်လိုက်သည်။ ယုယိစု မရှိ တော့ပါ။ မိန်းကလေးလည်း မရှိတော့ချေ။

"ဟာ- ဘယ်ရောက်သွားပါလိမ့်"

**ရယ်စရာသည်** ဟိုဟိုသည်သည်လျှောက်ကြည့်သော်လည်း မတွေ့ရချေ။

"**ဖားကလေး-** ဒီကောင်ဘယ်ဘက်ထွက်ပြေးတာလဲ"

"**ဘယ်သိမလဲ**၊ အဘိုးနဲ့ကျုပ်နဲ့ အတူတူခုခံနေတာပဲဥစ္စာ"

"**လာ-** ဒီကောင့်နောက်လိုက်မယ်"

**အဘိုးအိုသည်** ဖားကလေး၏လက်ကိုဆွဲကာ ယုယိစုတို့ ပြေးသည်ဟုထင်ရသောဘက်သို့ ပြေးလိုက်ကြလေတော့သည်။

✿

## လိမ်တတ်သူ

အမတ်ကြီးစုဘူးဝှက်သည် သူ၏ခြံဝင်းကျယ်ကြီးအတွင်း၌ လက်နှစ်ဖက်နောက်ပစ်ကာ လမ်းလျှောက်နေသည်။

အမတ်ကြီးအဖို့ စိတ်အေးအေးနေနိုင်သောကာလမဟုတ်သဖြင့် လမ်းလျှောက်ရင်း တွေးတောစဉ်းစားနေခြင်းဖြစ်သည်။

အစိကအားဖြင့် သူ့အားဖိစီးနေသည့်ဝေဒနာမှာ တောင်ပိုင်းအား ဆက်တိုက်နေသည့် မန်ချူးထိုးစစ်ရပ်တန့်သွားစေချင်သည့်ဝေဒနာဖြစ်သည်။

ထိုသို့ဖြစ်စေရန် လက်ရှိဘုရင်ဟုဝမ်းက တားဆီးခုခံနေသော်လည်း သိပ်အရာရောက်သည်တော့မဟုတ်လှပေ။

တဆုတ်တည်းဆုတ်နေကြရသည်သာ။

မိုးနဂါးတောင်မှ ဘုရင့်သားတော်ကလေးသာ ရောက်ရှိလာပါက တရုတ်တစ်မျိုးသားလုံးအုံကြွလာပြီး မန်ချူးတို့၏ထိုးစစ်



ကို တားဆီးနိုင်မည်ဟု အမတ်ကြီးစုဘူးဝှက် ယုံကြည်ပေသည်။

အမတ်ကြီးသည် လျှောက်ရင်း အိမ်တော်နှင့်အတော်ဝေးကွာသည့်ခြံအနောက်ဘက်သို့ ရောက်ရှိလာသည်။

ထိုခြံအနောက်ဘက်၌ မြင့်မားသောသစ်ပင်ကြီးများရှိနေသော်လည်း အမတ်ကြီးနေဖြင့် ထိုသစ်ပင်ကြီးများရှိရာအထိလျှောက်လေ့လျှောက်ထ မရှိခဲ့ပေ။

ထိုသစ်ပင်ကြီးများအနီးသို့ရောက်သည်နှင့် သစ်ပင်များ၏ပင်စည်အကွယ်မှ လူငါးယောက်ထွက်လာကြသည်။ ဓားကိုယ်စီရှိနေကြသော ထိုလူများ၏မျက်နှာများ၌ ပြုံးရွှင်ပျှော်ပါသောအပြုံးများမရှိကြပေ။ အမတ်ကြီးစုဘူးဝှက် တုန်လှုပ်သွားသည်။

သို့သော် သူသည် အရာရာကိုထိန်းချုပ်တတ်သည့်ပညာရှိအမတ်ကြီးဖြစ်သဖြင့် သူ၏တုန်လှုပ်မှုကို ရန်သူများ မသိမြင်နိုင်မီထိန်းချုပ်နိုင်လိုက်သည်။

"မင်းတို့က ဘယ်သူတွေလဲ"

အမတ်ကြီးက အေးဆေးသောလေသံဖြင့် မေးလိုက်လေသည်။ ခေါင်းဆောင်ဖြစ်သူက-

"ကျုပ်တို့က ရန်သူတွေပဲ၊ အမတ်ကြီးကို သတ်မလို့လာကြတာ၊ အခုတော့ အိမ်တော်ထဲဝင်ဖို့ မလိုတော့ဘူးပေါ့၊ အားလုံးအဆင်သင့်ဖြစ်သွားပြီ"

"မင်းတို့ကို ဘယ်သူခိုင်းလိုက်တာလဲ"

"ဒါကို အမတ်ကြီး သိဖို့မလိုပါဘူး"

ခေါင်းဆောင်ဖြစ်သူက စကားဆုံးသည်နှင့် အချက်ပြလိုက်လေသည်။

"ရှမ်း. . . ရှမ်း. . . ရှမ်း. . "

ဓားဆွဲထုတ်သံ တရှမ်းရှမ်းပေါ်လာလေသည်။

"သတ်တော့"

"အား. . ."

**ဓားသမားတစ်ယောက် လဲကျသွားသဖြင့်** ကျန်သော ဓားသမားများ**အံ့အားသင့်သွားကြကာ တိုက်ခိုက်မှုရပ်တန့်သွားလေ၏။**

"ဘယ်သူတွေလဲ၊ အိမ်တော်ထဲအထိအတင့်ရဲလာတာ"

အသံနှင့်အတူ သစ်ပင်ကြီးပေါ်မှ အစိမ်းရောင် သိုင်းဝတ်စုံဝတ်ဆင်ထားသောမိန်းကလေးတစ်ဦး ခုန်ချလာသည်။

**ရန်သူခေါင်းဆောင်က-**

**"မိန်းကလေး၊ ဒါဟာ မင်းရဲ့ကိစ္စမဟုတ်ဘူး၊ မင်း ကြားထဲကအသေမခံချင်ပါနဲ့"**

မိန်းကလေးက **ရယ်လိုက်သည်။**

ထိုစဉ်မှာပင်- စောစောကလဲကျသွားသူသည် ဒယီးဒယိုင်ဖြင့်ထလာလေသည်။ မိန်းကလေးက အသေသတ်ခြင်းမဟုတ်သဖြင့် သူ့အဖို့ သက်သာရာရသွားခြင်းပင်။

"ကျွန်မက လူမသတ်ချင်လို့ညှာလိုက်တာ၊ ကျွန်မ သတ်ချင်ရင် ရှင်တို့ငါးယောက်စလုံး စကားတစ်ခွန်းမှတောင် ပြောခွင့်ရမှာမဟုတ်ဘူး၊ ကျွန်မကိုလဲ မြင်လိုက်မှာတောင်မဟုတ်ဘူး"



ရန်သူခေါင်းဆောင်က-

"မင်းကလေးက ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေတာကိုး"

"လက်တွေ့ပြထားတာတောင် ရှင်တို့ကမယုံသေးဘူးလား"

"ကျုပ်နဲ့ တစ်ကွက်နှစ်ကွက်လောက်ယှဉ်ကြည့်ပါဦး"

"ရတယ်- စိန်လိုက်"

ရန်သူခေါင်းဆောင်သည် မိန်းကလေးအားဝင်တိုက်သည်။

ထိုသူ၏တိုက်ခိုက်ခုံမှာ ရက်စက်ကြမ်းကြုတ်လှသဖြင့် စုဘူးဖွက်သည်ပင် စိတ်ပူသွားမိလေသည်။

သို့သော် ဆယ့်ငါးကွက်တွင် မိန်းကလေးက ရန်သူ ခေါင်းဆောင်၏လက်ကို လှမ်းတောက်လိုက်သည်။ ရန်သူခေါင်းဆောင်၏လက်ဝဲဘက်တစ်ခြမ်း ထုံကျဉ်သွားလေသည်။

"မင်း- မင်း- ခွန်းလွှန်ဂိုဏ်းကလား"

သူ့စကားမဆုံးမီ မိန်းကလေးက အော်ငေါက်လိုက်လေသည်။

"ဘာတွေမေးနေတာလဲ၊ ကိုယ်ယှဉ်လို့ မနိုင်နိုင်ဘူးဆိုတာသိရင် အမြန်ဆုံးထွက်သွားပေ့ါ"

ရန်သူခေါင်းဆောင်သည် ဒယီးဒယိုင်ဖြစ်သွားသည်။

သူ့တပည့်များက ဝိုင်းဝန်းထိန်းပေးသည်။

သူတို့သည် အနောက်ဘက်ခြံဝင်းကို ခုန်ကျော်ထွက်ပြေးသွားကြလေသည်။

"ဟင်း. . . "

အမတ်ကြီးစုဘူးဝှက်မှာ ထိုအခါကျမှသက်ပြင်းချနိုင်လေတော့သည်။

"ကျုပ်ကိုကယ်တင်တဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူးရှင်၊ မတော်မတရားတာတွေ့ရင် ကျွန်မ ကူညီတတ်ပါတယ်၊ ဒီလူတွေ တစ်ခုခုချောင်းနေတယ်ထင်တာနဲ့ ကျွန်မကသစ်ပင်ပေါ်တက်ပြီး အခြေအနေစောင့်ကြည့်နေတာပါ"

"မိန်းကလေးနာမည် ဘယ်လိုခေါ်ပါသလဲ"

"ကျင်းဟန်ရီပါ"

"အင်း- မိန်းကလေးကို ကျုပ်တစ်ခုလောက် မေတ္တာရပ်ခံချင်တယ်၊ လက်ခံနိုင်မလားတော့မသိဘူး"

"ဘာများပါလဲရှင်"

"ကျုပ်ဟာ စောစောကတိုက်ပွဲမှာ မိန်းကလေးအတွက် တော်တော်စိုးရိမ်ခဲ့ပါတယ်၊ ကျုပ်က သိုင်းပညာမတတ်ပါဘူး၊ ဒါပေမယ့် ဟိုမိစ္ဆာကောင်ရဲ့တိုက်ခိုက်ပုံ ရက်စက်ကြမ်းကြုတ်မှုကိုတော့ ကျုပ်ကောင်းကောင်းကြီး သိမြင်နားလည်ပါတယ်၊ မိန်းကလေးရဲ့ သိုင်းပညာကောင်းလွန်းလို့သာ ရန်သူကိုအောင်မြင်တာလို့ ကျုပ်ယူဆပါတယ်"

"ကျွန်မက ဒီလောက်တတ်ကျွမ်းတာမဟုတ်ပါဘူးရှင်"

"ကျွမ်းပါတယ်လေ- ကျုပ်ဟာ မန်ချူးကို ခုခံတော်လှန်ဖို့အတွက် တတ်နိုင်သလောက်လူစုနေပါတယ်၊ မိန်းကလေးအနေနဲ့ ကျုပ်ဆီမှာ အမှုထမ်းနိုင်မလား"



ကျင်းဟန်ရီက အမတ်ကြီးကိုစူးစမ်းသလိုကြည့်၏။

"ဒီစကားကိုကြားလိုက်ရမှ ရှင်ဟာ ရာထူးကြီးတဲ့လူတစ်ယောက်ဖြစ်လိမ့်မယ်လို့ ကျွန်မစဉ်းစားမိပါတယ်"

"ဟုတ်ပါတယ်- ကျုပ်ဟာ အမတ်ကြီးတစ်ယောက်ပါပဲ၊ ရန်ကျုံးကအမတ်ကြီးစုဘူးဝှက်ဆိုရင် လူကိုမသိတာတောင် နာမည်ကိုတော့ ကြားဖူးကြမှာသေချာပါတယ်"

"ဩော်. . ."

ကျင်းဟန်ရီ အံ့အားသင့်သွားသည်။

ဒူးထောက်ကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

"အမတ်ကြီးမှန်းမသိတဲ့အတွက် ဆက်ဆံတာရိုင်းပျရင် ခွင့်လွှတ်ပါရှင်"

"ကိစ္စမရှိပါဘူးကွယ်- ကျုပ်က အဆောင်အယောင်တွေ ဟိတ်ဟန်တွေ သိပ်ဝါသနာပါတာမဟုတ်ဘူး၊ ကျုပ်မေတ္တာရပ်ခံချက်ကို ဘယ်လိုသဘောရသလဲ"

ကျင်းဟန်ရီက ခေါင်းညိတ်လိုက်သည်။

"အမတ်ကြီးရဲ့လက်အောက်မှာ အမှုထမ်းဖို့ဝန်မလေးပါဘူးရှင်၊ ကျွန်မအမှုထမ်းပါ့မယ်"

အမတ်ကြီးစုဘူးဝှက်သည် ဤနေ့ကား မင်္ဂလာနံနက်ပေတည်းဟုတွေး၍ ပြုံးလိုက်မိလေတော့သည်။

✿

ယုယိစုသည် မိန်းကလေးနှင့်ရင်းနှီးစွာပြောလျက် လမ်းမကြီးတစ်လျှောက် လမ်းလျှောက်လာသည်။

သူတို့လျှောက်လာသည့်လမ်းမကြီးမှာ စုကျူးမြို့သို့သွားသောလမ်းမကြီးပင် ဖြစ်လေသည်။

ထိုလမ်းမကြီးပေါ်၌ စားသောက်ဆိုင်များ၊ တည်းခိုရိပ်သာများ၊ ဟိုနားတစ်ခု သည်နားတစ်ခုရှိနေသဖြင့် စားသောက်ရန်အတွက်လည်းကောင်း၊ တည်းခိုရန်အတွက်လည်းကောင်း၊ ပူစရာမလိုတော့ပေ။

ယုယိစုသည် စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ထိုင်သည်။

"ညီမ ဘာစားမလဲ"

"အစ်ကို မှာချင်တာမှာပါ၊ အစ်ကိုစားတာ ညီမလဲ စားမှာပါပဲ"

ယုယိစုက ဟင်းလျာသုံးမျိုးမှာလိုက်သည်။

"ညီမနာမည်က ဘယ်သူလဲဟင်"

"ကျွန်မနာမည်က စုလျူပါအစ်ကို"

ထိုအချိန်မှာပင် ရယ်စရာနှင့် ဖားကလေးတို့သည် စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာကြလေသည်။ ပထမ၌ ရယ်စရာသည် ယုယိစုတို့ကိုမတွေ့ပါ။ ဟင်းမှာမည်လုပ်သောအခါမှ ယုယိစုတို့ကိုတွေ့လိုက်ရသည်။ ရယ်စရာက ဖားကလေးကို တီးတိုးပြောလိုက်သည်။

"လာ- လာ- ဖားကလေး၊ ငါတို့ဟိုစားပွဲမှာသွားထိုင်မယ်"



ရယ်စရာနှင့်ဖားကလေးတို့လာထိုင်သောအခါ ယုယိစုက ပျူပျူငှါငှါဖိတ်ခေါ်ပါသည်။

"ထိုင်ပါ- ထိုင်ပါ- ကျွန်တော်တို့ ဟင်းသုံးမျိုး မှာထားပါတယ်၊ ဆရာကြီးတို့ ထပ်မှာချင်ရင်မှာပါ"

ရယ်စရာက ဟင်းနှစ်မျိုးမှာသည်။ ဟင်းလျာများ ရောက်မလာမီ ရယ်စရာက စပြောလိုက်လေသည်။

"မောင်ရင် ကျုပ်ပြောတာသဘောတူပြီလား"

"ဘာကိုသဘောတူရမှာလဲ"

"သိုင်းပညာသင်ဖို့လေ"

ယုယိစုက ပြုံး၍ပြောသည်။

"ဩော်- ဒါလား၊ သင်ချင်ပါပြီဗျာ၊ ဒါပေမယ့် သင်ပေးမယ့်လူမရှိဘူးလေ"

"ငါသင်ပေးမယ်လို့ပြောထားသားပဲ၊ ဟိုမန်ချူးသုံးယောက်ကို ငါတို့ဘယ်လိုဆုံးမလိုက်တယ်ဆိုတာ မင်းမတွေ့ဘူးလား၊ ငါသာ သိုင်းပညာမတတ်ရင် အဲဒီမန်ချူးတွေက ငါတို့ကိုသတ်သွားမှာကွ၊ မင်းက ငါ့ကိုအထင်သေးနေတုန်းပဲလား"

"မ- မဟုတ်ပါဘူးဗျာ၊ အထင်မသေးဝံ့ပါဘူး"

ယုယိစုက ထစ်ထစ်ငေါ့ငေါ့ဖြင့်ပြောသည်။

"ဒါဆိုရင် မင်းငါ့ဆီမှာတပည့်ခံပေါ့ကွ၊ ငါတတ်သမျှ သိုင်းပညာကို ဆရာစားမချန်ဘဲ ငါသင်ပေးပါ့မယ်ကွာ"

ယုယိစုမျက်နှာ ချက်ချင်းညိုးကျသွားသည်။

"ကျွန်တော်တပည့်ခံချင်ပါတယ်၊ ဒါ- ဒါပေမယ့် ကျွန်တော့်မှာ အခက်အခဲရှိနေတယ်"

"ဘာအခက်အခဲလဲ"

"ငွေမရှိဘူးလေ"

"ငွေနဲ့ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ကျွန်တော့်ကိုတပည့်အဖြစ်လက်ခံတဲ့အခမ်းအနားလေးတစ်ခုတော့ လုပ်ရမှာပေါ့၊ အဲဒီအခမ်းအနားအတွက် ကျွန်တော်က အကုန်ခံသင့်တယ်မဟုတ်ဘူးလား"

"ဒါကအသေးအဖွဲပါကွာ၊ မင်းသာ တပည့်အဖြစ်ခံယူပြီး သိုင်းပညာသင်ဖို့လိုပါတယ်"

"ကျွန်တော်ပြောသားပဲ၊ ကျွန်တော်တပည့်ခံချင်ပါတယ်လို့"

"တကယ်နော်. . ."

"တကယ်ပါ"

"ဒါဖြင့်ရင် အခမ်းအနားလုပ်ဖို့ကိစ္စအတွက် ငါငွေထုတ်ပေးမယ်ကွာ"

ယုယိစုမျက်နှာတစ်ခုလုံး ဝင်းလက်သွားသည်။

"ဒါဆိုရင် ကျွန်တော့်ကိုပေးလေ"

ယုယိစုက လက်ဖြန့်တောင်းခံသည်။ ရယ်စရာက ကျေနပ်အားရစွာ ငွေတုံးသုံးတုံးထုတ်ပေးလေသည်။

"ကဲ-ဒီကစောင့်နေပါ၊ အခမ်းအနားလုပ်ဖို့လိုအပ်တဲ့ပစ္စည်းတွေ ကျွန်တော်တို့သွားဝယ်လိုက်ပါမယ်၊ ဒီပစ္စည်းတွေထဲမှာ ခားတစ်ချောင်းတော့ မလိုမဖြစ်လိုနေလိမ့်မယ်နဲ့တူတယ်နော်"



ရယ်စရာက တဟားဟားအော်ရယ်လိုက်လေသည်။

"ဓားမလိုသေးပါဘူးကွာ၊ လက်နက်မဲ့သိုင်းကွက်တွေကို အရင်သင်ရမှာပါကွ၊ ဓားလိုရင် နောက်မှဝယ်လို့ရပါတယ်"

ယုယိစုက-

"ကဲ- ဒါဖြင့် ဆရာကြီးတို့ ဒီကစောင့်ပါ ကျွန်တော်တို့ သွားဝယ်လိုက်မယ်"

ယုယိစုနှင့်စုလျှုတို့သည် ဆိုင်ထဲမှထွက်ခွါသွားလေတော့သည်။ ရယ်စရာနှင့်ဖားကလေးတို့သည် စားသောက်ရင်းကျန်ရစ်ခဲ့ကြ၏။ အချိန်ကြာမြင့်သည်နှင့်အမျှ နေတဖြည်းဖြည်းဝင်လာ၏။ အမှောင်သမ်းလာသည်။

ထိုအချိန်အထိ ယုယိစုတို့ပြန်မလာကြသေးပေ။

"အဘိုးက ငွေတုံးတွေ ဘာဖြစ်လို့ပေးလိုက်ရတာလဲ၊ ဒီလူက အဘိုးငွေတုံးတွေကို မလိမ့်တစ်ပတ်လိမ်သွားပါပြီ"

ဖားကလေးက မကျေမနပ်ပြောသည်။

"ဟာ- ဒီကောင်လိမ်ချင်မှလိမ်မှာပါကွာ၊ ဒီကောင်က လူတစ်မျိုးကွ၊ လူဆန်းလို့ခေါ်နိုင်တယ်၊ ဒါကြောင့် ငွေကိုထုတ်ပေးလိုက်တာပါ၊ အချိန်စောပါသေးတယ်ကွ၊ ပြန်လာနိုင်ပါတယ်"

ရယ်စရာက ဖြေ၍ပြောသည်။

သို့သော် ညမိုးစုပ်စုပ်ချုပ်သည်အထိ ယုယိစု ပြန်ရောက်မလာတော့ပေ။

"နွေးကောင်- ငါ့ငွေတွေကိုလိမ်သွားပြီ"

ရယ်စရာက စိတ်ဆိုးမန်ဆိုးကျိန်ဆဲလေတော့သည်။

❖

ယုယိစုနှင့်စုလျှုတို့သည် နှင်းမှုန်မကွဲတကွဲအချိန်၌ စုကျူးမြို့သို့ခရီးဆက်နေကြလေသည်။

"ဟောဟိုရှေ့ကစုံတွဲက ငါ့ဆီကငွေတုံးသုံးတုံးလိမ်သွားတဲ့ကောင် မဟုတ်လား"

ယုယိစုတို့နောက်မှလိုက်လာသော လူနှစ်ယောက်အနက် အဘိုးကြီးက လက်ညှိုးထိုး၍ပြောလိုက်လေသည်။

ထိုနှစ်ယောက်ကား ရယ်စရာနှင့်ဖားကလေးတို့ဖြစ်ကြလေသည်။ ရယ်စရာ၏စကားမဆုံးမီပင် ဖားကလေးက ထောက်ခံလိုက်လေသည်။

"သိပ်သေချာတာပေါ့၊ ဒီလူဟာ ဘာကိစ္စမဆို ခေါင်းနဲ့ရင်းတာချည်းပဲ"

ရယ်စရာနှင့်ဖားကလေးတို့သည် ယုယိစုတို့နောက်သို့ ပြေးလိုက်တော့သည်။

တဖုန်းဖုန်းခြေသံများကြောင့် ယုယိစုနှင့်စုလျှုတို့ လှည့်ကြည့်လိုက်ကြလေသည်။

ရယ်စရာနှင့်ဖားကလေးတို့ ပြေးလိုက်လာကြောင်း တွေ့ရသောအခါ ယုယိစုထိတ်လန့်သွားလေသည်။

"လာ- ညီမ ပြေးကြစို့"

ယုယိစုသည် စုလျှု၏လက်ကိုဆွဲ၍ ပြေးပြန်လေတော့၏။

ထိုသို့ပြေးလွှားရင်း လမ်းချိုးကွေ့တစ်ခု၌လူတစ်ယောက်နှင့်ဝင်တိုးမည်ကဲ့သို့ဖြစ်သွားသည်။

"ဘယ်လိုဖြစ်လာကြတာလဲ"

အတိုးခံရသည့်လူက ရှောင်တိမ်းပြီးပြန်မေးလေသည်။

ယုယိစုက တောင်းတောင်းပန်ပန်ဖြင့်ပြန်ပြောလေသည်။

"ကျွန်တော်တို့ကိုကယ်ပါဦးဗျာ၊ ကျွန်တော်တို့နောက်ကို လူဆိုးနှစ်ယောက်လိုက်နေလို့ပါ"

"ခင်ဗျားတို့ဆီက ပစ္စည်းလုချင်လို့လား"

"ဒါပဲရှိတာပေါ့ဗျာ"

ထိုစဉ် ရယ်စရာနှင့်ဖားကလေးတို့ ရောက်လာကြလေ၏။

ယုယိစုက-

"ကျွန်- ကျွန်တော်ပြောတာ သူ- သူတို့ပါပဲခင်ဗျာ"

ရယ်စရာက ဒေါနှင့်မောနှင့်ဟိန်းဟောက်ကြိမ်းမောင်းလေတော့သည်။

"ဟေ့ကောင်- မင်းငါ့လက်ကလွတ်မယ် ထင်သလား၊ မလွတ်စေရဘူးကွ၊ သိလား"

ရိုက်မည်နှက်မည်တကဲကဲလုပ်နေစဉ် ကြားလူကဝင်တားရတော့သည်။ ထိုသူကား လျှံယင်းချုံပင်ဖြစ်တော့သည်။

"ခင်ဗျားက ဘာမို့လို့ ဒီလိုကြိမ်းမောင်းနိုင်ရတာလဲ"

ထိုစဉ် ယုယိစုသည် စုလျှာလက်ကိုဆွဲ၍ ပြေးထွက်သွားလေသည်။ ရယ်စရာနှင့်ဖားကလေးသည် လျှံယင်းချုံကိုတွန်းဖယ်ကာ ယုယိစုနောက်ပြေးလိုက်ရန် ဟန်ပြင်လိုက်လေသည်။

လျှံယင်းချုံက ရှေ့မှတားဆီးလိုက်သည်။

"ခင်ဗျားတို့ ဒီလိုတရားမဲ့မလုပ်သင့်ဘူး၊ ကျုပ်ကဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်ပါဘူး"

ရယ်စရာ၏ဒေါသသည် လျှံယင်းချုံအပေါ် စုပြုံကျရောက်သွားတော့သည်။

"မင်းက ဘာကောင်မို့ လက်ပိုက်ကြည့်မနေနိုင်ရတာလဲ"

ရယ်စရာသည် လျှံယင်းချုံအားတိုက်ခိုက်လေသည်။

လျှံယင်းချုံကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်၊

ဤသို့ဖြင့် သူတို့နှစ်ဦးအပြန်အလှန်တိုက်ခိုက်ကြရာ သိုင်းကွက်ငါးဆယ်မျှ ရောက်ရှိသွားသည်။ ရယ်စရာက ဒေါသနှင့် တိုက်ခိုက်သည်။ လျှံယင်းချုံက စိတ်အေးလက်အေးခုခံသည်။

လျှံယင်းချုံ၏သိုင်းပညာကိုတွေ့ရသောအခါ ရယ်စရာ၏ ဒေါသများ တဖြည်းဖြည်းပြေပျောက်လာသည်။ လျှံယင်းချုံ၏ သိုင်းပညာသည် သူ့ထက်သာနေသည်မဟုတ်ပါလား။

ရယ်စရာသည် တိုက်ခိုက်နေရာမှ သူ့တိုက်ကွက်များကို ရုပ်သိမ်းပြီး နောက်သို့ခုန်ဆုတ်လိုက်လေသည်။

"မင်းနဲ့ယုယိစု ဘယ်လိုပတ်သက်သလဲ"



လျှံယင်းချုံသည် ယုယိစု၏နာမည်ကို မသိသူဖြစ်၍ ပြန်လှန်မေးလိုက်လေသည်။

"ဘယ်သူလဲယုယိစု"

"မင်းအကာအကွယ်ပေးနေတဲ့ကောင်ပေါ့၊ ကိုယ်ကာကွယ်ပေးနေတဲ့ကောင်ရဲ့နာမည်ကိုတောင် မသိဘူးလား"

"စောစောကထွက်ပြေးသွားတဲ့ လူငယ်လား"

"ဟုတ်တယ်"

"ကျုပ်နဲ့တော့ ဘာမှမပတ်သက်ပါဘူး၊ ဒါပေမယ့် မတော်မတရားလုပ်တဲ့ကိစ္စမျိုးကိုတော့ ကျုပ်က ဘယ်လိုမှလက်ပိုက်ကြည့်မနေနိုင်ဘူးဗျာ"

ရယ်စရာ မျက်လုံးပြူးသွားသည်။ လျှံယင်းချုံပြောသည့်စကားများက သူ့အားစော်ကားသလိုဖြစ်နေသည်မဟုတ်ပါလား။

"ဘယ်သူလဲ မတရားလုပ်တာ"

"ခင်ဗျားပေါ့ဗျ၊ ဟိုလူ့ကို မတရားလိုက်ဖမ်းနေတယ်၊ ဒါမတရားလုပ်တာပေါ့"

"ဘုရားရေ- သူက ငါ့ဆီက ငွေတုံးသုံးတုံးလိမ်သွားတာကွ၊ ငါကမတရားလုပ်တာလား၊ သူကမတရားလုပ်တာလား၊ မင်းပဲစဉ်းစားကြည့်ပါဦးကွာ"

လျှံယင်းချုံက ရယ်စရာကို သေချာစွာအကဲခတ်ကြည့်မိလိုက်သည်။ ထိုအခါ ဖားကလေးက အကျိုးအကြောင်းဝင်ရှင်းပြလေသည်။ လျှံယင်းချုံသည် စိတ်မကောင်းဖြစ်သွားသည်။

ရယ်စရာအား ဦးညွှတ်ပြီး. . .

"ကျွန်တော်မှားပါတယ်ဗျာ၊ အဖြစ်မှန်မသိဘဲ တစ်ဘက်ကြားစကားနဲ့ဝင်ဟန့်တားမိတာ **ကျွန်တော့်အပြစ်**ပါပဲဗျာ၊ ဒီအတွက် ကျေပ်ကိုခွင့်လွှတ်ပါ"

ရယ်စရာသည် လှျံယင်းချို၏ကျေနပ်ဖွယ်ကောင်းသည့် တောင်းပန်စကား၊ ရည်မွန်သောအပြောအဆို၊ ဟန်ပန်အမူအရာများကြောင့် စိတ်ပြေသွားလေသည်။

"ဟား- ဟား- ဟား- ယုယိဆိုတဲ့ကောင်လေးဟာ တကယ်ဆိုးတာပဲကိုး၊ မင်းလဲ အလိမ်မိသွားတာပဲကွ"

"ဟုတ်တယ်ဗျာ၊ သူကအမော်တကောပြေးလာပြီး နောက်**ကလူတွေက** သူ့ကိုမတရားလိုက်ဖမ်းနေတယ်ဆိုတော့ ကျွန်တော်**လဲ ယုမိတာကိုး**ဗျ"

"**ကိစ္စမရှိပါဘူးကွာ၊** ဒီကောင်လေးက တကယ့်လူလိမ်လေး**ကွ၊ အခုလိုကိစ္စ**လေးတွေမပြောနဲ့၊ တကယ့်ကိစ္စကြီးတွေတောင် **ခေါင်းနဲ့ရင်း**တဲ့ကောင်ကွ၊ ဟား- ဟား- ဟား- ကိုင်း မင်းကို ငါတို့ခွင့်လွှတ်ပါတယ်ကွာ၊ ဒီကောင်လေးနောက်တော့ ငါတို့ဆက်လိုက်ဦးမယ်"

ရယ်စရာသည် လှျံယင်းချိုကိုနှုတ်ဆက်ကာ ဖားကလေးနှင့်အတူ ယုယိစုတို့နောက်သို့လိုက်သွားလေတော့သည်။

✿

## မြင်းမြို့ကျောက်ဆောင်နတ်ကွန်း

စုကျူးမြို့ ....

စုကျူးမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာအားလုံးသည် မန်ချူးလက်အောက်သို့ကျရောက်နေပေပြီ။ စုကျူးမြို့သည် မန်ချူးတို့ပထမသိမ်းပိုက်စဉ် ကျဆုံးသွားသောမြို့ မဟုတ်ခဲ့သေးပေ။

ဒုတိယအကြိမ်တိုက်ခိုက်သောအခါမှသာ ကျဆုံးသွားခဲ့ရခြင်းဖြစ်ပေသည်။ လှျံယင်းချို၏မိဘများသည် စုကျူးမြို့ ပတ်ဝန်းကျင်ရှိကျေးရွာတစ်ရွာ၌ ခပ်ကုပ်ကုပ်နေထိုင်ကြသည်။ လှျံမိသားစုသည် မျိုးချစ်စိတ်အလွန်ပြင်းထန်သောမိသားစုဖြစ်လေသည်။

သူတို့အနေဖြင့် တောင်ဘက်အစွန်းသို့ထွက်ပြေးလျှင် ရသည်။ သို့သော် မပြေးကြပေ။

မန်ချူးတို့လက်အောက်၌ ခပ်ကုပ်ကုပ်နေထိုင်ရင်း မန်ချူးတို့အား လက်သီးပုန်းထိုးရန် တမင်နေခဲ့ကြခြင်း ဖြစ်ပေသည်။

စုကျူးမြို့ထဲ၌ မန်ချူးစစ်ဗိုလ်စစ်သားများခြေရှုပ်နေမည်ကို လျှံယင်းချုံမြင်ယောင်မိသည်။ ထို့ကြောင့် မြို့ထဲသို့မဝင်သေးဘဲ မိဘများအိမ်သို့ ဦးတည်သွားလေတော့သည်။

"ဟာ- သားပြန်လာပြီ၊ သားပြန်လာပြီ"

လျှံယင်းချုံ၏မိခင်က ခပ်အုပ်အုပ်အော်ပြောလိုက်သည်။

ထိုအခါ လျှံယင်းချုံ၏ဖခင်နှင့်ညီမတို့ ပြေးထွက်လာကြလေသည်။

"အစ်ကို- အစ်ကို"

မိဘနှစ်ပါးနှင့်ညီမဖြစ်သူတို့က လျှံယင်းချုံအား ဖက်လှဲတကင်း ကြိုဆိုကြသည်။ ဖခင်က-

"သား- သားရဲ့အမိကတာဝန် ပြီးသွားပြီလား"

လျှံယင်းချုံက ဖခင်နှင့်မိခင်တို့ကိုလက်ဆွဲကာ-

"လာ- လာ- မြေအောက်ခန်းကိုသွားမယ်၊ အောက်ကျမှ သေသေချာချာရှင်းပြမယ်"

မြေအောက်ခန်းသို့ ရောက်သောအခါ-

"အမိကတာဝန်ကတော့ မပြီးသေးဘူးလို့ဘဲ ဆိုရပါမယ်၊ ကျွန်တော်ယူလာတဲ့တာဝန်က ဟန်ဆောင်တာဝန်ပါ"

"ဟေ- ဟန်ဆောင်တာဝန်၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ပါလာတာက မင်းသမီးကလေး အစစ်မဟုတ်ပါဘူး၊ အတုပါ၊ ရန်သူတွေ မျက်စိလည်အောင် လှည့်စားလိုက်တာပါ"



"မင်းသမီးအတုကော၊ ဘယ်မှာလဲ"

လျှံယင်းချုံညီမက ဝင်မေးလိုက်သည်။ လျှံယင်းချုံက စိတ်မကောင်းသောလေသံဖြင့် ပြောပြလေသည်။

"အဲဒီမိန်းကလေးဟာ တကယ်သတ္တိရှိတယ်၊ အစ်ကိုလွတ်အောင်ဆိုပြီး ရန်သူတွေကိုမျှားခေါ်ပြေးတယ်၊ ရန်သူမန်ချူးတွေလဲ ဖမ်းမိခါနီးရော ကျောက်ဆောင်အမြင့်ကြီးပေါ်ကခုန်ချသွားတယ်"

"ဟာ-"

လျှံယင်းချုံ၏မိသားစုအားလုံး ဟာခနဲဖြစ်သွားပြီး စုတ်တသပ်သပ်ဖြစ်သွားကြသည်။ လျှံယင်းချုံကဆက်ပြောသည်။

"မင်းသမီးကလေးကိုစောင့်ရှောက်လာတဲ့ သူရဲကောင်းခုနစ်ယောက်ဆိုတာကလဲ တကယ့်ကို သူရဲကောင်း ပီသကြပါပေတယ်၊ အားလုံးအသေခံခုခံကြတာပဲ၊ သူတို့ခမျာ သူတို့စောင့်ရှောက်လာတဲ့မင်းသမီးလေးကိုတောင် အတုမှန်း သိမသွားရှာကြပါဘူး"

"ကျွတ်- ကျွတ်- ကျွတ်- တကယ့်မျိုးချစ်တွေပါပဲလား၊ ဒါတွေဟာ ဖေဖေ့မိတ်ဆွေကြီးစုဘူးဝှက်ရဲ့အစီအစဉ်တွေပဲလား"

"ဟုတ်ပါတယ်ဖေဖေ"

"ဒီလူစုအပေါ်တော့ သူ တော်တော်ရက်စက်တယ်၊ ဒါပေမယ့် သူဟာ အင်မတန်အမြော်အမြင်ကြီးပါတယ်၊ တစ်ဘက်မှာ တိုင်းပြည်အတွက် အရေးကြီးတဲ့ဆောင်ရွက်ချက်တစ်ခုတော့ ရှိမှာမုချပဲ"

လျှံယင်းချုံက ခေါင်းညိတ်လိုက်သည်။

"သိပ်ရှိတာပေါ့ဖေဖေ ..... တကယ့်မင်းသမီးအစစ် လွတ်မြောက်သွားဖို့အတွက် ကျွန်တော်တို့အုပ်စုကို အမတ်ကြီးက ကျားစာကျွေးလိုက်တာပါ၊ ဒါမှ ဟိုဘက်ကအောင်မြင်မှာပေါ့"

လျှံယင်းချျ၏ဖခင်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်၏။

"အင်း- ဖေဖေလဲ ဒီလိုပဲထင်ပါတယ်၊ အခု သားမှာ ဘာတာဝန်မှမရှိတော့ဘူးလား"

လျှံယင်းချျက လက်သီးဆုပ်လျက်-

"ရှိတာပေါ့ဖေဖေ၊ မင်းသမီးအစစ်နဲ့ ကိုယ်ရံတော် လေးယောက်ဟာ မြင်းဖြူကျောက်ဆောင်နတ်ကွန်းမှာ ကျွန်တော့်ကိုစောင့်နေလိမ့်မယ်၊ ကျွန်တော် အဲဒီသွားရမှာမို့ စုကျူးမြို့ဘက်ကိုခရီးထွက်လာရတာပေါ့"

လျှံယင်းချျ၏ဖခင်က အရေးတကြီးပြော၏။

"သား- စုကျူးမြို့ထဲသွားရင် သတိထားသွားနော်၊ စုကျူးမြို့ထဲမှာ မန်ချူးတွေနဲ့မန်ချူးအလိုတော်ရိတွေ ခြေချင်းကိုလိမ်နေကြတာပဲ"

"စိတ်ချပါဖေဖေ- ကျွန်တော်မပေါ့ဆပါဘူး"

လျှံယင်းချျသည် အမိအဖနှင့်ညီမဖြစ်သူတို့အား နှုတ်ဆက်ကာ အိမ်ပြင်သို့ပြန်ထွက်လာလေ၏။

"အင်း- မြင်းဖြူကျောက်ဆောင်နတ်ကွန်းဆီ အရင်မသွားသေးဘူး၊ စုကျူးမြို့ထဲအရင်သွားပြီးစနည်းနာရမယ်၊ ဒါမှ မင်းသမီးလေးနဲ့တွေ့တဲ့အခါ ဘယ်လိုနေရာမျိုးကို ရှောင်တိမ်းရမယ်ဆိုတာ



ကြိုသိမယ်"

လျှံယင်းချျသည် စုကျူးမြို့ထဲ ဝင်ရောက်သွားလေတော့၏။ နေရာတကာ မန်ချူးစစ်သားများကိုတွေ့နေရသဖြင့် လက်သီးဆုပ်မိသည်။ ရင်ထဲနာကျင်မိသည်။

ဤမြို့ကလေးသည် ယခင်က ကိုယ့်ဘုရင်ကိုယ့်သခင်လက်အောက်၌နေခဲ့သောမြို့ဖြစ်သည်။ သူသည် စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်လိုက်သည်။ ဆိုင်ထဲ၌ လူစည်ကားလှသည်။

"ဟင်"

လျှံယင်းချျသည် တစ်ကိုယ်လုံး ရေခဲရေ လောင်းခံလိုက်ရသကဲ့သို့အေးစက်သွားသည်။ နောက်မှ -

တဖြည်းဖြည်း ဒေါသများတလျှံလျှံထလာတော့၏။

သူတွေ့လိုက်ရသူကား အခြားသူမဟုတ်။ သူ့ကိုဒုက္ခပေးပြီးဝေဝေကို သူနှင့်ကွဲအောင်လုပ်ခဲ့သည့် မန်ချူးအလိုတော်ရိအရာရှိတစ်ဦးဖြစ်နေသူ စီးတိန်ကုပေတည်း။

လျှံယင်းချျသည် ဆိုင်ထဲရှိလူ၏ ထက်ဝက်ခန့်မျှရှိသော မန်ချူးစစ်သားများကိုအကဲခတ်ပြီး သူ့မျက်နှာကို တစ်ဘက်သို့လှည့်ထားလိုက်သည်။

သူ့ကို စီးတိန်ကုမြင်၍မဖြစ်ပေ။ သူ့အား မန်ချူး အာဏာပိုင်များက သေဒဏ်ပေးထားကြောင်း စီးတိန်ကုသိရှိထားသည်။

သူ့ကိုမြင်သည်နှင့် မန်ချူးစစ်သားများနှင့် လိုက်လံဖမ်းဆီးမည်မှာသေချာနေပေသည်။

ထိုအကြောင်းကြောင့် လျှံယင်းချျသည် ရင်ထဲ လိပ်တက်လာသောဒေါသများကို အတင်းမျိုသိပ်နေရလေတော့သည်။

"ငါ သိပ်ဒေါသထွက်နေလို့မဖြစ်ဘူး၊ ငါဒေါသထွက်ရင် ငါ ပဲနစ်နာမယ်၊ စီးတန့်ကု ဒီမြို့ကိုဘယ်လိုကြောင့်ရောက်လာသလဲဆိုတာ စုံစမ်းရမယ်"

လျှံယင်းချျသည် သူ့စိတ်ကို သူထိန်း၏။

ဒေါသများဖြစ်နေပါက အမှန်ကိုမမြင်ဘဲ ဒုက္ခရောက်နိုင်ကြောင်း သူသိသည်။ သူ့မျက်နှာကို စီးတိန့်ကုမမြင်စေရန် ကွယ်ဝှက်နေရင်းမှ ဘာလုပ်သင့်သည်ကိုစဉ်းစားသည်။

သူစဉ်းစားနေစဉ်မှာပင် စီးတိန့်ကုနှင့်မန်ချူးစစ်သားများ အုပ်စုလိုက်ထွက်ခွါသွားသဖြင့် လျှံယင်းချျအနေချောင်သွားလေ၏။

"ဒီမှာ ကျပ်တစ်ခုလောက်မေးပါရစေ"

လျှံယင်းချျက သူ့စားပွဲနှင့်မျက်နှာချင်းဆိုင်ထိုင်နေသူအား မေးလိုက်သည်။ ထိုလူ သဘောကောင်းပုံရသည်။

"မေးပါ၊ ဘာမေးချင်လို့လဲ"

"စောစောက မန်ချူးစစ်သားတွေကိုဦးဆောင်ထွက်သွားတဲ့လူကို နောင်ကြီးသိပါသလား"

"ဟင်. . ."

ထိုလူက ရုတ်တရက် ဟင်ခနဲဖြစ်သွားသည်။ စီးတိန့်ကု၏ အကြောင်း ပြောချင်ပုံမရပေ။ ထိုအချက်ကို လျှံယင်းချျ ရိပ်မိလိုက်လေသည်။



"ရှိပါစေတော့ဗျာ၊ နောင်ကြီးမပြောချင်လဲနေပါစေတော့"

ထိုလူက သက်ပြင်းချလိုက်ပြီး. . .

"မပြောချင်ဘူးပေါ့ဗျာ၊ သူ့အကြောင်းပြောတဲ့အတွက် ကောင်းကျိုးကသိပ်မရဘူး၊ ဆိုးကျိုးက အများကြီးရနိုင်သဗျ"

လျှံယင်းချျကခေါင်းညိတ်လိုက်သည်။

"ဖြစ်နိုင်တာပေါ့ဗျာ၊ မန်ချူးအရာရှိပုံစံဖြစ်နေတဲ့လူတစ်ယောက်က ဟန်တရုတ်တွေအတွက် ဘယ်မှာလာကောင်းကျိုးပြုနိုင်မှာလဲ"

ထိုလူသည် လျှံယင်းချျ၏စကားကိုကြားပြီးသည်နှင့် စိတ်ပြောင်းသွားပုံရလေသည်။ စီးတိန့်ကုအကြောင်း စိတ်လိုလက်ရ လိုလိုချင်ချင်ပင်ပြောပြလေတော့သည်။

စီးတိန့်ကု စုကျူးမြို့သို့ရောက်လာသည်မှာ မကြာသေးပေ။ တစ်လခန့်သာ ရှိပေသေးသည်။ သူရောက်လာသည်နှင့် စုကျူးတစ်မြို့လုံး ဒုက္ခရောက်ရတော့သည်ဟုဆိုသည်။

မန်ချူးများကိုတော်လှန်မည်ဟုထင်ရသူများအား ဖမ်းဆီးနှိပ်စက်သည်။ စီးတိန့်ကုမျက်မုန်းကျိုးသူများကိုလည်း မန်ချူးဆန့်ကျင်ရေးသမားများဟုတံဆိပ်တပ်ကာ မတရားဖမ်းဆီးနှိပ်စက်သည်ဟုဆိုသည်။

"သူက ဘယ်နားမှာနေတာလဲဗျ"

လျှံယင်းချျကစပ်စုလိုက်သည်။ ထိုလူက-

"စုကျူးမြို့ရဲ့မြောက်ဘက်က နဂါးရေကန်ဆိုတာရှိတယ်၊

အဲဒီရေကန်ဘေးက ခြံဝင်းကျယ်ကြီးဟာ သူ့အိမ်ကြီးပဲပေါ့ဗျာ"

"ဩော်. . ."

"အဲဒီနားကို ယောင်လို့တောင် သွားမကပ်နဲ့နော်၊ မန်ချူးစစ်သားတွေ တင်းကြပ်စွာစောင့်နေတာဗျာ"

"ဟုတ်ကဲ့- ဟုတ်ကဲ့- ကျွန်တော်မသွားပါဘူး"

လျှံယင်းချုံက အလိုက်အထိုက်ပြောလိုက်သည်။ သို့သော် သူဆိုင်မှထွက်သည်နှင့် ပထမဆုံးရောက်သွားသည့်နေရာမှာ နဂါးရေကန်သာဖြစ်ပေတော့သည်။ စားသောက်ဆိုင်ထဲမှလူ ပြောလိုက်သည့်စကားမှာမှန်၏။ မန်ချူးစစ်သားများသည် စီးတိန်ကု၏ခြံကို အလှည့်ကျကင်းသမားများဖြင့် စောင့်ကြပ်နေသည်။

မျိုးချစ်တရုတ်တော်လှန်ရေးသမားများနှင့် စီးတိန်ကု နှိပ်စက်ခြင်းကိုခံရသူများ၏ရန်မှ ကာကွယ်ရန် ထိုသို့စောင့်ရှောက်နေခြင်းဖြစ်ဟန်တူပေသည်။

"အင်း- နေ့ဘက် ဒီခြံထဲဝင်ဖို့တော့မလွယ်ဘူး၊ ညဘက်မှာဆိုရင်တော့ အဆင်ပြေကောင်း ပြေမယ်၊ အမှောင်ခိုပြီး အထဲဝင်စုံစမ်းရမယ်၊ ဝေဝေ့ကို ဒီကောင် သိမ်းပိုက်ထားကောင်း သိမ်းပိုက်ထားလိမ့်မယ်"

လျှံယင်းချုံသည် နဂါးရေကန်ကို အနည်းငယ်ကြည့်ရှုပြီး လှည့်ပြန်လာခဲ့လေသည်။

✿



မှောင်မိုက်သောည ....

ကြယ်ရောင်မလင်း လမင်းမသာ အမှောင်ဖုံးလွှမ်းနေခြင်းသည် လျှံယင်းချုံအတွက်အခွင့်ထူးကြီးပင်ဖြစ်သည်။

သူသည် မန်ချူးကင်းသမားများ၏အလစ်၌ ခြံစည်းရိုး အနီးသို့ကပ်သည်။ ခြံစည်းရိုးပေါ် သို့ကျော်လွှားပြီး အိမ်ကြီးဆီသို့ ကိုင်းညွတ်ကျနေသောသစ်ပင်ကြီးပေါ် သို့ လျင်မြန်ဖျတ်လတ်စွာ တက်လိုက်သည်။

နောက်တစ်ကြိမ် မန်ချူးကင်းသမားများ လှည့်လာချိန်တွင်မူ သူသည် သစ်ပင်ပေါ်၌ ဘေးကင်းစွာထိုင်နေလေပြီ။

ထိုကင်းဖြတ်ကျော်သွားသောအခါမှ သစ်ကိုင်းများအထိ ဖြည်းညင်းစွာတွယ်တက်သွားသည်။ ကံကောင်းလေစွ ....

လျှံယင်းချုံတက်သွားသည့်ကိုင်းများသည် စီးတိန်ကု၏ ဧည့်ခန်းပြတင်းပေါက်နှင့် တည့်တည့်ဖြစ်နေသည်။

✿

ဝေဝေသည် ဧည့်ခန်းထဲ၌ လက်ထောက်၍ငေးငိုင်နေ၏ သူမ၏စိတ်အစဉ်သည် လျှံယင်းချုံထံသို့သာရောက်နေသည်။

လျှံယင်းချုံကို သူမသည် တစ်နေ့မျှမမေ့ခဲ့ချေ။

လျှံယင်းချုံနှင့်သူမတို့ ပျော်ရွှင်ကြည်နူးခဲ့ပုံများကို သူမ တမ်းတနေမိသည်။

ယခုမူ သူမသည် လွတ်လပ်စွာမသွားနိုင်တော့ပေ။

"ကျွီ"

ထိုစဉ် တံခါးမကြီးပွင့်သွားပြီး စီးတိန်ကု ဧည့်ခန်းထဲသို့ဝင်လာသည်။

စီးတိန်ကုသည် ဝေဝေအနီးထိုင်ခုံ၌ဝင်ထိုင်သည်။ ဝေဝေက အခြားထိုင်ခုံတစ်လုံးသို့ရွှေ့ပြောင်းထိုင်သည်။

ထိုအပြုအမူကို စီးတိန်ကု စိတ်ဆိုးဟန်မတူပေ။

ပြုံးမြဲပြုံးနေလေသည်။ စီးတိန်ကုက-

"အစ်ကိုကြီးရဲ့မေတ္တာကို ညီမလေး သဘောပေါက်လောက်ပါပြီကွယ်"

သူ၏အသံက ပျားရည်ဆမ်းထားသည့်အလား ချိုမြနေ၏။

စီးတိန်ကုသည် အခြားနေရာများ၌ အလွန်တရာ ညစ်ပတ်ကောက်ကျစ်သူဖြစ်သော်လည်း ဝေဝေ့ကိုမူ အဓမ္မသိမ်းပိုက်ခြင်းမရှိခဲ့ပေ။ ဝေဝေ စိတ်လိုလက်ရ လက်ထပ်ခွင့်ပေးမှ ပေါင်းသင်းမည်ဟုကတိပေးခဲ့ပေသည်။

သို့သော် ဝေဝေ့ကိုမူ လွတ်လပ်စွာမထားပေ။

အကျယ်ချုပ်သဘောမျိုး ချထားသည်။ စီးတိန်ကုက-

"ဒီလောက် ရက်ပေါင်းများစွာကြာတဲ့အချိန်တွေ အတွင်းမှာ ညီမလေးကို အစ်ကိုကြီးကလက်ဖျားနဲ့တို့ခဲ့သလား၊ ညီမလေးကို အစ်ကိုကြီး မေတ္တာစစ်မေတ္တာမှန်နဲ့ချစ်ကြောင်း ညီမလေးသိသင့်ပါတယ်၊ အစ်ကိုကြီးကို နည်းနည်းလေးမှမညှာတော့ဘူးလား"



ဝေဝေက ဖြည်းညင်းစွာခေါင်းခါသည်။

"ဘယ်လိုလုပ်မေတ္တာမျှနိုင်ပါ့မလဲရှင်၊ ရှင်လုပ်လိုက်တဲ့ကိစ္စကိုပဲ ပြန်စဉ်းစားပါဦး၊ အခုဆိုရင် ကျွန်မချစ်သူ သေများသေပြီလားတောင် မပြောနိုင်ဘူး"

"ညီမလေးရဲ့ချစ်သူကို အစ်ကိုကြီး သတ်မပစ်ပါဘူးကွာ၊ မန်ချူးစစ်သားတွေက ဖမ်းပြီးခေါ်သွားတာပါ"

"အဲဒါ ရှင့်ရဲ့စနက်ပဲဥစ္စာ၊ ရှင့်အနေနဲ့ ကျွန်မကို အတင်းအဓမ္မသိမ်းပိုက်လို့ ရချင်ရမယ်၊ ဒါပေမယ့် ကျွန်မရင်ထဲက မေတ္တာကိုတော့ ရှင် ဘယ်လိုမှမရနိုင်ပါဘူး"

စီးတိန်ကုက သက်ပြင်းချလိုက်သည်။

"ထားပါတော့လေ- ညီမလေး စိတ်မပါရင် အစ်ကိုကြီးက ဘာမှမလုပ်ပါဘူးကွယ်၊ ကိုင်း- ညီမလေးသာ လန်းလန်းဆန်းဆန်းဖြစ်အောင်နေပါ၊ ညီမလေး စိတ်ရွှင်ရွှင်လန်းလန်းဖြစ်ရင် ညီမလေးကို လျှံယင်းချုံဆီပြန်ပို့ပေးပါ့မယ်"

စီးတိန်ကုက လက်ခုပ်တီးလိုက်သည်။

အစေခံအမျိုးသမီးတစ်ယောက်သည် ဟင်းလျာခွက်သုံးမျိုးပါသော လင်ပန်းတစ်ချပ်ကိုသယ်ဆောင်လာသည်။

စီးတိန်ကုက ဟင်းလျာခွက်တစ်ခွက်ကိုလှမ်းယူပြီး ဝေဝေ့ထံသို့ လှမ်းပေးလိုက်လေသည်။

"ကဲ- ညီမလေးက ဘာမှမစားဘူးလို့ အိမ်ဖော်တွေကပြောကြတယ်၊ အားရှိသွားအောင် ဒါလေးသောက်လိုက်ပါနော်"

ဝေဝေက ထိုဟင်းချိုခွက်ကိုပုတ်ထုတ်ပစ်လိုက်သည်။

"ခြွမ်း"

ဟင်းချိုပန်းကန်ကျကွဲသွားသည်။ ဝေဝေ၏လက် သည်လည်း ပန်းကန်ကွဲရှသွားသည်။ သွေးများ ဖြာခနဲကျလာသည်။

စီးတိန့်ကက သူ့အိမ်ဖော်များကို ပတ်တီးစတောင်းသည်။ ဝေဝေ၏လက်ကိုအတင်းလှမ်းဆွဲပြီး ပတ်တီးစည်းပေးတော့သည်။

ကံဆိုးလေစွတကား...

သစ်ပင်ကိုင်းများပေါ်သို့ တဖြည်းဖြည်းတက်လာသော လျှံယင်းချျသည် စည့်ခန်းထဲ၌လူစုစုကိုမြင်နေသော်လည်း ဘာမှန်းမသိခဲ့ပေ။

စီးတိန့်ကက ဝေဝေ၏လက်ကို ကြင်နာယုယဟန်ဖြင့် ပတ်တီးစီးပေးနေသည်ကိုမြင်သောအခါ မျက်လုံးများပြာဝေသွားသည်။

သစ်ပင်ပေါ်မှ လိမ့်ကျမလိုဖြစ်သွားသည်။

သို့သော် ကံကောင်းထောက်မစွာ သစ်ကိုင်းတစ်ကိုင်းကို ဆွဲလိုက်မိသဖြင့် သစ်ပင်ပေါ်မှလိမ့်မကျဘဲရှိရသည်။

လျှံယင်းချျသည် ဝေဝေ့အပေါ် လွန်စွာ နာကြည်းသွား၏။ သစ်ပင်ပေါ်မှ ပြန်လည်ဆင်းသက်လာခဲ့သည်။ ကင်းသမားများကို လုံးဝဂရုမစိုက်ဘဲ ခြံစည်းရိုးများကို ခုန်ပျံကျော်လွှားထွက်လာခဲ့၏။

ကင်းသမားများ ရှိမနေသဖြင့် သူနှင့်တိုက်ပွဲဖြစ်ပွါးခြင်းလည်း မရှိခဲ့ပေ။

✿



မြင်းဖြူကျောက်ဆောင်နတ်ကွန်း...

လျှံယင်းချျသည် မြင်းဖြူကျောက်ဆောင် နတ်ကွန်းရှေ့ ကျောက်ဆောင်ကြီးအောက်၌ဝင်ထိုင်နေသည်။ သူ့ရင်ထဲ၌ ဝေဝေ့ကိုနာကြည်းစိတ်များသာ ကြီးထွားလာနေသည်။

မည်သည့်နည်းနှင့်မဆို-

ဝေဝေ့ကိုစောင့်၍သတ်မည်ဟု တဒင်္ဂအားဖြင့် သူဆုံးဖြတ်မိခဲ့သေးသည်။ သို့သော် မင်းသမီးကလေးကိုစောင့်ရှောက်ပြီး မိုးနဂါးတောင်သို့ပို့ရမည့်တာဝန်ကိုသတိရလာသဖြင့် သူ၏အမိုက်စိတ်ကို သတိချွန်းဖြင့်အုပ်နိုင်လိုက်သည်။

ထို့ကြောင့် မြင်းဖြူကျောက်ဆောင်နတ်ကွန်းသို့ ရောက်ရှိလာခြင်းဖြစ်ပေသည်။ သူရောက်ချိန်၌ မင်းသမီးကလေးမှာ လုံးဝမရောက်ရှိသေးချေ။

"ငါကပဲစောနေသလားမသိဘူး၊ ဒီပတ်ဝန်းကျင်တစ်ဝိုက်လှည့်ရှာနေရင်း မင်းသမီးကလေးနဲ့တိုးမှာ သေချာပါတယ်"

ထိုသို့တွေးလိုက်မိသဖြင့် လျှံယင်းချျသည် မြင်းဖြူကျောက်ဆောင်နတ်ကွန်းမှ ထလာခဲ့လေတော့သည်။

လျှံယင်းချျထွက်သွားပြီးမကြာမီ ကျေးတောသူမအသွင် ရုပ်ဖျက်ထားသောမင်းသမီးကလေးသည် မြင်းဖြူကျောက်ဆောင်

နတ်ကွန်းရှေ့သို့ရောက်ရှိလာလေသည်။

ဤသို့ ရောက်ရှိလာနိုင်ခြင်းအတွက် မင်းသမီးကလေးအား တကယ်ချီးကျူးသင့်သည်။

မင်းသမီးကလေးသည် နန်းတော်၌သာ အချိန်ကုန်ခဲ့ရသူဖြစ်သည်။ နန်းဝလေ့များသည် သူ့အဖို့ ဆန်းလှသည်မဟုတ်ချေ။ ကျေးတောသူ၊ ကျေးတောသား သူဆင်းရဲမတို့၏ဓလေ့ကား သူမအဖို့ လွန်စွာဆန်းလှသည်။

သို့စင်လျက်မှ သူမသည် ရန်သူမန်ချူးများနှင့် ဆင်းရဲသားဟန်တရုတ် တစ်ဦးတစ်ယောက်မျှသံသယမရှိစေရန် စုံစမ်းမေးမြန်းပြီး မြင်းဖြူကျောက်ဆောင်နတ်ကွန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင်လာနိုင်စွမ်းရှိခဲ့ပေသည်။

သို့ရာတွင် မကြာမီပင် မင်းသမီးကလေးစိုးရိမ်သွားသည်။

အဘယ့်ကြောင့်ဆိုသော် လျှံယင်းချုံကို အဆင်သင့်မတွေ့သောကြောင့်တည်း။

သူမအဖို့ လျှံယင်းချုံသည်လွန်စွာအရေးကြီးလှသည်။ သူမနှင့်အတူ ကိုယ်ရံတော်တစ်ဦးဦးပါလာခဲ့လျှင် သူမအဖို့ အကြောင်းမဟုတ်ချေ။

ယခု ကိုယ်ရံတော်တစ်ဦးတစ်ယောက်မျှ ပါမလာတော့ချေ။

တစ်ယောက်တစ်လေ အသက်ရှင်ကျန်ရစ်ကောင်း ကျန်ရစ်နိုင်သည်ဟူသောအတွေးမှာ မတွေးဝံ့ မတွေးကောင်းသောအရာဖြစ်သည်။



ကိုယ်ရံတော်လေးဦးရှိနေသည့်တည်းခိုဆိုင်ကို မန်ချူးစစ်သားများစွာဝိုင်းထားသည်ကို သူမကိုယ်တိုင်တွေ့မြင်ခဲ့ရသည်မဟုတ်ပါလား။

မိုးနဂါးတောင်ခြေခရီးကို သူမတစ်ယောက်တည်း မည်သည့်နည်းနှင့်မျှ မသွားနိုင်ပေ။

သွားလျှင်လည်း ခရီးထက်ဝက်၌ မန်ချူးများ၏အဖမ်းအဆီးခံရမည်မှာ မုချဖြစ်သည်။

ထို့ကြောင့် သူမသည် လျှံယင်းချုံကိုလွန်စွာတွေ့လိုခြင်းဖြစ်ပေသည်။ ယခုသော် လျှံယင်းချုံက ရှိမနေချေ။

"အင်း- ဘာပဲဖြစ်ဖြစ်၊ ဒီမှာ ခဏလောက်တော့စောင့်ကြည့်ရမှာပဲ"

မင်းသမီးကလေးသည် တစ်ကိုယ်တည်းရေရွတ်ပြီးလျှင် ကျောက်ဆောင်အောက်၌ ဝင်ခိုနေလိုက်သည်။

တစ်နေကုန်သည်အထိ လျှံယင်းချုံ ပေါ်မလာသောအခါ မင်းသမီးကလေး ဘာလုပ်၍ဘာကိုင်ရမည်မှန်းမသိဘဲ ဖြစ်သွားရလေတော့သည်။

"သူ ရောက်ချင်ရောက်နေမယ်၊ ငါရောက်နေတာ သူသိအောင် လူလုံးထွက်ပြရင်ကောင်းမယ်ထင်တယ်"

မင်းသမီးကလေးသည် အတော်အတင့် လုံခြုံမှုရှိသော ကျောက်ဆောင်အောက်မှထွက်လာခဲ့လေသည်။

လာတော့လာပါသည်။ သူမ ထင်ထားသည့် လျှံယင်းချုံ

တော့ ရောက်မလာပါ။ အနက်ရောင်သိုင်းဝတ်စုံဝတ်လျက် မျက်နှာဖုံးစွပ်ထားသောလူတစ်ယောက်သာ ဖြစ်ပါလေသည်။

ထိုသူသည် မြင်းဖြူကျောက်ဆောင်နတ်ကွန်းအောက်မှ မိန်းကလေးတစ်ဦးထွက်လာသည်ကိုမြင်သောအခါ ပထမ၌ အံ့သြသွားသည်။ နောက်မှ ပြုံးဖြဲဖြဲဖြစ်သွားပြီး မင်းသမီးလေးထံ ခုန်ဝင်လာသည်။

"ရှင်- ရှင် ဘယ်သူလဲ"

မင်းသမီးကလေးသည် ပထမ၌ထိတ်လန့်သွားသည်။

သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်ကာပြန်မေးလိုက်သည်။

"ကျုပ်ဘယ်သူဆိုတာ မကြာခင်သိရမှာပေါ့ဗျာ"

ထိုလူက မင်းသမီးကလေးကိုဖမ်းချုပ်ရန် ကြိုးစားလိုက်လေသည်။

မင်းသမီးလေးက ရုန်းကန်သောအခါ အကြောကိုထိုးပိတ်လိုက်လေတော့သည်။ မင်းသမီးကလေး လုံးဝမလှုပ်ရှားနိုင်သောအခါမှ မွေ့ချီပြီး မြင်းဖြူကျောက်ဆောင်နတ်ကွန်း၏မြောက်ဘက်သစ်တောအုပ်ထဲသို့ သယ်ဆောင်သွားလေတော့သည်။

❖

## မင်းသမီးလေးကိုတွေ့ရှိခြင်း

ကြီးမားခန့်ညားသော ဂေဟာကြီးတစ်ခု ....

ခြံဝင်းကျယ်ကြီးတစ်ခုအတွင်း၌ ဂေဟာကြီး၏တံခါးမကြီးတစ်ဘက်တစ်ချက်တွင် ကျောက်ခြင်္သေ့ရုပ်ထုကြီးတစ်ကောင်စီ ရှိနေသည်။ စုကျူးမြို့၌ ဤဂေဟာကို မသိသူမရှိပါ။

အဘယ်ကြောင့်ဆိုသော်- ဤဂေဟာ၏အရှင်သခင်မှာ စုကျူးမြို့စားကြီးဖြစ်သောကြောင့်တည်း။

စုကျူးသည် ပထမပိုင်း၌ တောင်ပိုင်းဟန်တရုတ်ဘုရင်၏ လက်အောက်ခံမြို့ဖြစ်သည်။ အမြင်အားဖြင့် စုကျူးမြို့စားကြီးသည် တရုတ်ဘုရင်၏သစ္စာတော်ခံဖြစ်သည်။

စုကျူးမြို့၏ အချက်အလက်သတင်းများ၊ တောင်ပိုင်းမြို့များ၏လျှို့ဝှက်သတင်းများကို မန်ချူးများထံ ရောင်းစားနေသူဖြစ်သည့်အတွက် မန်ချူးများက စုကျူးမြို့ကိုသိမ်းပိုက်ပြီးသောအခါ

သူ့ကိုပင် စုကျူးမြို့စားအဖြစ်ပြန်လည်ခန့်အပ်ခဲ့ကြလေသည်။

စုကျူးမြို့စားကြီးသည် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လျက် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေလေသည်။

မြို့စားကြီးရှေ့တွင် ကြေးမုံသိုင်းသမားက ဒူးထောက်နေသည်။ အတန်ကြာမှ မြို့စားကြီးသည် ကြေးမုံသိုင်းသမားရှေ့သို့ လာရပ်၏။

"မင်းက ဘာကြောင့် မင်းသမီးလေးသေအောင်လုပ်ရတာလဲ၊ မင်းလက်ထဲကို မန်ချူးသိုင်းသမားတွေ စိတ်ကြိုက်အသုံးပြုနိုင်ဖို့ ငါထည့်ပေးလိုက်တာ နည်းတာမှမဟုတ်ဘဲ"

ကြေးမုံသိုင်းသမားက ခေါင်းငိုက်စိုက်ချပြီးဖြေ၏။

"ကျွန်တော် သေအောင်လုပ်တာမဟုတ်ပါဘူး၊ မင်းသမီးကလေးကထွက်ပြေးတာပါ၊ ချောက်ထဲကိုခုန်မချအောင် ကျွန်တော်တို့ တားလို့မရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းသမီးကလေးဟာ ကျွန်တော်တို့နဲ့ တော်တော်ကလေးအလှမ်းဝေးနေလို့ပါ"

"ကိုယ်အသုံးမကျတာကို စောဒကတက်ပြမနေစမ်းပါနဲ့၊ မင်းသမီးကလေးရဲ့သက်တော်စောင့်တွေ သေပြီဆိုကတည်းက မင်းသမီးကလေးကို အရှင်ဖမ်းနိုင်ဖို့ကောင်းနေပြီ"

"သက်တော်စောင့်တွေ သေကုန်တယ်ဆိုတာတော့ မှန်ပါတယ်၊ ဒါပေမယ့် မြင်းထိန်းဆိုတဲ့ကောင်တော့ ကျန်နေပါသေးတယ်၊ မင်းသမီးလေးကို အဲဒီမြင်းထိန်းဆိုတဲ့ကောင်က ကယ်ထုတ်သွားတာပါ"



"ဘာ- မင်းတို့ ငါ့ကိုအစီရင်ခံတုန်းက မြင်းထိန်းအကြောင်း ဘာမှမပါပါကလား"

"ကျွန်တော်တို့ကလဲ မြင်းထိန်းအကြောင်း ဘာမှသတင်းမရပါဘူး၊ သူ့ရဲကောင်းခုနစ်ယောက်ဆိုတဲ့ သက်တော်စောင့်တွေအကြောင်းပဲ သတင်းရပါတယ်၊ တကယ့်အစစ်အမှန်ကတော့ မြင်းထိန်းဟာ သိုင်းပညာအတော်ကောင်းနေပါတယ်"

"ဩော်- စုဘူးဝှက်က ငါတို့ကိုမျက်စိလှည့်သွားတာကိုး"

"ဟုတ်ပါတယ်မြို့စားကြီး၊ သိုင်းပညာကောင်းတဲ့လူကို မင်းသမီးလေးရဲ့အနီးမှာ ကပ်ထားတာပါ"

"အဲဒီမြင်းထိန်း ဘယ်သူဆိုတာသိသလား"

"မသိပါဘူးခင်ဗျာ၊ နာမည်ကျော်သိုင်းသမားဆိုရင်တော့ ကျွန်တော်တို့သိမှာပါ"

မြို့စားကြီးက ဒေါသဖြင့်အမိန့်ပေးလိုက်သည်။

"နောက်တစ်ခါ အဲဒီမြင်းထိန်းကိုတွေ့ရင် အသေသတ်ပစ်လိုက် ဒီကောင်အန္တရာယ်ကောင်"

"ဟုတ်ကဲ့- အမိန့်အတိုင်းဆောင်ရွက်ပါ့မယ်"

ကြေးမုံသိုင်းသမားနောက်ဆုတ်ပြီး ထွက်သွားလေတော့၏။

မြို့စားကြီး၏ဂေဟာမှ ကြေးမုံသိုင်းသမား ထွက်ခွါသွားပြီးနောက် တစ်ကိုယ်လုံးသွေးခြင်းခြင်းနီနေသော မန်ချူးစစ်သားတစ်ယောက် ဒယီးဒယိုင်ဖြင့်ရောက်ရှိလာသည်။

ဂေဟာစောင့်မန်ချူးစစ်သည်များက ဒဏ်ရာရစစ်သည်

များကိုဖေးမတွဲကူကြသည်။

မြို့စားကြီးရှေ့သို့ ပို့ဆောင်ပေးကြသည်။

မန်ချူးစစ်သားကိုမြင်သောအခါ မြို့စားကြီးထိတ်လန့်တုန်လှုပ်သွားသည်။

"ဟင်- မင်းတစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနဲ့ချည်းပဲ ဘယ်လိုဖြစ်လာတာလဲ"

ထိုမန်ချူးစစ်သားမှာ ချန်းနီကျောက်ဆောင်ပေါ်မှ ခုန်မချမီ သစ်ပင်ပေါ်တက်ရောက်ပုန်းနေပြီး ချန်းနီနှင့်လျှံယင်းချုံတို့ ပြောကြားသည့်စကားများကို ခိုးနားထောင်ခဲ့သူပင်ဖြစ်သည်။

မန်ချူးစစ်သားက သူသိသမျှတို့ကို ရှင်းလင်းအစီရင်ခံလိုက်၏။ မြို့စားကြီးမှာ အကြီးအကျယ်အံ့အားသင့်သွားသည်။

"ဟင်- ဒါဖြင့်"

"ဟုတ်ပါတယ်- ချောက်ထဲကျသွားတာ မင်းသမီးအစစ်မဟုတ်ပါဘူး၊ မင်းသမီးအတုပါ"

စုကျူးမြို့စားကြီးက ဒေါသတကြီးဖြင့်အော်လေသည်။

"စုဘူးဝှက်- စုဘူးဝှက်၊ ဒီကောင်ကြီးဟာ ငါ့ကိုအတော်လှည့်စားတဲ့ကောင်ကြီးပဲ၊ ဒီကောင်ကြီးကို အရင်သတ်မှအေးမယ်"

စုကျူးမြို့စားကြီးသည် အမတ်ကြီးစုဘူးဝှက်ကို စွေ့စွေ့ခုန်ဒေါသထွက်နေလေသည်။ အတန်ကြာမှ-

"ဒါထက်နေစမ်းပါဦး၊ မင်းသမီးအစစ်က ဘယ်ရောက်သွားသလဲ၊ ငါတို့တော့ စုဘူးဝှက်နှပ်ပစ်တာကိုခံနေရပါပြီ"



"မင်းသမီးအစစ်ဟာ ဘယ်လမ်းကသွားတယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် မင်းသမီးကိုတွေ့နိုင်မယ့်နေရာတော့ ကျွန်တော်သိခဲ့ရပါတယ်"

"ခွေးကောင်- ဘာဖြစ်လို့ စကားချန်နေရတာလဲ၊ မြန်မြန်ပြောစမ်း၊ ဘယ်နေရာလဲ"

"မြင်းဖြူကျောက်ဆောင်နတ်ကွန်းပါ"

ထိုမှနောက်ပိုင်းတွင် မန်ချူးစစ်သည် တစ်ရာငါးဆယ်ခန့်သည် စုကျူးမြို့စားကြီးဂေဟာမှ တက်သုတ်ရိုက်ထွက်ခွာသွားကြလေတော့သတည်း။

❁

မန်ချူးစစ်သားများ စုကျူးမြို့စားဂေဟာမှထွက်ခွာနေစဉ်မှာပင် လျှံယင်းချုံသည် မြင်းဖြူကျောက်ဆောင်နတ်ကွန်းသို့ ပြန်လည်ရောက်ရှိလာလေသည်။

မင်းသမီးကလေးရောက်ရှိမနေသည့်အတွက် လျှံယင်းချုံ လွန်စွာစိတ်ပျက်သွားသည်။

ထိုစဉ် ကျောက်ဆောင်အောက်၌ ပြောင်လက်တောက်ပသောအရာဝတ္ထုကလေးတစ်ခုကို သူတွေ့လိုက်ရလေသည်။

လျှံယင်းချုံက ကောက်ယူကြည့်လိုက်သောအခါ အနက်ရောင်ကျားရုပ်ကလေးဖြစ်နေသည်ကို တွေ့ရသည်။

ထိုအခါကျမှ လျှံယင်းချိုသည် ခြေရာလက်ရာများကို အကဲခတ်ရတော့သည်။ ရှုပ်ထွေးနေသောခြေရာများကိုကြည့်ပြီး မင်းသမီးကလေး ရောက်ကောင်းရောက်နေနိုင်သည်။

ဤဒေသတစ်ဝိုက်သောင်းကျန်းနေသော ကျားနက်ဂိုဏ်းသားများက ဖမ်းဆီးသွားကောင်း သွားနိုင်သည်ကိုတွေးမိလာလေသည်။ လျှံယင်းချိုသည် စုကျူးမြို့အနီးရှိကျေးရွာ၌ မွေးဖွါးခဲ့သူဖြစ်၍ ဤအရပ်ဒေသကိုကျွမ်းသည်။

မြင်းဖြူကျောက်ဆောင်နတ်ကွန်း၏မြောက်ဘက်ရှိ သစ်တောထဲ၌ ကျားနက်ဂိုဏ်းသားများပုန်းခိုတတ်ကြောင်း ကောင်းစွာသိထားသည်။ ထို့ကြောင့် ထိုသစ်တောရှိရာသို့ အပြေးအလွှားလိုက်ရလေတော့သည်။ သစ်တောအဝင်ဝ၌ပင် မင်းသမီးလေးကို ဖမ်းသွားသူအား မိလေသည်။

"ဟေ့ကောင်- ရပ်လိုက်"

လျှံယင်းချိုကလှမ်းအော်လိုက်ရာ ထိုလူလည်း သမင်လည်ပြန်လှည့်ကြည့်သည်။

"မင်းနဲ့ဘာဆိုင်သလဲ"

ကျားနက်ဂိုဏ်းသားက ပြန်လည်ဟောက်လိုက်သည်။

လျှံယင်းချိုက-

"မင်းလက်ထဲက မိန်းကလေးကိုချခဲ့စမ်း"

"မင်းနဲ့ဘာဆိုင်လဲ၊ သူ့နိုးလက်ကသူဝှက်လုလို့ ရမလားကွ"

"အေး- ကြည့်ကြသေးတာပေါ့ကွာ"



လျှံယင်းချိုသည် ခုန်ဝင်လာသည်။

လျှံယင်းချိုအား အထင်သေးသည့် ကျားနက်ဂိုဏ်းသားသည် မင်းသမီးလေးကိုမြေပြင်ပေါ်၌ချထားလိုက်ပြီး ပြန်လှန်ခုခံသည်။ သို့သော် သိုင်းကွက်ငါးဆယ်တွင် သူ့အနေဖြင့် လျှံယင်းချိုအား မည်သို့မျှမနိုင်နိုင်ကြောင်းသိလိုက်ရလေသည်။

ကျားနက်ဂိုဏ်းသားသည် မင်းသမီးလေးကိုလှည့်၍ပင် မကြည့်နိုင်တော့ဘဲ ထွက်ပြေးသွားလေတော့သည်။ လျှံယင်းချိုက မင်းသမီးလေး၏သွေးကြောများကို ပြန်ဖွင့်ပေးလိုက်လေသည်။

"ဟင်"

လျှံယင်းချို စိတ်ပူသွားသည်။ အဘယ့်ကြောင့်ဆိုသော် ကြမ်းတမ်းလှသောခရီး၌ ပြေးလွှားခဲ့ရသည့်မင်းသမီးကလေးသည် အပြင်းဖျားနေသည်ကို သိလိုက်ရသောကြောင့်ပေတည်း။

ထို့ကြောင့် မင်းသမီးကလေးကိုပွေ့ချီကာ သူ့မိဘများအိမ်ဆီသို့ အလျင်အမြန်ပြေးရလေတော့သည်။

✿

လူတစ်ယောက် ....

အမှောင်ခိုကာ အမတ်ကြီးစုဘူးဝှက်အိမ်ဆီသို့ ချဉ်းကပ်လာနေသည်။ သူကား ခွန်းလွန်ဂိုဏ်းသား ရွှေလက်မောင်း သိုင်းသမားပင်ဖြစ်သည်။

အသက်နှစ်ဆယ့်ခုနစ်နှစ်ခန့်သာရှိသေးသဖြင့် ငယ်ရွယ်သော သိုင်းသမားတစ်ဦးအဖြစ်မှတ်ယူနိုင်ပေသည်။

သူခြံထဲခုန်ဝင်လိုက်စဉ်တွင် အထဲမှအစောင့်တစ်ဦးက လှံတစ်ပြက်ဝင်တိုက်သည်။ ရွှေလက်မောင်းသိုင်းသမား ရင်ထိတ်သွားသည်။

အသည်းအသန်ရှောင်တိမ်းလိုက်ရသည်။

ငါးကွက်ခန့်ရှောင်ပြီးမှ သူစိတ်အေးသွားသည်။

"လူမှားမယ်ညီမလေး- ငါပါ"

ရွှေလက်မောင်းသိုင်းသမားက ခပ်အုပ်အုပ်ပြောလိုက်၏၊ သူ့အသံကို တစ်ခြံလုံး မကြားစေလိုပါ။

တိုက်ခိုက်နေသူလည်း ရပ်သွားသည်။ တိုက်ခိုက်နေသူမှာ ကျင်းဟန်ရီဖြစ်ပါသည်။

"ဟင်- အစ်ကိုလား၊ ဘာလာလုပ်တာလဲ"

"ဆရာမကခိုင်းလိုက်လို့ လာတာပါညီမလေးရဲ့"

"ဆရာမက ဘာခိုင်းလိုက်လို့လဲ"

"ညီမလေးကိုခေါ် ခိုင်းလိုက်လို့ပါ"

"ဘာများအရေးကြီးနေလို့လဲ"

"သိပ်အရေးကြီးတာပေါ့၊ ဟိုသတင်း မသိဘူးလား"

"ဘာသတင်းလဲ"

"မိုးနဂါးသတင်းလေ၊ မိုးနဂါးဓားဟာ ချန်ရှောင်လိုက်ဂူထဲမှာရှိတယ်ဆိုတဲ့သတင်းဟာ သိုင်းလောကတစ်ခုလုံးပျံ့နှံ့နေတာပဲ၊



ဆရာမကလဲ ဒီဓားကို ရအောင်ကြိုးစားနေတယ်"

ကျင်းဟန်ရီ စိတ်ရှုပ်သွားသည်။

"အဲဒီကိစ္စအတွက် ညီမလေးကိုခေါ် ခိုင်းတယ်ဟုတ်လား"

"ဟုတ်တယ်"

"ညီမလေးကို ရှာခိုင်းမလို့လား"

"ဒီလိုတော့လဲ ဟုတ်မယ်မထင်ဘူး၊ သူနဲ့အတူ ညီမလေးကို ခေါ်သွားချင်လို့ ဖြစ်ချင်ဖြစ်မယ်"

ကျင်းဟန်ရီ သက်ပြင်းချလိုက်သည်။

"ညီမလေး မလိုက်နိုင်ဘူး"

"ဘာကြောင့်လဲညီမလေးရယ်၊ ဆရာမ အမိန့်ပဲဥစ္စာ"

ကျင်းဟန်ရီ၏အသံက ပိုနူးညံ့သွားလေသည်။

"ညီမလေးမှာကိစ္စတစ်ခုရှိနေလို့ မလိုက်ချင်သေးတာပါ၊ ဒီကိစ္စဟာ အစ်ကို့အပေါ် မှာမူတည်နေပါတယ်၊ အစ်ကို့အနေနဲ့ ညီမလေးကိုရှာလို့ မတွေ့သေးဘူးဆိုရင် ဆရာမ ဘာမှမတတ်နိုင်ပါဘူး၊ တကယ်လို့သာ ဆရာမက နောက်ထပ်ဂိုဏ်းတူညီအစ်ကို တစ်ယောက်ယောက်ကို လိုက်ရှာခိုင်းတယ်ဆိုရင် ညီမကိစ္စက ပြီးစီးနေလောက်ပါပြီ"

ရွှေလက်မောင်းသိုင်းသမား ငိုင်သွားလေသည်။

သူသည် စိတ်ထားနိုင်ကျည်သောလူမဟုတ်ပါ။ စိတ်ထားပျော့သဖြင့် တစ်ဘက်လူကလေသံပျော့ပျော့နှင့်ပြောလျှင် ထိုလူ၏ စိတ်သဘောသို့ အလွယ်တကူလိုက်တတ်သူဖြစ်သည်။

ထို့ပြင် သူသည် ကျင်းဟန်ရီကိုချစ်မြတ်နိုးနေသူဖြစ်၏၊

ထို့ကြောင့် ကျင်းဟန်ရီနှင့် ပို၍ဆန့်ကျင်ဘက်မလုပ်လိုသူဖြစ်သည်။ ခွေလက်မောင်းသိုင်းသမားအတန်ကြာငိုင်နေသည်။

ကျင်းဟန်ရီက နူးညံ့သောလေသံဖြင့်ဆက်ပြောလိုက်၏၊

"အစ်ကို့ကို ညီမလေးတစ်ခုပြောမယ်၊ အစ်ကိုလဲ အပြစ်မကျအောင်ပေါ့၊ ညီမဆီကပြန်သွားတာနဲ့ ဆရာမဆီ ချက်ချင်းမပြန်ပါနဲ့၊ ဆယ့်လေးငါးရက်လောက် သွားချင်တဲ့နေရာကို လျှောက်သွားနေပါဦး၊ ဆရာမကမေးရင် လိုက်ရှာနေရလို့ ကြာတာပါလို့ပြောပေါ့၊ ကျန်တဲ့ဂိုဏ်းတူမောင်နှမတစ်ယောက်ယောက်ကို ထပ်ရှာခိုင်းရင် တစ်လ တစ်လခွဲလောက်ထပ်ကြာသွားနိုင်တာပေါ့ မဟုတ်ဘူးလား"

ခွေလက်မောင်းသိုင်းသမားက သက်ပြင်းချလေသည်။

"အင်း- ညီမလေးက မလိုက်ချင်သေးရင် ငါအတင်းမခေါ်တော့ပါဘူး"

"ညီမလေး ပြောသလိုပြောရင် အစ်ကို့ကို ဆရာမ အပြစ်ယူမှာမဟုတ်ပါဘူး"

"အဲသလိုပြောရတော့မှာပေါ့လေ"

ခွေလက်မောင်းသိုင်းသမားသည် အမှောင်ရိပ်ထဲသို့ ပြန်လည်ခုန်ထွက်သွားလေသည်။ ကျင်းဟန်ရီလည်း အမှောင်ထဲသို့ ငေးမောကျန်ရစ်ခဲ့လေတော့သည်။

✿

## ကောက်ကျစ်သူ၏အကြံဉာဏ်

စုကျူးမြို့စားကြီး ဒေါသထွက်နေပြန်လေပြီ။

သူ့ရှေ့၌ ဒူးထောက်ထိုင်နေသည့်မန်ချူးစစ်မှူးကို သူအလွန်ဒေါသထွက်နေသည်။ သေချာပေါက်သတင်းရထားပါလျက် ဇွဲ့ရှမ်းမင်းသမီးကလေးကို ဖမ်းဆီးခေါ်မလာနိုင်သည့်အတွက် မန်ချူးစစ်သားများနှင့် ခေါင်းဆောင်စစ်မှူးကို သူအလွန်ဒေါသထွက်နေသည်။

ထိုအချိန်မှာပင် စီးတိန့်ကုသည် မြို့စားကြီး၏ရှေ့မှောက်သို့ ဝင်ရောက်လာလေတော့သည်။

စီးတိန့်ကုက မြို့စားကြီးကို လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။

"ဘာများအရေးကြီးလို့ ခေါ်ခိုင်းပါသလဲမြို့စားကြီး"

မြို့စားကြီးက အခြေအနေအရပ်ရပ်ကိုရှင်းပြလိုက်သည်။

"ဒီကိစ္စက အတော်သိမ်မွေ့နေပြီ၊ မန်ချူးစစ်တပ်ကြီး တစ်
တစ်လုံးနဲ့လိုက်ဖမ်းတာထက် ထက်မြက်တဲ့လူတစ်ယောက်တည်း
လိုက်ဖမ်းတာက ပိုအဆင်ပြေလိမ့်မယ်လို့ ကျုပ်ယူဆတယ်"

စီးတိန့်ကုမှာ အလိုလိုနေရင်း သွေးနားထင်ရောက်နေသ
ဖြစ်ရာ ယခုကဲ့သို့ မြို့စားကြီးကထုတ်ဖော် ချီးကျူးလိုက်သောအခါ
ပို၍ဘဝင်မြင့်သွားလေတော့သည်။

မြို့စားကြီးက သူ့အား သွယ်ဝိုက်၍ချီးကျူးလိုက်ခြင်းပင်
မဟုတ်ပါလား။ မြို့စားကြီးသည် ယမန်နေ့က ဒဏ်ရာဖြင့်သူ့အား
ဝင်ရောက်အစီရင်ခံသည့်မန်ချူးတပ်သားအား သူ့ရှေ့မှောက်သို့
ခေါ်သွင်းစေပြန်သည်။

"မင်းသမီးအတုနဲ့ မြင်းထိန်းပါလာတယ်လို့မင်းပြောခဲ့တယ်
အဲဒီမြင်းထိန်းနာမည်ကော ကြားလိုက်မိသေးသလား"

"ကြားလိုက်ပါတယ်၊ လျှံယင်းချုံဆိုလားပါပဲ"

"ဟင်- လျှံယင်းချုံ"

ထိုသို့ရေရွတ်လိုက်သူမှာ စီးတိန့်ကုဖြစ်လေသည်။

မြို့စားကြီးက စီးတိန့်ကုကိုမျက်မှောင်ကုပ်ကြည့်လိုက်လေ
သည်။

"ဘာလဲ- ဒီနာမည်ကို မင်းသိလို့လားစီးတိန့်ကု"

"ကျွန်တော်သိလိမ့်မယ်လို့ ထင်ပါတယ်"

"ကောင်းပြီ- မင်းသွားပေတော့"

မြို့စားကြီးက ဒဏ်ရာရစစ်သားအား ပြန်လည်သယ်ယူ



သည်း နှင်ထုတ်လိုက်သည်။

အခန်းထဲ၌ မြို့စားကြီးနှင့်စီးတိန့်ကုသာ ကျန်ရစ်ခဲ့ကြလေ
သည်။ မြို့စားကြီးက-

"စီးတိန့်ကု- ဒီမင်းသမီးလေးကို လက်ရဖမ်းဖို့ကိစ္စဟာ
ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိတယ်မဟုတ်လား"

စီးတိန့်ကုက ခါးကိုင်းညွတ်ကာဖြေလိုက်သည်။

"သိပါတယ်မြို့စားကြီး၊ မြို့စားကြီးအတွက် ကျွန်တော် အ
တတ်နိုင်ဆုံး ကြိုးစားပါ့မယ်ခင်ဗျာ"

"ကျုပ်စိတ်ထင် လျှံယင်းချုံလို့ မောင်ရင်ရေရွတ်လိုက်က
တည်းက အဲဒီမြင်းထိန်းကို မောင်ရင်သိနေတယ်လို့ထင်နေမိတယ်၊
ဟုတ်သလား မဟုတ်သလားတော့ အတပ်မပြောနိုင်ဘူးလေ"

စီးတိန့်ကုက သဲ့သဲ့ကလေးပြုံးလိုက်သည်။ ဖြေတော့ မဖြေ
ပေ။ မြို့စားကြီးက-

"ဘယ်လိုပဲဖြစ်ဖြစ် မင်းသမီးကလေးကိုမိအောင် ကြိုးစား
ပါ၊ ကျုပ်လဲအကျိုးရှိမယ်၊ မောင်ရင်လဲအကျိုးရှိမယ်၊ သဘောပေါက်
တယ်မဟုတ်လား"

"ပေါက်ပါတယ် မြို့စားကြီးခင်ဗျာ"

"ကျုပ်ရဲ့ပိုင်နက်ထဲမှာရှိနေတဲ့အချိန် မိအောင်ဖမ်းဖို့ပိုအ
ရေးကြီးတယ်၊ မောင်ရင်ကြိုးစားပါ"

"စိတ်ချပါ- ကျွန်တော်အတတ်နိုင်ဆုံးကြိုးစားပါ့မယ်"

မြို့စားကြီးက ခေါင်းညိတ်အချက်ပြနေသဖြင့် စီးတိန့်ကု

သည် မြို့စားကြီးကိုဂါရဝပြုပြီး ထွက်ခွါသွားလေသည်။

❖

စီးတိန့်ကုသည် ကြီးမားသောထိုင်ခုံကြီးတစ်လုံး၌ ထိုင်ကာ သူ့ရှေ့၌ဒူးထောက်ထိုင်နေသူ၏စကားများကို ဂရုတစိုက်နားထောင်နေသည်။ စီးတိန့်ကု၏လက်ပါးစေက-

"လျှံယင်းချုံရဲ့ညီသွားတဲ့တစ်လျှောက်လုံး ကျွန်တော် လိုက်ကြည့်တာပါပဲ၊ ထူးထူးခြားခြား တစ်စုံတစ်ယောက်နဲ့ဆက်သွယ်တယ်ဆိုတဲ့အချက် လုံးဝမတွေ့ရပါဘူး"

စီးတိန့်ကုစဉ်းစားသည်။ အတန်ကြာမှ. . .

"သူဝယ်တာ ချက်ပြုတ်ဖို့အစားအစာတွေပဲလား၊ ဝယ်တာတွေ သိပ်များသလား"

"ဝယ်တာတွေလဲ သိပ်မများပါဘူး၊ သာမန်အိမ်ထောင်စုတစ်စုစားနိုင်ရုံလောက်ပါပဲ"

"အင်း- ဒါဆိုရင်တော့ စဉ်းစားရခက်တယ်၊ နောက်ထပ် ထူးထူးခြားခြား ဘာများဝယ်သေးသလဲ"

လက်ပါးစေသည် အတန်ကြာစဉ်းစားလိုက်ပြီးမှ-

""ဆရာ- ဆရာ့အတွက်ထူးသလား၊ မထူးသလားတော့မသိဘူး၊ အဲဒီမိန်းကလေးဟာ ပရဆေးတန်းထဲဝင်သွားတယ်၊ ဆေးတစ်ချို့ဝယ်ပုံရတယ်"



စီးတိန့်ကု ထခုန်မတတ်ဝမ်းသာသွားသည်။ သူ့မျက်နှာလည်း ဝင်းထိန်သွားသည်။

"ဟား- ဟား- ဟား- **ဒါဆိုသေချာပြီ**၊ ငါသိထားသလောက်တော့ သူ့အိမ်သားတွေအားလုံး ကျန်းကျန်းမာမာရှိနေတာပဲ၊ သူ့အိမ်မှာ တခြားလူမမာရှိနေပြီ၊ လျှံယင်းချုံပဲလား၊ လျှံယင်းချုံ စောင့်ရှောက်နေတယ်ဆိုတဲ့မင်းသမီးလေးပဲလား၊ တစ်ယောက်ယောက်ပဲ၊ ကိုင်း- မင်းတာဝန်ကျေပွန်တယ်၊ သွားတော့-"

စီးတိန့်ကုသည် နေရာမှထခုန်လိုက်ပြီး သူ့မန်ချူးစစ်သားများကိုအော်ဟစ်အမိန့်ပေးလိုက်ရာ မန်ချူးမြင်းစီးစစ်သည်နှစ်ဆယ့်ငါးယောက် အသင့်စုစည်းမိလေသည်။

"ကိုင်း- ငါ့နောက်လိုက်ခဲ့ကြ၊ ရန်သူနှစ်ယောက်ကို သွားဖမ်းရမယ်"

စီးတိန့်ကုသည် မြင်းစီးလျက် ရှေ့မှဦးဆောင်ထွက်သွားလေသည်။ သူရှေးရှုရာအရပ်ကား လျှံယင်းချုံ၏မိဘများရှိသည့်ကျေးရွာ. . . .

လျှံယင်းချုံ၏မိဘများအိမ်ကို မန်ချူးစစ်သားများကဝိုင်းပတ်ထားကြသည်။ ထိုသို့သောအဖြစ်အပျက်မျိုးမှာ မန်ချူးများသိမ်းပြီးသောနေရာတိုင်းလိုလို၌ မကြာခဏဖြစ်လေ့ဖြစ်ထရှိသဖြင့် ရွာသူရွာသားများအနေဖြင့် ထူးထူးခြားခြားမခံစားရတော့ချေ။

ထိုသို့ဖြစ်လာလျှင် ဟန်တရုတ်တိုင်း လက်သီးကျစ်ကျစ်ပါအောင်ဆုပ်သည့်အပြုအမူမှာ ရိုး၍ပင်နေချေပြီ။

လျှံယင်းချွဲ၏ဖခင်သည် တည်ငြိမ်စွာဖြင့် အိမ်ရှေ့သို့ထွက်လာလေသည်။

“သြော်- မန်ချူးအရာရှိကြီးပါလား၊ ဘာများ အရေးကြီးတဲ့ကိစ္စရှိလို့ပါလဲ”

လျှံယင်းချွဲဖခင်၏စကားသံမှာ ရိုကျိုးသည်လည်းမဟုတ်၊ မလေးမစားငေါ့ပြောသည်လည်းမဟုတ်ချေ။ သံမှန်ပင်ဖြစ်သည်၊

စီးတိန်ကုက ခပ်ထန်ထန်မေးလေသည်။ ဤသို့မေးတတ်သည့်အကျင့်သည် သူ့၌အရိုးစွဲနေလေပြီ။

“လျှံယင်းချွဲဘယ်မှာလဲ”

“ကျွန်တော့်သားမလာတာ ကြာပါပြီခင်ဗျာ”

“ခင်ဗျားကြီးမညာနဲ့၊ ညာရင် ဘာဖြစ်သွားမယ်ဆိုတာ သိသလား၊ ဒီကောင်ဟာ ရာဇဝတ်ကောင်၊ ဒီကောင် အာဏာပိုင်တွေလက်ထဲကအလွတ်ရုန်းထွက်သွားတယ်၊ ဒီကောင့်ကိုလက်ခံထားရင် ခင်ဗျားတို့တစ်ဆွေလုံး တစ်မျိုးလုံး မီးလောင်တိုက်သွင်းခံရမယ်”

“ကျွန်တော်မညာပါဘူးဗျာ၊ အမှန်အတိုင်းပြောတာပါ”

“ကောင်းပြီ- ခင်ဗျားညာမညာ မကြာခင်သိရမှာပဲ”

စီးတိန်ကုသည် သူ့စစ်သားများကို လက်တစ်ချက်ဝှေ့ယမ်းပြီးအချက်ပြလိုက်သည်။

“ကိုင်း- အိမ်ထဲဝင်ရှာကြ၊ တစ်ချို့က အိမ်ကိုဝိုင်းထားမြဲဝိုင်းထားကြ”

စီးတိန်ကုသည် သူတိုက်တိုင် မြင်းပေါ်မှဆင်းပြီး အိမ်ထဲ



သို့ဝင်သည်။ အိမ်မှာ ကြီးမားလှသည်မဟုတ်သဖြင့် မကြာမီအချိန်အတွင်းမှာပင် တစ်အိမ်လုံး အမြီးပြန်ခေါင်းပြန် ရှာပြီးဖြစ်နေလေသည်။ အိမ်ထောင်ပရိဘောဂလည်း သိပ်မရှိ။ နံရံများကိုခေါက်ကြည့်သော်လည်း ထူးထူးခြားခြားလိုဏ်သံမပေါက်။

စီးတိန်ကု ဦးနှောက်ခြောက်သွားလေတော့သည်။

“ငါထင်တာမှားနေပြီ၊ တစ်ခုခုတော့ တစ်ခုခုပဲ”

စီးတိန်ကုသည် သူ့မန်ချူးစစ်သားများကို ချက်ချင်းပင် ပြန်လည်ရုပ်သိမ်းလိုက်သည်။ မြင်းပေါ်တက်ပြီး ထွက်ခွါမည်လုပ်ပြီးမှ သမင်လည်ပြန် လှည့်ကြည့်သည်။

“အဘိုးကြီး- လျှံယင်းချွဲဟာ မန်ချူးဧကရာဇ်ကိုတော်လှန်တဲ့ရာဇဝတ်ကောင်၊ ဒီကောင့်ကိုလက်ခံမထားဖို့ ကျုပ်ထပ်ပြီးသတိပေးတယ်”

လျှံယင်းချွဲ၏ဖခင်က ဘာမျှမပြောဘဲ နားထောင်၍သာနေသည်။ စီးတိန်ကုသည် အာဏာပြပြီးသည့်နောက် မြင်းကိုဒုန်းစိုင်း၍ထွက်ခွါသွားလေသည်။ လျှံယင်းချွဲ၏ဖခင်သည် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်လိုက်ပြီး အံကြိတ်ကာ-

“ဟင်း- မင်း မိုးကောင်းတုန်းတော့ရွာထားဦးပေါ့ကွာ၊ မကြာခင် ဟန်တရုတ်တွေအကြောင်းသိမှာပါ”

ထို့နောက် ချာခနဲလှည့်ဝင်လာလေတော့သည်။

✿

စီးတိန်ကု အတော်ကလေးဦးနှောက်ခြောက်နေတော့၏။

သူတွက်ကိန်းမလွဲဟု သူထင်ခဲ့သည်။

သို့သော်- သူ့တွက်ကိန်းလွဲခဲ့သည်။

ပရဆေးဆိုင်၌ ဆေးများဝယ်**သည်ဆိုလျှင်** လူနာရှိရမည်ဟု သူတွက်ခဲ့သည်။ သို့သော် သူတွက်**သလို မဖြစ်ချေ**။ လျှံယင်းချုံ အရိပ်အယောင်ကိုလည်း လုံးဝမတွေ့ရချေ။

ထိုစဉ် စီးတိန့်ကု၏လက်ပါးစေတစ်ယောက် **ရောက်ရှိ**လာလေသည်။ ထိုသူကဲ့သို့ သတင်းပေးသည့်လက်ပါးစေ အမြောက်အမြားရှိရာ စီးတိန့်ကုသည် ထိုသတင်းများကိုစုဆောင်းပြီး မန်ချူးကိုတော်လှန်မည့်တရုတ်မျိုးချစ်များကို နှိမ်နင်းခြင်းဖြစ်ပေသည်။

"ကိုင်း- ဆိုစမ်း၊ သတင်းထူးရဲ့လား"

"ထူးပါတယ်ဆရာ၊ လျှံယင်းချုံရဲ့သတင်းပါ"

"ဟေ- မြန်မြန်ပြောစမ်း"

"လျှံယင်းချုံကို စုကျူးမြို့အပြင်ဘက် တစ်နေရာမှာတွေ့လိုက်ရပါတယ်"

"မင်း ဘာဖြစ်လို့ဆက်မလိုက်တာလဲ"

"ကျွန်တော်လိုက်ပါတယ်၊ ဒါပေမယ့် မမီပါဘူး၊ သူ့ကိုယ်ဖော့ပညာက ကျွန်တော့်ထက် **အဆမတန်ကောင်းနေ**ပါတယ်"

"ကောင်းပြီ- အဲဒီကောင်ကိုသတိထားကြည့်၊ နောက်တစ်ခါတွေ့ရင် ငါ့ဆီကိုအမြန်ဆုံးသတင်းပို့"

"ကောင်းပါပြီဆရာ"

လက်ပါးစေသတင်းပေးက စီးတိန့်ကုကို အရိုအသေပေး



ပြီး ပြန်လည်ထွက်ခွာသွားလေသည်။

စီးတိန့်ကုသည် ခေါင်းအေးအေးထား၍စဉ်းစားလိုက်၏။

လျှံယင်းချုံကို ဤစုကျူးမြို့အနီးပတ်ဝန်းကျင်၌တွေ့နေရသည်ဆိုလျှင် မင်းသမီးကလေးပါ ဤမြို့အနီးပတ်ဝန်းကျင်၌ ရှိနေနိုင်သည်။

အနီးစပ်ဆုံးတွေးရန်မှာ လျှံယင်းချုံမိဘများအိမ်ပင်ဖြစ်သည်။ သူရှာဖွေခဲ့စဉ်ကမတွေ့ခဲ့သည်မှာ လျှံယင်းချုံ၏မိဘများ သူ့ကို **တစ်ခုခုလုပ်**စားထား၍သာဖြစ်မည်ဟု တွေးသည်။

အလွန်တရာလျှို့ဝှက်သည့်ကိစ္စများကို မိဘနှင့်ဆွေမျိုးသားချင်းအရင်းအချာများမှလွဲ၍ နှုတ်လုံမှုမရှိကြပေ။ လျှံယင်းချုံနှင့်အောင်းနိုင်သည့်နေရာမှာ သူ့မိဘများ၏အိမ်ပင်ဖြစ်ရမည်။

စီးတိန့်ကုသည် သူ့ပေါင်ကိုကျေနပ်အားရစွာပုတ်လိုက်၏။ အကြံတစ်ခုရလိုက်၍ဖြစ်သည်။ သူသည် ပြုံးရွှင်စွာဖြင့် အိမ်ထဲသို့ဝင်သွားလေတော့သည်။

✿

လျှံယင်းချုံသည် မန်ချူးများ၏အခြေအနေကို စနည်းနာထွက်ရာ နောက်ယောင်ခံလိုက်ခြင်း ခံခဲ့ရသည်။

ထိုလူကို အတော်ကလေးမျက်ခြည်ဖြတ်ခဲ့ရသည်။

လျှံယင်းချုံသည် သူ့အိမ်ကိုအတော်ကလေးမှောင်မှဝင်

လာခဲ့သည်။ မန်ချူးအစောင့်များ ရှိမရှိအကဲခတ်ပြီးမှ ဝင်လာခဲ့ခြင်း ဖြစ်ပေသည်။ သူဝင်လာသောအခါ ဖခင်က ပြုံး၍ကြိုဆိုသည်၊

"နေ့လည်က မန်ချူးစစ်သားတွေ အိမ်လာရှာသွားကြတယ် သား ရဲ့"

လျှံယင်းချဲ့ ထခုန်မိမတတ်ဖြစ်သွားသည်။

"မင်းသမီးကလေးကို တွေ့သွားကြသေးလား"

လျှံယင်းချဲ့၏ဖခင်က ရယ်လေသည်။

"မင်းသမီးကလေးကိုတွေ့သွားမှတော့ သားအနေနဲ့ အဖေ တို့ကို ခုလိုကျန်းကျန်းမာမာတွေ့နိုင်တော့မလားကွ၊ နည်းနည်းပါး ပါး စဉ်းစားကြည့်ဦးမှပေါ့"

ထိုအခါကျမှ လျှံယင်းချဲ့စိတ်အေးသွားတော့သည်။

"သူတို့ မြေအောက်ခန်းကိုမရှာမိကြဘူးပေါ့"

"မြေအောက်ခန်းရှိတယ်ဆိုတာ သူတို့ မသိကြဘူးလေသား ရဲ့၊ တစ်ခုရှိတာက ဒီအိမ်ကသိပ်မကြီးဘူး၊ မြေအောက်ခန်းရှိတယ် ဆိုတာက အင်မတန်ကြီးတဲ့အိမ်တွေမှသာ ဆောက်ထားတတ်ကြ တာ၊ ဒီတော့ မြေအောက်ခန်းရှိလိမ့်မယ်လို့ သူတို့သံသယမရှိကြ တော့ဘူးပေါ့"

လျှံယင်းချဲ့ သက်ပြင်းချလိုက်သည်။

"မင်းသမီးလေး ဖျားနေတာကော. . ."

"အဖျားကျသွားပါပြီ၊ သူ ဆန်ပြုတ်တောင်သောက်နေပြီ"

"ဒါဆိုရင် ကျွန်တော်တို့ မနက်ဖြန်ခရီးစထွက်မယ်"



လျှံယင်းချဲ့ဖခင်က ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး၊ အနည်းဆုံး တစ်ပတ်လောက်အနားယူရမယ်၊ ...းတို့သွားမယ့်ခရီးက သိပ်ကြမ်းတယ်၊ ဒီနေ့အဖျားပျောက် ဒီနေ့ ...ရီးစထွက်လို့မရသေးဘူး၊ မင်းသမီးကလေးအနေနဲ့ ဒီလောက် ...ိုက်လာနိုင်တာကိုပဲ အံ့သြစရာကောင်းနေပြီ"

လျှံယင်းချဲ့ ထပ်မံသက်ပြင်းချမိသည်။

✿

စီးတိန့်ကုသည် ဝေဝေ၏ အခန်းထဲသို့ဝင်လာသည်၊ ဝေဝေမှာ ပြတင်းပေါက်သို့မျက်နှာပေးကာ ငေးငိုင်နေ၏။ ...ီးတိန့်ကု ဝင်လာသည်ကိုမသိပေ။

သူမသည် သူမ၏ချစ်ဦးသူလျှံယင်းချဲ့ကိုသာ တမ်းတသတိ ...ရနေလေသည်။ မနေ့က လျှံယင်းချဲ့ သူ့အားမြင်တွေ့သွားပြီး အထင် ...လွဲသွားသည်ကို သူမ,မသိရှိသေးပေ။ သိလျှင် ရင်ကွဲနာကျပေတော့ ...ည်။

ယခုလည်း ဝေဝေ လွန်စွာပိန်နေသည်။ သူမသည် အစား ...စာ ကောင်းစွာမစားပေ။ နှစ်ကြိမ်တိုင်တိုင်ထွက်ပြေးရန် ကြိုးစား ...သော်လည်း မန်ချူးစစ်သားများက သူ့အားပြန်လည်ဖမ်းမိခဲ့ကြပေ ...သည်၊ အကယ်၍ သူမသာသိုင်းပညာတတ်မြောက်ထားလျှင် အ ...ခြေအနေ တစ်မျိုးတစ်ဖုံ ဖြစ်ကောင်းဖြစ်သွားနိုင်သည်။

ထိုစဉ် စီးတိန်ကုက ဝေဝေ့အနီးသို့လာထိုင်သည်။

သူသည် ဝေဝေ့ကိုအကဲခတ်သည်။

စင်စစ် စီးတိန်ကုသည် လူကောင်းသူကောင်းတစ်ယောက် မဟုတ်ပါ။ သို့သော် သူသည် ဝေဝေ့အတွက်မူ ကောင်းခဲ့ပေသည်၊ အကျယ်ချုပ်ဖမ်းထားခြင်းမှတစ်ပါး ဝေဝေ့ကို လက်ဖျားနှင့်ပင်မထိခဲ့ချေ။

သူသည် ဝေဝေကိုပြန်လွှတ်ရန် ဆုံးဖြတ်ထားသော်လည်း သူ့အပေါ် **စိတ်ပြောင်းနိုး စိတ်ပြောင်းနိုးဖြင့်** မလွှတ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ ယခု **သူသည် ဝေဝေ့ကိုအသုံးချရန်** စိတ်ကူးပေါက်ခဲ့သဖြင့် စောစောက **သူပြန်မလွှတ်ခဲ့ခြင်း**ကိုပင် ပြန်လည်ကျေးဇူးတင်နေရသေးသည်။

"ညီမလေး. . ."

စီးတိန်ကုက နူးညံ့စွာခေါ်လိုက်သည်။

ဝေဝေက ဖြည်းညင်းစွာလှည့်ကြည့်သည်။

သူမ၏တောက်ပသောမျက်လုံးကလေး**များသည် မှေးမှိန်**လျက်ရှိနေရှာသည်။ နွမ်းနယ်သောအကြည့်ဖြင့် **ပြန်ကြည့်**သည်။

"ဘာကိစ္စရှိလို့လဲ"

ဝေဝေက လေသံပြတ်ပြတ်ဖြင့်ပြန်**မေးလိုက်**သည်။

"ညီမလေးကိုကြည့်ရတာ အစ်ကိုကြီး တစ်နေ့မှစိတ်မချမ်းသာပါဘူးကွယ်"

"ကျွန်မလဲ တစ်နေ့မှစိတ်မချမ်းသာပါဘူးရှင်"



"ညီမလေးစိတ်ချမ်းသာအောင် အစ်ကိုကြီး လုပ်ပေးချင်ပါတယ်"

"ဒါဆိုလွယ်ပါတယ်ရှင်၊ ကျွန်မကိုဖမ်းထားတာ လွှတ်ပေးလိုက်ပါ၊ ကျွန်မ ချစ်သူကို ကျွန်မ လိုက်ရှာမယ်၊ ဒါဆို ကျွန်မ အများကြီးစိတ်ချမ်းသာရပါပြီ"

"ဒီအတွက် ညီမလေး သိပ်စိတ်ဆင်းရဲနေရတာပေါ့နော်"

"ရှင် ကိုယ်ချင်းစာကြည့်ပါလား၊ ချစ်သူချင်းကွေကွင်းရတဲ့ဒုက္ခဟာ မသေးပါဘူးရှင်၊ နောက်ပြီး ကျွန်မချစ်သူဟာ သေသလား ရှင်သလားဆိုတာတောင် ကျွန်မ သိရတာမဟုတ်ပါဘူး"

"ညီမလေးရဲ့ချစ်သူ မသေပါဘူးကွယ်၊ ဒါအမှန်တရားပါ၊ **အစ်ကိုကြီး** ညာမပြောပါဘူး၊ နောက်ပြီး အစ်ကိုကြီးလဲ နောင်တရနေ**ပါပြီ**"

"**ရှင်. . .**"

ဝေဝေ**တုံ့**သြသွားသည်။ စီးတိန်ကု၏နှုတ်မှ နောင်တရနေပါပြီဆိုသည့်စကားကြောင့်ပင်။

"ရှင် တကယ်နောင်တရတာလား"

"**တကယ်ပေါ့ညီမလေးရယ်**"

"**ဒီလိုဆိုရင်** ကျွန်မကိုပြန်လွှတ်ပေးတော့မယ်ပေါ့"

"အစ်ကိုကြီးက ဒါကိုပြောမလို့ ဝင်လာတာပါ"

ဝေဝေသည် ချက်ချင်းခုန်ထလာသည်။ သူမ၏ဖြူနုသော **လက်ဝါး**ကလေးနှစ်ဖက်ကိုဆုပ်ကာ စီးတိန်ကုအား ဂါရဝပြုလိုက်

လေသည်။

"ကျေးဇူးကြီးလှပါတယ်ရှင်ရယ်၊ ကျွန်မ နားကိုတောင် မယုံမိသလိုပါပဲ"

စီးတိန့်ကုက လေးနက်သောလေသံဖြင့်ပြောသည်။ သူသည် ဟိတ်ဟန်မှင်မောင်း အလွန်ကောင်းသောသူဖြစ်သည်။

"အစ်ကိုကြီးက တကယ်ပြောတာပါ၊ အခုပဲ ညီမလေးကို အမြန်ဆုံးပြန်လွှတ်ပေးမှာပါ"

"အမြန်ဆုံး- အမြန်ဆုံးဆိုတာ ဘယ်လောက်ကြာဦးမှာလဲရှင်"

"နက်ဖြန်ပြန်လွှတ်မှာပါ၊ အစ်ကိုကြီးဟာ ညီမလေးကို ဘယ်လောက်စေတနာထားတယ်ဆိုတာ နက်ဖြန်သိရမှာပါ၊ ဒီအိမ်ကလွတ်မြောက်ရုံ မကပါဘူး၊ လေထဲဝဲပျံချင်အောင် ပျော်စေရပါ့မယ်ကွယ်"

ဝေဝေသည် ထိုထူးဆန်းသောစကားကြောင့် ပဟေဠိတစ်ပုဒ် နားထောင်ရသလို ဇဝေဇဝါဖြစ်သွားသည်။ စီးတိန့်ကုကို နားလည်ရခက်သောအကြည့်များဖြင့် ကြည့်လိုက်လေသည်။

"ညီမလေး- ညီမလေးရဲ့ချစ်သူလျှံယင်းချုံကို မတွေ့ချင်ဘူးလား"

ဝေဝေက ရှည်လျားသောမျက်တောင်ကြီးကို တဖျပ်ဖျပ်ခတ်လျက် သံသယရှိသောလေသံဖြင့်မေးလေသည်။

"တွေ့ချင်တာပေါ့၊ တွေ့တယ်ဆိုတာကလဲ အမျိုးမျိုးရှိသေးတယ်၊ ဘယ်လိုတွေ့နည်းနဲ့တွေ့ရမှာလဲ"



"ဝမ်းသာစရာတွေ့နည်းမျိုးပေါ့ကွယ်၊ ညီမလေးတို့ လွတ်လွတ်လပ်လပ်တွေ့နိုင်တဲ့ တွေ့နည်းမျိုးပေါ့"

"သူ- သူက ဘယ်မှာမို့လို့လဲ"

"သူရှိတဲ့နေရာ အစ်ကိုကြီးသိပါတယ်"

ဝေဝေ အံ့အားသင့်သွားသည်။ လျှံယင်းချုံကိုများ စီးတိန့်ကု ချုပ်နှောင်ထားသလားဟု တွေးမိလိုက်လေသည်။

"ရှင်- ရှင် သူ့ကို ခုထက်ထိ အချုပ်ထဲမှာ ထည့်ထားတုန်းပေါ့ဟုတ်လား"

စီးတိန့်ကုက ရယ်လေသည်။

"ညီမလေးက အစ်ကိုကြီးအပေါ် တစ်ခုမှအကောင်းမထင်ဘဲကိုး၊ အစ်ကိုကြီးဟာ လူသူတော်ကောင်းကြီးတော့မဟုတ်ပါဘူး၊ ဒါပေမယ့် ညီမလေးထင်သလောက်လဲ မယုတ်မာသေးပါဘူးကွာ၊ နက်ဖြန်ကျရင် ညီမလေးရဲ့ချစ်သူကို ကျန်းမာပကတိ တွေ့ရပါစေမယ်၊ ဒီနေ့တော့ အားရှိသွားအောင် စားစရာရှိတာတွေစားထားပါလို့ အစ်ကိုကြီးမေတ္တာရပ်ခံပါတယ်"

စီးတိန့်ကုသည် လက်ခုပ်တီးအချက်ပေးလိုက်သည်။ အိမ်ဖေါ်တစ်ယောက်သည် အစားအသောက်လင်ပန်းယူလာပြီး ဝေဝေ့ရှေ့စားပွဲပေါ် တင်ပေးလိုက်လေသည်။

"ကဲ- ညီမလေး စားထားပါ၊ နက်ဖြန် လျှံယင်းချုံဆီသွားရင် လမ်းမလျှောက်နိုင်ဘဲဖြစ်နေပါဦးမယ်"

ဝေဝေသည် စီးတိန့်ကုဏ်စကားကို အမှန်တကယ်ယုံကြည်သွားသည်။ အလွန်ပျော်ရွှင်သွားသည်။

ထို့ကြောင့် ဟင်းလျာခွက်တစ်ခွက်ကို လျင်မြန်သွက်လက်စွာကောက်ယူပြီး စားသောက်လေတော့သည်။

စီးတိန့်ကုသည် တခဏ်အတွင်းပြောင်းလဲသွားသည့် ဝေဝေ၏အမူအရာကိုကြည့်ကာ ပြုံးမိလိုက်လေသည်။

"အင်း- အချစ်ဆိုတာ အရာရာကုစားနိုင်တဲ့အရာပါလား"

စီးတိန့်ကုကပြုံးရင်း လှမ်းပြောလိုက်သည်။

ဝေဝေက-

"ရှင်- ရှင် လျှံယင်းချုံကိုမဖမ်းတော့ဘူးဆိုပါတော့ ဟုတ်လား"

စီးတိန့်ကုက မျက်နှာထားတည်ကြည်စွာဖြင့်ပြောလိုက်၏။

"ဖမ်းတော့ဖမ်းမလို့ပဲ၊ သူက မန်ချူးတော်လှန်ရေးသမားဖြစ်နေတယ်၊ ဒါပေမယ့် ညီမရဲ့မျက်နှာကိုထောက်ပြီး ဒီတစ်ကြိမ်တော့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ကြိမ် မျက်နှာချင်းဆိုင်တွေ့ရင်တော့ အစ်ကိုကြီးခွင့်မလွှတ်တော့ဘူး၊ အစ်ကိုကြီးကို နားလည်နိုင်ပါစေလို့ ဆုတောင်းပါတယ်"

ဝေဝေခမျာ စားလက်စအစားအသောက်ကိုပင် မစားနိုင်အောင်ဖြစ်သွားရှာသည်။

စီးတိန့်ကုကို အလွန်တရာကျေးဇူးတင်သွားသည်။

"ကျွန်မ- ကျွန်မ- ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်ရှင်"



စီးတိန့်ကုက လက်ဝါးကာပြလိုက်သည်။

"နေဦး- အရမ်းကျေးဇူးမတင်နဲ့ဦး၊ အခု ကျုပ်ကြားထားတဲ့သတင်းတစ်ခုရှိသေးတယ်၊ အခု လျှံယင်းချုံဟာ ဘုရင့်ညီမတော်မင်းသမီးကလေးတစ်ပါးကို ဘယ်ကိုပို့ပေးမယ်ဆိုလားမသိဘူး၊ အဲဒီတာဝန်နဲ့ခေါ်ဆောင်လာသတဲ့၊ ဒီကိစ္စကို မန်ချူးအာဏာပိုင်တွေအနေနဲ့ လုံးဝခွင့်မလွှတ်ဘူး၊ တကယ်လို့ ညီမလေးနဲ့တွေ့ရင် ဒီမြို့မှာမနေပါနဲ့၊ အမြန်ဆုံးထွက်သွားပါလို့ပြောလိုက်စမ်းပါ"

"ဟုတ်- ဟုတ်ကဲ့ ကျွန်မ ဆက်ဆက်ကြီးပြောလိုက်ပါ့မယ်"

"အခုသတင်းကို စုကျူးမြို့စားကြီးမသိသေးဘူး၊ မြို့စားကြီးသိရင်မလွယ်ဘူး"

ဝေဝေက ဒုတိယအကြိမ်ဂါရဝပြုလိုက်သည်။

"စိတ်ချပါရှင်၊ ဒီတစ်သက် ရှင့်ကျေးဇူးကို လုံးဝမမေ့တော့ပါဘူး၊ အရင်က စိတ်နဲ့ပြစ်မှားမိခဲ့တာတွေလဲ ခွင့်လွှတ်ပါရှင်"

ဝေဝေသည် မျက်ရည်များပင်ကျလာသည်။

စီးတိန့်ကုသည် အခြေအနေအရ လူဆိုးဖြစ်နေသော်လည်း စိတ်ရင်းကောင်းသူဟု ယုံမှတ်ထားသည်။ စီးတိန့်ကုက-

"ကဲ- ညီမလေးဘာသာ အေးအေးဆေးဆေး အနားယူပေတော့၊ နက်ဖြန်ကျရင် လျှံယင်းချုံဆီ အစ်ကိုကြီးလွှတ်ပေးပါ့မယ်"

စီးတိန့်ကု ထွက်သွားသည်။

ဝေဝေသည် ပျော်ရွှင်စွာကျန်ရစ်ခဲ့သည်။ လျှံယင်းချုံနှင့်

နက်ဖြန်တွေ့ရမည့်အချိန်ကာလသည် ကြာလွန်းစွတကားဟု တွေးနေမိသည်။ ဆိုးရွားသည့် ကံကြမ္မာအလှည့်အပြောင်းတစ်ခု ဖြစ်လာမည်ကို သူမ ယောင်၍ပင်မတွေးမိခဲ့ပါချေ။

✿

ရာပုံတော်

စီးတိန်နှ့ကုသည် စုကျူးမြို့စားကြီးဂေဟာသို့ မြင်းစီး၍ထွက်ခွါလာခဲ့သည်။ မန်ချူးအစောင့်များသည် စီးတိန်နှ့ကုကို ကောင်းစွာသိရှိကြသဖြင့် စစ်ဆေးမေးမြန်းခြင်းမရှိဘဲ ဝင်ခွင့်ပြုကြသည်။

"မြို့စားကြီးရှိသလား"

"ရှိပါတယ်"

စီးတိန်နှ့ကုသည် အစောင့်များ၏လက်သို့ မြင်းဇက်ကြိုးကိုထည့်ပေးလိုက်ပြီး မြို့စားကြီး၏ဂေဟာထဲသို့ဝင်လာခဲ့သည်။ ဂေဟာတံခါးဝတွင် စုကျူးမြို့စားကြီး၏ဘဏ္ဍာစိုးက စောင့်ကြိုနေ၏။

"မြို့စားကြီးစာကြည့်ခန်းထဲမှာ ရှိပါတယ်၊ မင်းသမီးကလေးကိစ္စနဲ့ပတ်သက်ပြီး မြို့စားကြီးအတော်ဒေါသထွက်နေပါတယ်၊ ဆရာစကားပြောရင် မှားမှာစိုးလို့ ကျွန်တော်ကြိုတင်သတိပေးတာပါ"

"ကောင်းပြီ"

စီးတိန်နှ့ကုသည် ဘဏ္ဍာစိုးကို ထိုမျှသာပြောပြီး စာကြည့်

ခန်းဆီသို့လျှောက်လာသည်။ စာကြည့်ခန်းတံခါး ပိတ်ထားကြောင်း တွေ့ရသဖြင့် လက်ဖြင့်ခေါက်လိုက်သည်။

"ခေါက်. . ခေါက်. . ခေါက်"

"ဘယ်သူလဲဟေ့"

"ကျွန်တော်စီးတိန်ကုပါ မြို့စားကြီး"

မကြာမီတံခါးပွင့်သွားသည်။

မြို့စားကြီးက အတန်ငယ်နိမ့်သောထိုင်ခုံတစ်လုံးကို ညွှန်ပြသဖြင့် စီးတိန်ကုဝင်ထိုင်သည်။

"ကိုင်း- ဆိုစမ်း ကိစ္စကို"

"လျှံယင်းချုံနဲ့မင်းသမီးကလေးကိစ္စပါ"

မြို့စားကြီးနှာခေါင်းရှုံ့သွားသည်။

"မင်း- ဟိုနေ့ကသွားဖမ်းတာလဲ မမိဘူးမဟုတ်လား၊ မင်းကိုငါ အတော်အားကိုးခဲ့တယ်၊ ဒါပေမယ့် မင်းလဲဘာမှအသုံးမကျဘူး၊ မင်းသမီးကလေးကိုဖမ်းပြီး ငါ့ဆီခေါ်မလာနိုင်ရင် ဒီအကြောင်းငါ့ကို ဘာမှပြောမနေနဲ့တော့"

စီးတိန်ကုက-

"ကျွန်တော်လာပြောတာလဲ ဒီအကြောင်းပါပဲ၊ နက်ဖြန်ကျရင် လျှံယင်းချုံနဲ့မင်းသမီးကလေးကိုဖမ်းပြီး မြို့စားကြီးရှေ့မှောက်အရောက်ပို့ပေးပါမယ်ဆိုတဲ့သတင်းကို ကြိုတင်လာပေးတာပါ"

မြို့စားကြီး မျက်မှောက်ကုပ်သွားသည်။

"မင်းက ဘာကြောင့် ဒီလောက်အသေအချာပြောနိုင်ရတာလဲ၊ မင်းမှာဘာဖဲ့ကဖဲ့ရှိလို့လဲ"

"ရှိပါတယ်မြို့စားကြီး- ဒီဖဲ့ကိုတော့ အခုထုတ်ဖော်မပြောပါရစေနဲ့၊ ဒီအတွက်ခွင့်လွှတ်တော်မူပါ"

မြို့စားကြီး၏မျက်နှာသည် သိသိသာသာရွှင်လန်းသွား၏။

"ကောင်းပြီ- မင်းပြောတဲ့အတိုင်းလုပ်နိုင်ရင်တော့ မင်း ရာထူးထပ်တက်မယ်၊ ဆုငွေလဲရမယ်၊ ဒီ့ထက်အဆောင်အယောင်တွေလဲပိုရစေရမယ်လို့ ငါကတိပေးတယ်၊ အေး- ပြောသလိုဖြစ်မလာရင်တော့ မင်းကို ရာထူးကချပြီးအပြစ်ပေးမယ်"

စီးတိန်ကုက ရဲဝံ့စွာပြောလာသည်။

"မြို့စားကြီးစိတ်ကြိုက်အပြစ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိပါတယ်"

"ဘာလဲ"

"လျှံယင်းချုံဟာ ထိပ်သီးသိုင်းသမားမဟုတ်ပေမယ့် သိုင်းပညာတော့ အထိုက်အလျောက်ကောင်းပါတယ်"

"ဒီတော့. . ."

"ကျွန်တော့်ဆီမှာ မန်ချူးစစ်သားနှစ်ဆယ့်ငါးယောက်ရှိပေမယ့် မလုံလောက်ပါဘူး၊ မြို့စားကြီးရဲ့ကိုယ်ရံတော်တစ်ထဲက လက်ရွေးစင်စစ်သား နှစ်ဆယ့်ငါးယောက်လောက် အားဖြည့်ပေးစေချင်ပါတယ်"

"နှစ်ဆယ့်ငါးယောက်မကဘူး ငါးဆယ်ယူသွား"

မြို့စားကြီးက စီးတိန်ကုဆီလျှောက်လာပြီး စီးတိန်ကု၏

ပန်းကိုပုတ်ကာ ပြောလိုက်ခြင်းဖြစ်ပေသည်။

✿

ညတစ်ညကား ကုန်ဆုံးသွားခဲ့လေပြီ။

နံနက်မိုးသောက်အလင်းရောက်သည်နှင့် ဝေဝေသည် အခန်းထဲ၌ သူ့ကိုယ်သူ သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်နေသည်။

ထိုအချိန်မှာပင် စီးတိန့်ကုဝင်လာလေသည်။

"ညီမလေး သိပ်ပျော်နေလား"

"ဟုတ်ကဲ့- ကျွန်မတို့ အခုသွားကြမှာလား"

"အခုတော့ မဟုတ်သေးပါဘူး၊ အခု မဟုတ်သေးဘူးဆိုလို့ အစ်ကိုကြီးကို အထင်မလွဲနဲ့ဦး၊ လျှံယင်းချုံဟာ အခု သူ့အိမ်မှာမရှိသေးပါဘူး၊ ညမိုးချုပ်မှသူပြန်လာမှာပါ၊ ဒါကြောင့် ညီမလေး သွားရင် ညမိုးချုပ်မှသွားရလိမ့်မယ်၊ အစ်ကိုကြီးတို့ကတော့ အဲဒီ အိမ်အထိ မလိုက်တော့ပါဘူး၊ ညီမလေးကို ရွာလယ်လမ်းမကြီးအထိ ပို့ပေးပြီး ပြန်ကြမှာပါ"

ဝေဝေ့စိတ်ထဲ စနိုးစနောင့်ဖြစ်သွားသည်။ သို့သော် သူမအနေဖြင့် စီးတိန့်ကု၏အစီအစဉ်ကို အတင်းအကျပ်ပြောင်းလဲခိုင်း၍မရနိုင်ကြောင်း တွေးမိသဖြင့် ခပ်လေးလေးပင်ခေါင်းညိတ်လိုက်ရလေသည်။

"ညမှသွားရမယ်ဆိုလဲ ညမှပေ့ါလေ. ."



စီးတိန့်ကု ပြန်လည်ထွက်ခွါသွားသည်။

ဝေဝေ့ခမျာ ရှည်လျားလွန်းလှသောတစ်နေ့တာကို အလွန်အမင်းအောင့်အည်းသည်းခံကာ ကုန်ဆုံးစေခဲ့ရသည်။

ညနေမိုးချုပ်သည်နှင့် စီးတိန့်ကုဝင်လာသည်။

"လာ- ညီမလေး၊ အဆင်သင့်ဖြစ်ပြီမဟုတ်လား"

ဝေဝေသည် ဘာမျှမပြောဘဲ အပေါက်ဝ၌ရပ်နေလိုက်၏။ အိမ်ဝ၌ မြင်းနှစ်စီးရှိနေသည်ကိုတွေ့ရသည်။ တစ်စီးမှာအလွတ်ဖြစ်ပြီး **တစ်စီးမှာ မန်ချူးစစ်သားတစ်ဦး** စီးထားသည်။ စီးတိန့်ကုက-

**"ကိုင်း- ညီမလေး** ရွာထိပ်အထိ သူလိုက်ပို့လိမ့်မယ်၊ လျှံယင်းချုံရဲ့**အိမ်**ကိုတော့ ညီမလေးဘာသာ ရှာသွားပေတော့၊ **ဖြစ်ပါ့**မလား"

"ဖြစ်ပါတယ် သိပ်ဖြစ်ပါတယ်၊ အဲဒီအိမ်ကို ကျွန်မ **ရောက်**ဖူးပါတယ်"

"ကိုင်း- ကိုင်း- ဒါဖြင့်သွားပေတော့"

**ဝေဝေသည် စီးတိန့်**ကုကို လေးစားစွာဂါရဝပြုလိုက်ပြီး မြင်းပေါ်**သို့ခုန်တက်သွားသည်။** မန်ချူးစစ်သားသည် လျှံယင်းချုံ၏ရွာကလေး**ရှိရာသို့** မြင်းကိုဦးတည်စိုင်းနှင်လာလေတော့သည်။

ဝေဝေ၏မြင်းက နောက်မှ ထက်ကြပ်မကွာပါသွား၏။

တစ်နာရီခန့်စိုင်းနှင်းပြီးသည်နှင့် ရွာထိပ်သို့ရောက်ရှိလာသည်။ မန်ချူးစစ်သားက-

"ကဲ- ကျုပ်တာဝန်တော့ပြီးပြီ၊ ဒီကနေ ကိုယ်လိုရာကိုဆက်

သွားပါတော့"

"ကောင်းပါပြီ"

မန်ချူးစစ်သားသည် သူ့မြင်းဇက်ကြိုးကိုဆွဲလှည့်ကာ လာလမ်းအတိုင်း ဒုန်းစိုင်းထွက်သွားလေသည်။

ဝေဝေသည် ဝမ်းသာအားရပင် မြင်းတင်ပါးကိုပုတ်လိုက်သည်။ လျှံယင်းချီတို့အိမ်ရှေ့ရောက်သောအခါ ဝမ်းသာအားရ ခုန်ဆင်းလိုက်သည်။ ထူးဆန်းသော**မြင်းခွါသံ**ကြောင့် အိမ်ကလေး၌ မှန်အိမ်မီးများ လင်းလာလေသည်။

"ခေါက်. . ခေါက်. . **ခေါက်**"

ဝေဝေက တံခါးကို လက်ဖြင့်**ခေါက်လိုက်သည်**။ တံခါးနှစ်ချပ်စလုံးပွင့်သွားသည်။ လျှံယင်းချီ၏ **ဖခင်ကြီးမျက်နှာ**ပေါ်လာသည်။ တစ်ဘက်က မီးအိမ်ကိုင်ထားသည်။ **ဝေဝေက-**

"ကျွန်မ ဝေဝေပါ"

"ဩော်- သမီးဝေဝေလား၊ အချိန်မတော် **အချိန်**တော် ဘယ်လိုဖြစ်လာတာလဲ"

"မပြောပါနဲ့တော့အဘရယ်၊ အဖြစ်က **ဆိုးလှပါတယ်**"

သူမစကားအဆုံးတွင် လျှံယင်းချီ၏မျက်**နှာသည် မီးရောင်**ဖြင့်ပေါ်လာလေသည်။ လျှံယင်းချီ၏မျက်နှာမှာ **ချစ်**သူကိုတွေ့လိုက်ရ၍ ဝမ်းသာသောမျက်နှာမျိုးမဟုတ်ချေ။

"သစ္စာမရှိတဲ့မိန်းမ- မင်းငါ့ဆီလာရဲသေးသလား"

လျှံယင်းချီ၏ဖခင်ကြီးမှာ ဟင်ခနဲဖြစ်သွားသည်။



"သား- ညကြီးမင်းကြီးရောက်လာချိန်မှာ ဘယ်လိုစကားမျိုးပြောလိုက်တာလဲ၊ ဆင်ခြင်မှပေါ့"

ဝေဝေကြောင်သွားသည်။

"ဟင်- အစ်-အစ်ကိုရယ်၊ ညီမ ဘယ်တုန်းကများ အစ်ကို့အပေါ် သစ္စာမဲ့ခဲ့ဖူးလို့လဲအစ်ကိုရယ်၊ အစ်ကို့အပေါ် ဘယ်တုန်းကမှ ညီမ သစ္စာမဖောက်ခဲ့ပါဘူး"

"ဩော်- သစ္စာမဖောက်ဘူးဟုတ်လား၊ ဟိုနေ့က ငါစီးတိန်ကုအိမ်ကို သက်စွန့်ကြိုးပမ်းဝင်လာခဲ့တယ်၊ မင်းလက်ကို စီးတိန်ကုကိုင်ပြီးကြည်နူးနေတာ မသိဘူးမှတ်နေသလား"

ဝေဝေသည် ထိုအဖြစ်အပျက်ကို ချက်ချင်းသတိရလိုက်လေသည်။

"မဟုတ်ဘူးအစ်ကို **မဟုတ်ဘူး။ သူက** ညီမကို ဆန်ပြုတ်ပန်းကန်ပေးတယ်၊ ညီမကရိုက်**ချပစ်လိုက်**တယ်၊ အဲဒီမှာ ညီမလက်ရှသွားတယ်၊ ဒါကို သူက**ပတ်တီးစည်း**ပေးတာပါ၊ ဒီမှာဒဏ်ရာ ခုထိရှိပါသေးတယ်၊ **အနာမကျက်သေးပါဘူး**"

ဝေဝေသည် လက်မှဒဏ်ရာကိုပြပြီး လျှံယင်းချီနှင့်သူမကွဲသွားပြီးသည့်နောက်ပိုင်းအဖြစ်အပျက်များကို ကရားရေလွှတ်တွတ်တွတ်ရှင်းပြလေတော့သည်။

စီးတိန်ကု၏အိမ်၌ အကျယ်ချုပ်နေရခြင်းအကြောင်းနှင့် သူမ မှ တစ်ပေါက်မစွန်းသေးကြောင်းတို့ကို သစ္စာဆို၍ရှင်းပြ၏။

လျှံယင်းချီသည် ဝေဝေရှင်းပြသည်ကိုယုံကြည်သွား၏။

သက်သေသက္ကကာယအဖြစ် လက်မှတ်ရာကိုလည်းမြင်တွေ့လိုက်ရသည်ကိုး။ ထိုအချိန်တွင် နားစည်ပွင့်မတတ်အော်ဟစ်လိုက်သည့်အသံများကိုကြားလိုက်ရတော့သည်။

"မန်ချူးတွေ- မန်ချူးတွေ"

မန်ချူးစစ်သားများသည် တစ်ခဲနက်အော်ပြီး လျှံယင်းချွဲ့တို့၏အိမ်ကို ဝိုင်းပတ်လိုက်ကြသည်။

လျှံယင်းချွဲ့က မီးတောက်မတတ်သောမျက်လုံးများဖြင့် စိုက်ကြည့်ပြီး ဝေဝေ့အား ခါးသီးစွာပြောလိုက်လေသည်။

"သစ္စာဖောက်မ- ငါ့ကိုအယုံသွင်းပြီး မင်းလင်တွေကို ခေါ်လာခဲ့တာကိုး၊ မင်းကိုအသေသတ်မယ်"

**ရွှမ်း. . ရွှမ်း. . ရွှမ်း. .**

**မန်ချူးစစ်သားများ၏ဓားများက** ဝေဝေနှင့်လျှံယင်းချွဲ့တို့အကြား **ပြိုးပြိုးပြက်ပြက်ပေါ်ထွက်**လာသည်။

**ထိုစဉ် အလွန်တရာနားခါးစ**ရာကောင်းလှသော စကားသံများသည် **မန်ချူးစစ်သားများနောက်**မှပေါ်ထွက်လာလေသည်။

"ညီမလေးပေးတဲ့အကြံဉာဏ်က တကယ်ကောင်းတာပဲကိုး၊ ညီမလေးတော့ ဆုတော်လာဘ်တော်တွေ အများကြီးရဦးမယ်"

ညသည် အပြစ်ကင်းကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပါသည်။ သို့သော် မန်ချူးစစ်သားများက တိတ်ဆိတ်ခြင်းမရှိပါ။ ဩသံပေးလျက် အော်ဟစ်နေကြပါသည်။

လျှံယင်းချွဲ့၏မျက်နှာသည် လွန်စွာတင်းမာခက်ထန်နေ



သည်။ နာကြည်းသောအရိပ်အယောင်များလည်း ထင်ဟပ်နေ၏။

ရုတ်တရက်အားဖြင့် လျှံယင်းချွဲ့သည် စကားမပြောနိုင်ချေ။ အတန်ကြာမှ-

"**မင်း- မင်း- တကယ်လို့များ** ငါမသေခဲ့ရင် မင်းကို မသေသေအောင်**သတ်ပါမယ်လို့** ငါကျိန်ဆိုပါတယ်"

**ဝေဝေ၏မျက်နှာ**ကား လုံးဝသွေးမရှိတော့ချေ။

ပဝါဖြူတစ်ပိုင်းနှယ် ဆွတ်ဆွတ်ဖြူနေလေတော့သည်။

"မဟုတ်ဘူး- မဟုတ်ဘူး- ဒီလူ လူယုတ်မာ"

ဝေဝေက **စီးတိန့်ကု**အားလက်ညှိုးထိုး၍ **အော်ဟစ်နေစဉ်**မှာပင် **စီးတိန့်ကု**၏အချက်ပြမှုကြောင့် **မန်ချူး**စစ်သားများက ဝေဝေ့အား ဆွဲခေါ်သွားကြတော့သည်။

"လူယုတ်မာ- လူယုတ်မာ- ရှင်အကြံပက်စက်လှချည်လား"

ဝေဝေသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားလေသည်။

**မန်ချူး**စစ်သားများသည် အိမ်နှင့်အပြည့်မှ များပြားလှပေသည်။

သူတို့သည် လျှံယင်းချွဲ့၏မိဘနှစ်ပါးကိုလည်းကောင်း၊ လျှံယင်းချွဲ့ကိုလည်းကောင်း၊ အလျှင်အမြန်ဖမ်းဆီးတုပ်နှောင်ကြလေသည်။

**လျှံယင်းချွဲ့**မှာ သူ့မိဘနှစ်ပါးအဖမ်းခံနေရသဖြင့် သူပါအဖမ်းခံ**လိုက်ရသည်**။

**တကယ်တမ်းအား**ဖြင့် သူရုန်းထွက်ပြေးလျှင်လည်း လွတ်

မြောက်နိုင်မည်မဟုတ်ချေ။

စီးတိန့်ကုသည် ဇည့်ခန်းထဲ၌ဟန်ပါပါဝင်ထိုင်လိုက်သည်။ မန်ချူးစစ်သားများက လျှံယင်းချုံကိုစီးတိန့်ကုရှေ့သို့ဆွဲခေါ်လာ၏။

"မင်းသမီးကလေး ဘယ်မှာလဲ"

စီးတိန့်ကုက ခပ်ထန်ထန်မေးလိုက်လေသည်။

လျှံယင်းချုံကလည်း ခပ်ပြတ်ပြတ်ပြန်ဖြေသည်။

"ဘယ်ကမင်းသမီးလဲ၊ **မသိဘူး**"

မန်ချူးစစ်သားနှစ်ဦးက လျှံယင်းချုံအားဘယ်ပြန်ညာပြန် ရိုက်နှက်လိုက်သည်။

လျှံယင်းချုံနှုတ်ခမ်းထောင့်မှ သွေးများစီးကျလာသည်။

"လျှံယင်းချုံ ငါကကောင်းကောင်းမေးနေတာ၊ မင်းကလဲ ကောင်းကောင်းဖြေပါ"

"ကျုပ်ဘာမှမသိတဲ့ကိစ္စကိုမေးနေလို့ကတော့ အပိုပဲ"

"မင်းညာနေတာ၊ မင်းသမီးလေးဟာ မင်းနဲ့အတူရှိနေတယ် ဆိုတာ ငါသိတယ်၊ မှန်မှန်ပြောရင် မင်းသက်သာလိမ့်မယ်"

လျှံယင်းချုံ ရယ်လိုက်လေသည်။

"တကယ်ရယ်စရာကောင်းတာပဲ၊ မင်းသမီးလေးဆိုတာ ချောက်ထဲကျသေသွားပြီဗျ"

"ဟား. . ဟား. . ဟား"

သည်တစ်ကြိမ်ရယ်သူက စီးတိန့်ကုဖြစ်သည်။

"လျှံယင်းချုံ ငါ့ကို ဒီလိုနည်းနဲ့လိမ်လို့မရပါဘူးကွာ"



စီးတိန့်ကုသည် အခန်းထဲခေါက်တုံ့ခေါက်ပြန်လမ်းလျှောက် ရှစ်ဦးစားလေတော့သည်။ ဗိုလ်မှူးကလေးစီး၏ သတင်းပေးချက် အရ မင်းသမီးကလေး၏ကိုယ်ရံလေးယောက်သေဆုံးကြောင်း မင်း သမီးကလေးလွတ်သွားကြောင်း သူသိခဲ့ပြီးဖြစ်သည်။

လျှံယင်းချုံ ဤမြို့၌ရှိနေခြင်းမှာလည်း မင်းသမီးကလေးရှိ နေသောကြောင့်သာဖြစ်ရမည်ဟု သူတွေးမိပြီးဖြစ်သည်။

သူသည် မန်ချူးစစ်သားများအားတီးတိုးပြောလိုက်သည်။

မန်ချူးစစ်သားများသည် ချက်ချင်းပင်လှုပ်ရှားခဲ့ပြီး အိမ်အနှံ့ ရှာဖွေကြပြန်လေသည်။

စီးတိန့်ကုသည် လမ်းလျှောက်ရင်းစဉ်းစားနေသည်။ ကြီး မားသောအိမ်ကြီးများ၊ စံတော်အိမ်များ၊ ဂေဟာများတွင် မြေအောက် ခန်းများ မရှိမဖြစ်ဆောက်လုပ်ထားတတ်ကြသည်။

ယခု ဤအိမ်တွင်ကော ဆောက်မထားနိုင်ပါသလော။

သူသည် ကြမ်းပြင်များကိုအသေအချာလျှောက်ကြည့်၏။

သူ့မန်ချူးစစ်သားများကိုလည်း ချက်ချင်းအမိန့်ပေးလိုက် လေသည်။

"ဟော့ကောင်တွေ ကြမ်းပြင်တွေကိုသေသေချာချာစစ်ဆေး ကြ၊ မြေအောက်ခန်းရှိမရှိရှာကြ၊ သူတို့ ဒီနည်းနဲ့ပဲ ပုန်းစရာရှိတယ်"

မန်ချူးစစ်သားအားလုံး စေ့စေ့စပ်စပ်ရှာဖွေကြသောအခါ မြေအောက်ခန်း၏လျှို့ဝှက်တံခါးကို တွေ့သွားကြလေတော့သည်။

မန်ချူးစစ်သားများသည် မြေအောက်ခန်းတံခါးကိုဆွဲဖွင့်ပြီး

အလျှိုလျှိုဆင်းသွားကြသည်။

မကြာမီ မန်ချူးစစ်သားများပြန်တက်လာသည်။

သူတို့နှင့်အတူ အမျိုးသမီးနှစ်ဦးပါလာသည်။

စီးတိန့်ကု ကြက်သေသေသွားတော့သည်။

အဘယ့်ကြောင့်နည်း။

မန်ချူးစစ်သားများလက်ထဲ၌ပါလာသည့် အမျိုးသမီးနှစ်ဦးမှာ အဝတ်အစားဆင်တူ၊ အဆင်အပြင်ဆင်တူ၊ ရုပ်ရည်ကလည်း အတော်ကလေးတူနေသောကြောင့်ပေတည်း။

**မန်ချူးစစ်သားများကလည်း** အတော်ကလေးအံ့ဩသွားကြလေသည်။ စီးတိန့်ကုမှာ **ဆိုဖွယ်ရာမရှိ**တော့ပေ။

တစ်ခုဆိုးသည်မှာ သူတို့ထဲ၌ မင်းသမီးကလေးအား တွေ့ဖူးသူတစ်ဦးတစ်ယောက်မျှ ရှိမနေခြင်းပင်တည်း။

ရှိသည်ထားဦးတော့။ ရုပ်ရည်ချင်းခပ်ဆင်ဆင်တူနေသည့် မိန်းကလေးနှစ်ဦးအနက် တစ်ဦးကိုမင်းသမီးကလေးပါဟု တပ်အပ်ပြောနိုင်ရန်မလွယ်ဘဲ ရှိနေပြန်သည်။

"ဘယ်သူ မင်းသမီးလေးလဲ"

စီးတိန့်ကုက အော်ဟစ်မေးလိုက်သည်။ မြေအောက်ခန်း၌ပုန်းအောင်းနေသည်ကိုတွေ့ရှိပြီးထိုမိန်းကလေးအနက် တစ်ဦးဦးသည် မင်းသမီးကလေးအမှန်ဖြစ်ကြောင်းကို သူကောင်းစွာ သိသည်။



ခပ်ထန်ထန်မေးလိုက်သည်။ မိန်းကလေးနှစ်ဦးက သူ့အား ကြောက်ရွံ့ဟန်မပြကြပေ။ နှစ်ဦးစလုံး ခပ်အေးအေးပင်ဖြစ်သည်။ သူတို့ပြောသည့်စကားလုံးများကလည်း တိုင်ပင်ထားသည့်အလား ညီညွတ်နေ၏။

"ကျွန်မက မင်းသမီးလေ"

စီးတိန့်ကု ဦးနှောက်ခြောက်သွားလေသတည်း။

✿

မိသားစုသစ္စာ

လျှံယင်းချုံတို့မိသားစုတစ်ခုလုံး အကျဉ်းထောင်တွင် အသွင်းခံလိုက်ရလေသည်။

လျှံယင်းချုံမှာ ချစ်သူ၏သစ္စာဖောက်မှုကို တနုံ့နုံ့တွေးပြီး ရင်ထဲ၌နာကျင်နေသည်။ ယခုအချိန်၌ ဝေဝေ့ကိုသာသူ့ဆီလွှတ်ပေးလိုက်လျှင် သူသည် ဝေဝေ့ကိုအစိတ်စိတ်အမွှာမွှာလုပ်ပြီး **သတ်ပစ်**မည်မှာသေချာလှသည်။

ယခုလည်း သူ့စိတ်ထဲ၌ ဝေဝေ့ကိုအကြိမ်ကြိမ်သတ်**နေမိ**သည်။ ယခုတစ်ကြိမ် **သူအသတ်မခံရပါက** ဝေဝေ့အားသေချာစွာသတ်မည်ဖြစ်ကြောင်း **အကြိမ်ကြိမ်သစ္စာ**ပြုနေမိသည်။

လျှံမွှန်. . . လျှံမွှန်**သည် လျှံယင်းချုံ၏**ဖခင်ဖြစ်သည်။

သူကား အလွန်အေး**ဆေးသူဖြစ်သည်**။

လျှံယင်းချုံအေးဆေးသည်**ထက်** ပို၍အေးဆေးသူဖြစ်**သည်**။ သို့သော် အလွန်တရာစိတ်**ဓာတ်မာကျော၏**။



ထို့ကြောင့် သူ့အား ရေခဲကျောက်တောင်ဟုခေါ်ကြသည်။

တစ်ချက်မှာ သူသည် အသက်အရွယ်ကြီးသဖြင့် လျှံယင်းချုံထက် အတွေ့အကြုံပိုများကာ ဤသို့ထိန်းသိမ်းနိုင်ခြင်းလည်း ဖြစ်ဟန်တူသည်။

"သား. . ."

အချုပ်ထဲ၌ ကြိတ်မနိုင်ခဲမရဖြစ်နေသောသားဖြစ်သူအား လျှံမွှန်က ကြင်နာစွာလှမ်းခေါ်**လိုက်သည်**။

"သား- ဝေဝေ့ကို **သိပ်ပြီးစိတ်ဆိုးမနေ**ပါနဲ့ ဟိုနေ့က အခြေအနေကိုကြည့်လိုက်ရတာ **ဝေဝေလဲ ဘာမှ**သိပုံမရဘူး၊ စီးတိန့်ကုဆိုတဲ့ရာဇဝတ်ကောင်က ဝေဝေ့**ကိုအသုံးချ**လိုက်ပုံရတယ်"

လျှံယင်းချုံမှာ ခေါင်းတယမ်းယမ်းဖြစ်နေသည်။ လျှံမွှန်က **ဝေဝေ့**အကြောင်းဆက်မပြောတော့ပေ။

"သား- လာထိုင်ဦး၊ မင်းသမီးကလေးရှေ့ရေး ဆွေးနွေးကြရအောင်"

လျှံမွှန်က တီးတိုးပြောသည်။

မန်ချူးများ ချောင်း၍နားထောင်မနေဟု မည်သူမျှအာမခံနိုင်ပေ။ လျှံယင်းချုံသည် မင်းသမီးလေးရှေ့ရေးဆိုသည်နှင့် သူ့နာကြည်းချက်များကို ဘေးသို့ဖယ်ချလျက် သူ့ဖခင်ရှိရာသို့လျှောက်လာသည်။ **လျှံမွှန်က. . .**

"သား- ငါတို့မိသားစု**အသက်**က အရေးမကြီးပါဘူး၊ ဒါကို သားလဲသိပါတယ်"

"ကျွန်တော်သိပါတယ်"

"မင်းသမီးကလေးအတွက် သိပ်အရေးကြီးတယ်"

"ဟုတ်တယ်၊ ကျွန်တော် သိပ်ညှဲ့ပါတယ်"

"သားညှဲ့တာတော့မဟုတ်ပါဘူး၊ ကံတရားပါ၊ အခုအချိန်မှာတော့ ကံကိုပုံချလို့မဖြစ်တော့ဘူး၊ ကံတရားဆိုပြီး တို့ထိုင်နေရင် မင်းသမီးကလေး အသတ်ခံရလိမ့်မယ်"

"ဟုတ်ပါတယ်အဖေ၊ ကျွန်တော်တို့ သေချင်သေပါစေ၊ မင်းသမီးလေးတော့ မသေစေရဘူး၊ ကျွန်တော်တို့ရဲ့အသက်နဲ့လဲပြီး ကယ်ပါမယ်"

"နည်းလမ်းလိုသေးတယ်"

လျှံမွန်က စဉ်းစဉ်းစားစားပြောသည်။

ဤသို့ဖြင့် လျှံမွန်နှင့်လျှံယင်းချို့တို့သည် အခြားကိုယ်ရေးကိုယ်တာကိစ္စများကိုဘေးချိတ်ကာ မင်းသမီးကလေးလွတ်မြောက်ရေးကိစ္စများကို ဆွေးနွေးလေတော့သည်။

အချိန်သာကုန်သည်။ မင်းသမီးကလေးကို မည်ကဲ့သို့ကယ်ထုတ်ရမည်ကို သူတို့တွေး၍မရကြချေ။ အဘယ်မှာ တွေး၍ရနိုင်ပါတော့နည်း။ သူတို့ကိုယ်တိုင် အကျဉ်းချခံနေရပြီမဟုတ်ပါလား။

"တစ်ခုပဲရှိတော့တယ်"

နောက်ဆုံး၌ လျှံမွန်ကလေးလေးနက်နက်ပြောလေသည်။

"ဘာလဲ ဖေဖေ"

"တစ်ခုပဲရှိတယ်၊ မင်းသမီးလေးကို ငါတို့သမီးလို့ပြောရုံပဲ



ရှိတော့တယ်၊ သမီးနဲ့မင်းသမီးကလေးက ရုပ်ချင်းနည်းနည်းဆင်တော့ တို့ကလွဲပြီး ဘယ်သူမှ တိတိကျကျသိမှာမဟုတ်ဘူး"

လျှံယင်းချို့သည် ချက်ဆို နားခွက်ကမီးတောက်သူဖြစ်၏။

"အဖေ- ကျွန်တော်ကတော့ သဘောတူပါတယ်၊ ဒါတွေစစ်မေးတဲ့အခါ မေမေနဲ့ညီမလေးတို့ သေသေချာချာသိထားမှဖြစ်မယ်၊ ညီမလေးနဲ့မေမေ့ကို အထင်သေးလို့မဟုတ်ပါဘူး၊ သူတို့ကြိုသိထားမှ ကောင်းမယ်ထင်ပါတယ်"

"စိတ်ချသား၊ အခုပဲ သူတို့ကိုရှင်းပြမယ်"

လျှံမွန်က ဇနီးနှင့်သမီးအား အကျိုးအကြောင်းရှင်းပြ၏။

"သမီး- ဒီကိစ္စမှာ သမီးက အခရာပဲ၊ အဖေတို့က သမီးနှစ်ယောက်ရှိပါတယ်လို့ဖြေရင် သူတို့စိတ်ရှုပ်ကုန်လိမ့်မယ်၊ တစ်ယောက်ယောက်ကို သတ်ပစ်နိုင်တယ်၊ သမီးအသေခံရကောင်းခံရမယ်၊ ဒါမှမဟုတ် နှစ်ယောက်စလုံး အသတ်ခံရနိုင်တယ် သမီးစဉ်းစားပါ"

လျှံယင်းချို့၏ညီမငယ်က ပြုံးလိုက်သည်။

"သမီးဟာ လျှံမျိုးရိုးပါ၊ လျှံမျိုးရိုးဟာ ဘယ်တုန်းကများ တိုင်းပြည်ထက် ကိုယ့်အသက်ကိုပိုချစ်ခဲ့ဖူးလို့လဲ"

လျှံယင်းချို့သည် ညီမငယ်၏ရဲရဲတောက်စကားများကို နားနှင့်ဆတ်ဆတ်ကြားသောအခါ မျက်ရည်များရစ်ဝိုင်းလာသည်။ လျှံယင်းချို့၏မိခင်ကြီးက သမီးငယ်၏ဆံပင်များကို သပ်ပေးနေသည်။

သူမလည်း မျက်ရည်များဝိုင်းနေသည်။

လျှံမွှန်တစ်ယောက်သာ ကြည်လင်စွာပြုံးနိုင်သည်။

"ဒါမှအဖေ့သမီးကွယ့် အသက်ဆိုတာ ဘာမှတန်ဖိုးမရှိပါဘူးကွယ်၊ တစ်နေ့သေကြရမှာပါပဲ၊ တစ်ချို့ဆိုရင် အချည်းနှီး ငယ်ငယ်ရွယ်ရွယ်နဲ့သေကြရတာ၊ တိုင်းပြည်အတွက်လဲ အကျိုးမရှိ၊ ကိုယ့်မိသားစုအတွက်လဲ အကျိုးမရှိ၊ တကယ်လို့ သမီးသေခဲ့ရင် အဖေတို့မိသားစု အများကြီးဂုဏ်ယူနိုင်တယ်၊ လျှံမျိုးရိုးကို တရှုတ်ပြည်ကြီးတည်သရွေ့ လူတွေရှိသေလေးစားကြလိမ့်မယ်"

သမီးငယ်က အေးဆေးတည်ငြိမ်စွာပြောသည်။

"သမီးအသက်ကိုမနှမြောပါဘူး၊ မင်းသမီးကလေး လွတ်မြောက်ဖို့အတွက် သမီးအသက်စွန့်ပါ့မယ်"

"အေး- ဒါဆို အားလုံးညီကြစေ၊ ငါတို့မှာ သမီးနှစ်ယောက်ရှိတယ်လို့ပဲ အားလုံးကခိုင်ခိုင်မာမာပြောကြ၊ မင်းသမီးကလေး ဘာပဲပြောပြော အကြောင်းမဟုတ်ဘူး"

လျှံယင်းချုံ၏မိခင်ကြီးက ခေါင်းညိတ်ထောက်ခံလိုက်၏၊

"စိတ်ချပါရှင်၊ ရှင်က ကျွန်မကိုစိတ်ပူနေတာလား၊ ကျွန်မတို့အမျိုးကလဲ ကိုယ့်တိုင်းပြည်အတွက်ဆိုရင် အသက်ကို တန်ဖိုးမထားတဲ့မျိုးရိုးပါရှင်၊ သမီးကတောင် ကိုယ့်တိုင်းပြည်အတွက် သတ္တိအပြည့်ရှိနေပြီပဲ၊ ကျွန်မတို့က ဘာဖြစ်လို့သတ္တိမရှိရမှာလဲ"

သည်တစ်ကြိမ် မျက်ရည်လည်မိမတတ် ဝမ်းသာသွားသူက လျှံယင်းချုံပင်ဖြစ်ပါသည်။

နောက်တစ်နေ့နံနက်တွင် စုကျူးမြို့စားကြီးသည် အကြံပေးအရာရှိ'ဟုန်'နှင့်အတူ အချုပ်ထောင်တွင်းသို့ကြွရောက်လာသည်။

သည်တစ်ကြိမ်တွင် စီးတိန့်ကုပါမလာတော့ပေ။

သူတို့သည် အကျဉ်းခန်းအထိ ဝင်မလာကြပါ။ အကျဉ်းထောင်အရာရှိများနေထိုင်သည့် ဧည့်ခန်း၌ ထိုင်စောင့်ကြသည်။

ထောင်စောင့်များက လျှံယင်းချုံမိသားစုအား ကြိုးတုပ်၍ခေါ်ဆောင်လာသည်။ မြို့စားကြီးက လျှံယင်းချုံရှေ့ရပ်လိုက်၏။

"မင်းလား လျှံယင်းချုံဆိုတာ"

လျှံယင်းချုံက အဖြေမပေးပေ။

"မင်းကို သူရဲကောင်းတစ်ယောက်လို့ ချီးမွမ်းကြတယ်၊ ကြည့်တော့လဲ သာမန်လူတစ်ယောက်လိုပါပဲလား"

"သာမန်လူတစ်ယောက်ပဲဥစ္စာ"

"ထားပါတော့ကွာ၊ မင်းနဲ့ငါ အငြင်းပွါးဖို့လာတာမဟုတ်ဘူး၊ မေးစရာရှိတာမေးဖို့ လာခဲ့တာပါ"

လျှံယင်းချုံက မျက်နှာထားကိုတင်းထားလိုက်သည်။

"မင်းတို့မိသားစုထဲမှာ မိန်းကလေးနှစ်ဦးတွေ့တယ်၊ မင်းသမီးကလေးကို မင်းကစောင့်ရှောက်လာသူဆိုတော့ မင်းသိရမယ်၊ မင်းသမီးကလေးကဘယ်သူလဲ၊ ဘယ်ဟာလဲ"

ဤသို့မေးရခြင်းမှာ စုကျူးမြို့စားကြီးကိုယ်တိုင် မင်းသမီးကလေးကိုမမြင်ဖူးသောကြောင့်ဖြစ်ပါသည်။ မြို့စားကြီးသည် နန်းတွင်းသို့ တစ်ကြိမ်တစ်ခါမျှမရောက်ဘူးချေ။ ထို့အတွက် မင်းသမီးကလေး မည်သူဖြစ်သည်ကို စစ်မေးမြန်းနေရခြင်းဖြစ်လေသည်။

"မင်းသမီးကလေး သေသွားပြီ၊ ခင်ဗျားမေးတဲ့မင်းသမီးကို ကျုပ်မသိဘူး၊ တစ်ခုတော့ရှိတယ်၊ မင်းသမီးလေး ကျသေသွားတဲ့ ချောက်ကမ်းပါးကိုတော့ ကျုပ်လိုက်ပြနိုင်တယ်"

"ထို- မင်းက ကျုပ်ကိုအရူးလုပ်တာလား၊ ဟိုမိန်းကလေး နှစ်ယောက်ထဲကတစ်ယောက်ဟာ မင်းသမီးအစစ်ဖြစ်ရမယ်၊ ကဲ- ပြောစမ်း. . ဘယ်သူဟာမင်းသမီးအစစ်လဲ"

လျှံယင်းချိုကခေါင်းယမ်းလိုက်သည်။

"ဘယ်သူမှမင်းသမီးမဟုတ်ပါဘူး၊ **နှစ်ယောက်စလုံး** ကျုပ် ညီမတွေချည်းပဲ"

စုကျူး**မြို့စားကြီး**သည် **လျှံယင်းချို**အပေါ် အတော်ကလေး ဒေါသထွက်**သွားသည်။ သို့သော်** သူသည် အတွေ့အကြုံများသူဖြစ်၍ဒေါသကိုထိန်းနိုင်သည်။ မြို့စားကြီးသည် လျှံယင်းချို၏ ဖခင် လျှံမွှန်ကို သူ့ ရှေ့သို့ခေါ် လာစေပြန်သည်။

"ကဲ- ခင်ဗျားကတော့ ခင်ဗျားသားထက်ပိုပြီး အသိဉာဏ် ရှိပုံရတယ်၊ ခင်ဗျားမှန်မှန်ပြောပါ၊ ဒီကိစ္စဘယ်**လောက်အရေးကြီး** တယ်ဆိုတာ ခင်ဗျားသိပါတယ်၊ ဘယ်သူဟာ **မင်းသမီးအစစ်လဲ**"

လျှံမွှန်ကခေါင်းခါသည်။

"ဘယ်သူဟာ မင်းသမီးအစစ်ပါလို့ ကျွန်တော်ကဘယ်လို **ပြောမလဲဗျာ**၊ နှစ်ယောက်စလုံး ကျွန်တော့်သမီးတွေချည်းပဲဟာ၊ တစ်ယောက်ယောက်ဟာ မင်းသမီးပါလို့ပြောလိုက်ရင် ကျွန်တော့် သမီးတစ်ယောက် ဆုံးရှုံးသွားမှာပေါ့"



မြို့စားကြီးက ဖျောင်းဖျသည်။

"ခင်ဗျားကလဲ ဦးနှောက်မရှိတဲ့ခင်ဗျားသားလို ခြေမနေ စမ်းပါနဲ့၊ ခင်ဗျားမှန်မှန်မပြောရင် ခင်ဗျားတို့မိသားစုတစ်ခုလုံး ဒုက္ခရောက်သွားမယ်၊ သိရဲ့လား"

လျှံမွှန်ကပြုံးလိုက်သည်။

"ကျွန်တော့်သားလဲ ဦးနှောက်ရှိပါတယ်၊ ကျွန်တော်ကလဲ ဦးနှောက်ရှိပါတယ်၊ ဦးနှောက်ရှိလို့ ကျွန်တော်က သမီးတစ်ယောက် မဆုံးရှုံးစေချင်ဘူး၊ ကျွန်တော့်သားကလဲ ညီမတစ်ယောက် မဆုံးရှုံး စေချင်တာပေါ့"

"တောက်. . "

မြို့စားကြီးဒေါသထွက်သွားသည်။ သူသည် လျှံမွှန်၏ဇနီး ထံသို့လျှောက်သွားသည်။ အဘွားအိုမှာ နောက်ပြန်ကြိုးအတုပ်ခံ ထားသည်ကိုပင် ဂရုမစိုက်ခြေရရှိနေပေသည်။

"အဘွားကြီး- ခင်ဗျားတို့တစ်မိသားစုလုံး ဒုက္ခမရောက် စေချင်ရင် မှန်မှန်ပြော၊ ဘယ်ဟာကခင်ဗျားသမီးလဲ၊ ဘယ်ဟာက မင်းသမီးကလေးလဲ"

အဘွားအိုက ပြုံး၍ပြောသည်။

"မြို့စားကြီးမှားနေပါပြီ၊ သူတို့ဟာကျွန်မသမီးနှစ်ယောက် ပါ၊ မင်းသမီးဆိုတာကို ကျွန်မ တစ်ခါမှမမြင်ဖူးပါဘူး"

မြို့စားကြီး သက်ပြင်းချမိသည်။

သူသည် အကြံပေးအရာရှိဟုန်ထံသို့ပြန်လှည့်လာသည်။

ဟုန်အား တစ်ချက်လှမ်းကြည့်သည်။ အာလုပ်ရင် ကောင်းမလဲဟုတိုင်ပင်သည့်အကြည့်ပင်ဖြစ်၏။ အကြံပေးအရာရှိ ဟုန်ကုားပဒေသရာဇ်နန်းတွင်း၌ကြီးပြင်းလာသူပီပီ အလွန်အကင်းပါး၏။

"မြို့စားကြီးခင်ဗျာ ဒီကိစ္စဟာအင်မတန်လွယ်ပါတယ်၊ သူတို့ကိုဖမ်းတဲ့ မန်ချူးအရာရှိစီးတိန့်ကုကိုခေါ် မေးလိုက်ပါ၊ သူတို့ ပြောသလို သူတို့မှာ သမီးနှစ်ယောက်တကယ်ရှိမရှိဆိုတာ စီးတိန့်ကု သိပါလိမ့်မယ်"

"ကဲ- လာ၊ ဒါဖြင့် စစ်မေးဆဲကိစ္စကို ခဏလောက်စခန်းသိမ်းကြမယ်၊ စီးတိန့်ကုကိုခေါ် မေးလိုက်မယ်"

မြို့စားကြီးနှင့်အကြံပေးအရာရှိဟုန်တို့ အကျဉ်းထောင်အတွင်းမှ ထွက်ခွါသွားကြလေတော့သည်။

✿

မြို့စားကြီးထွက်ခွါသွားသည်နှင့် လျှံယင်းချုံ၏မိခင်ကြီးသည် မျက်ရည်ဖြိုင်ဖြိုင်ကျလေတော့သည်။

"မကြာခင်မှာ ဇာက်သိမ်းခန်းရောက်တော့မှာပဲ"

သူမက ဒါပဲပြောသည်။

လျှံယင်းချုံက သူ၏မိခင်ကြီးကို ငေးမောကြည့်နေသည်၊

"ဘာဖြစ်သလဲ၊ လူဆိုတာသေမျိုးချည်းပဲ၊ အကျိုးရှိရှိ သေခြင်းနဲ့ အကျိုးမဲ့သေခြင်း နှစ်နည်းနှစ်လမ်းပဲရှိတယ်၊ တကယ်လို့ တို့



သေသွားရင် တိုင်းပြည်အတွက်သေခြင်းဖြစ်လို့ ဂုဏ်ရှိပါတယ်ကွာ"

လျှံမွှန်က ဇနီးဖြစ်သူအားနှစ်သိမ့်လိုက်သည်။

လျှံမွှန်၏ဇနီးဖြစ်သူက-

"ကျွန်မငိုတာ ကျွန်မသေရမှာဖြစ်လို့ ငိုတာမဟုတ်ပါဘူး၊ မင်းသမီးလေးပါ ရောအသတ်ခံရမှာကိုတွေးမိပြီး ငိုတာပါ"

ထိုစကားသည် အားလုံး၏အရှိက်ကိုထိစေပါသည်။

မင်းသမီးကလေးသည်လည်း မဟာဆီ မဟာသွေးပါသူပီပီ ယခုတိုင် ကြောက်ရွံ့သွေးပျက်ခြင်းမရှိပေ။

လျှံယင်းချုံတို့မိသားစု လွတ်လပ်စွာစကားပြောနိုင်ရန်သာ အကျဉ်းခန်းနံရံတစ်ဘက်၌ လမ်းလျှောက်နေပါသည်။

လျှံယွင်းချုံသည် မင်းသမီးကလေးကိုလှမ်းကြည့်လိုက်၏။ တကယ့်အရေးအကြောင်း၌ မင်းသမီးကလေးအား ကယ်မထုတ်နိုင်သည့်အတွက် သူလွန်စွာဝမ်းနည်းမိပါသည်။ ထိုအချိန်၌ မြို့စားကြီး၊ အကြံပေးအရာရှိဟုန်နှင့် စီးတိန့်ကုတို့ ခေါင်းချင်းရိုက် တိုင်ပင်နေကြသည်။ စီးတိန့်ကုက-

"မြို့စားကြီးခင်ဗျာ- လျှံမွှန်ဆီမှာ သမီးတစ်ယောက် သားတစ်ယောက်ပဲရှိပါတယ်၊ လျှံမွှန်ရဲ့သမီးကို တွေ့ဖူးခဲ့တဲ့ ကျွန်တော့်တပည့်တစ်ယောက်ကို ခေါ်ပြကြည့်တော့ သူလဲ မင်းသမီးကလေးနဲ့ လျှံမွှန့်သမီးကို မခွဲခြားတတ်ဘဲဖြစ်နေပါတယ်၊ ကျွန်တော်ကြံပါဦးမယ်ခင်ဗျာ"

မြို့စားကြီးက-

"မင်း ကြံဖို့မလိုဘူး၊ လျှံမွှန်ဆီမှာ သမီးတစ်ယောက်တည်း ရှိတယ်ဆိုတာ ဟုတ်မဟုတ် ငါသေသေချာချာသိချင်တယ်၊ ဒါပဲ"

"သမီးတစ်ယောက်ထဲဆိုတာ သေချာပါတယ်"

"ကောင်းပြီ- မင်းသွားနိုင်ပြီ"

စီးတိန့်ကုသည် မြို့စားကြီးကိုအရှိအသေပေးပြီး ထွက်ခွာသွားလေသည်။ မြို့စားကြီးနှင့်အကြံပေးအရာရှိဟုန်တို့ ခေါင်းချင်းရိုက်ကျန်ရှိခဲ့ကြပြန်လေသည်။

"မင်းတို့ ငါ့ကိုဘယ်လောက်အရှုးလုပ်နိုင်မလဲဆိုတာ စောင့်ကြည့်ကြသေးတာပေါ့"

မြို့စားကြီးက ရုတ်တရက်ကြုံးဝါးလိုက်သည်။

နောက်တစ်နေ့ နေ့လည်ခင်း၌ မြို့စားကြီးနှင့်အကြံပေးအရာရှိဟုန်တို့သည် အကျဉ်းထောင်အတွင်းသို့ ရောက်ရှိလာပြန်လေသည်။ သည်တစ်ကြိမ်တွင်တော့ မြို့စားကြီးဟုန်တို့သည် အကျဉ်းစခန်းအထိ ဝင်ရောက်လာကြသည်။ အကျဉ်းထောင်မှူးက-

"မြို့စားကြီးခင်ဗျာ- အကျဉ်းသားတွေကို အပြင်ထုတ်ပေးလိုက်ရမလားခင်ဗျာ"

"မထုတ်နဲ့ ငါဒီမှာပဲမေးမယ်"

မြို့စားကြီးက လျှံယင်းချုံအားလှမ်းခေါ်လိုက်သည်။

"လျှံယင်းချုံ"

"ကျုပ်ရှိပါတယ်"

"မင်းကိုငါမေးမယ်၊ မှန်မှန်ဖြေပါ၊ မင်းဆီမှာ ညီမတစ်ယောက်တည်းရှိတယ်ဆိုတာ ငါသိပြီးပြီ၊ အခုကိစ္စက မင်းတို့က ငါ့ကိုအကြောင်ရိုက်နေတဲ့သဘောပဲ၊ ဘယ်လောက်ကြာကြာအကြောင်ရိုက်နိုင်မလဲဆိုတာ မင်းတို့စဉ်းစားမိဖို့ကောင်းတယ်၊ ကဲ- ပြောစမ်း ဘယ်သူဟာ မင်းရဲ့ညီမလဲ၊ ဘယ်သူဟာ သမီးတော်ကလေးလဲ"



လျှံယင်းချုံက ဘာမျှမပြောပါ။ ရေငုံနှုတ်ပိတ်၍နေလေသည်။ မြို့စားကြီးက-

"ဒီမှာလျှံယင်းချုံ ငါလိုချင်တာမင်းသမီးကလေးပဲ၊ မင်းတို့မိသားစုရဲ့အသက်မဟုတ်ဘူး၊ ဒါကြောင့်မို့ မင်းသမီးကလေး ဘယ်သူဆိုတာ ရှင်းရှင်းပြောစမ်း"

လျှံယင်းချုံ နှုတ်ပိတ်ထားသည်။

"မင်းသမီးကလေး ဘယ်သူဆိုတာဖွင့်ပြောတာနဲ့ တစ်ပြိုင်နက် မင်းတို့မိသားစုအားလုံးကိုခွင့်လွှတ်လိုက်မယ်၊ လုံးဝအပြစ်မပေးဘူး၊ အဲဒီကိစ္စကို ငါတာဝန်ယူတယ်"

လျှံယင်းချုံ တိတ်ဆိတ်မြဲတိတ်ဆိတ်နေသဖြင့် မြို့စားကြီးသည် လျှံယင်းချုံမိခင်ကြီးအား လှမ်းခေါ်လိုက်ပြန်သည်။

"အဘွားကြီး ကျုပ်ပြောတာနားလည်တယ်မဟုတ်လား၊ ဘယ်အရာဝတ္ထုထက်မဆို ကိုယ့်အသက်ဟာ တန်ဖိုးပိုကြီးတယ်၊ အခုခင်ဗျားတို့အနေနဲ့ မင်းသမီးရဲ့အသက်တစ်သက်နဲ့ ကျန်အသက်လေးသက် လဲရမယ့်သဘောဖြစ်နေတယ်၊ ဘယ်သူဟာ မင်းသမီးဖြစ်တယ်ဆိုတာ ခင်ဗျားပြောပြပါ"

လျှံယင်းချုံ၏မိခင်ကြီးထံမှ ရှိုက်သံတစ်ချက်ထွက်လာ၏။

မြို့စားကြီးအားတက်သွားသည်။

အဘွားကြီးထုတ်ပြောလာမည့်အချိန်ကို စောင့်သည်။

သို့သော် အတန်ကြာသည်အထိ အဘွားကြီးထံမှစကားသံထွက်မလာပေ။ မြို့စားကြီးအား အကြံပေးအရာရှိဟုန်က တီးတိုးစကားပြောသည်။ ထိုအခါ မြို့စားကြီးကခေါင်းညိတ်သည်။

ထောင်မှူးအားခေါင်းညိတ်ခေါ်ကာ တီးတိုးပြောပြန်၏။

ထို့နောက် ထောင်မှူး၏အခန်းဆီသို့ အကြံပေးအရာရှိဟုန်ကိုခေါ်ကာ ထွက်သွားသည်။ မြို့စားကြီးထွက်သွားသည်နှင့် ထောင်မှူးကလျှံယင်းချုံတို့ အား ကြိမ်းမောင်းလေတော့သည်။

"ခင်ဗျားတို့အားလုံး သေကုန်ချင်လို့ ဒီလိုခေါင်းမာနေကြတာလား၊ မြို့စားကြီးသဘောကောင်းနေချိန်မို့လို့ ခင်ဗျားတို့ ဒီလောက်သက်သာနေတာ သိရဲ့လား"

"ဂျိမ်း. . "

ထောင်မှူးသည် ထောင်စောင့်အယောက်နှစ်ဆယ်ခန့်ကိုခေါ်လျက် အကျဉ်းခန်းတံခါးကိုဆွဲဖွင့်စေသည်။

ထို့နောက် မင်းသမီးကလေးနှင့် လျှံယင်းချုံ၏ညီမငယ်ကိုဆွဲထုတ်လာစေသည်။ ပြီးလျှင် အကျဉ်းတံခါးကိုပြန်ပိတ်လိုက်၏။

"ဂျိမ်း. . "

"မင်းတို့နှစ်ယောက်ကို အခု မြို့စားကြီးရှေ့ခေါ်သွားမယ်၊ မင်းတို့အဖေတွေ အမေတွေ အစ်ကိုတွေရှိနေလို့ ခေါင်းမာနေကြတယ်၊ အခု ခွဲပြီးစစ်လိမ့်မယ်၊ ကောင်းကောင်းဖြေကြ ကြားရဲ့လား"



ထောင်မှူး၏အသံမှာ ကျယ်လောင်လွန်းလှသဖြင့် အခန်းပွဲတင်ထပ်နေသည်။ ထိုအသံကိုပင် ကြားရဲ့လားဟုပြန်မေးနေ သဖြင့် မင်းသမီးကလေးက ပြုံးလိုက်သည်။

သူမ၏အပြုံးကို ထောင်မှူးမမြင်လိုက်သည်က တော်သေးတော့သည်။ မကြာမီ မိန်းကလေးနှစ်ဦးသည် မြို့စားကြီးနှင့် အကြံပေးအရာရှိဟုန်တို့ရှေ့မှောက်သို့ ရောက်ရှိလာကြသည်။

မြို့စားကြီးသည် မိန်းကလေးနှစ်ယောက်ကို တစ်ယောက်စီ အသေအချာအကဲခတ်လိုက်သည်။

ဖြူနုပုံ ရုပ်ရည်ချင်းဆင်နေတာကြောင့် သူလည်းစိတ်မှန်းဖြင့် မခွဲခြားတတ်ဘဲဖြစ်နေသည်။

"ကဲ- ဒီတစ်ကြိမ်မှာတော့ လျှံယင်းချုံမိသားစုကို မေတ္တာရပ်မခံတော့ဘူး၊ ဒီမိသားစုက မျက်ကန်းမျိုးချစ်တွေဆိုတော့ သူတို့သာအသေခံမှာ၊ မင်းသမီးကလေး ဘယ်သူဆိုတာတော့ ထုတ်ပြောမှာမဟုတ်ဘူး၊ အခုမေတ္တာရပ်ခံမှာက မင်းသမီးကလေးကိုပဲ"

မြို့စားကြီးက ပဏာမစကားဖြင့်နိဒါန်းပျိုးလိုက်သည်။

"ကိုယ့်အတွက်ကြောင့် သူတစ်ပါးဒုက္ခရောက်တယ်ဆိုတာမကောင်းပါဘူး၊ ပိုဆိုးတာက ကိုယ့်အသက်တစ်ချောင်းကြောင့် သူတစ်ပါးအသက် သုံးလေးသက်ဆုံးရှုံးရမယ့်ကိစ္စပဲ၊ အာဇာနည်တွေ သူရဲကောင်းတွေ စိတ်ထားမြင့်မြတ်တဲ့သူတွေဟာ ကိုယ့်ကြောင့် သူများကို ဘယ်တော့မှဒုက္ခမရောက်စေကြဘူး၊ အဲဒီတော့ မင်းသမီးကလေးအနေနဲ့ ကိုယ် မင်းသမီးကလေးအစစ်ဖြစ်တယ်ဆိုတာကို

ရဲရဲဝံ့ဝံ့ဝန်ခံစမ်းပါ၊ ကဲ- ဘယ်သူဟာ မင်းသမီးကလေးလဲ"

လျှံယင်းချို့ညီမငယ်က လျှင်မြန်စွာဝန်ခံလိုက်သည်။

"ကျွန်မ မင်းသမီးအစစ်ပါ"

မင်းသမီးလေးက ချက်ချင်းဝင်ပြောသည်။

"မဟုတ်ဘူး၊ သူမင်းသမီးမဟုတ်ပါဘူး၊ ကျွန်မက မင်းသမီးအစစ်ပါ"

"ဟင့်အင်း- သူမင်းသမီးမဟုတ်ပါဘူး၊ ကျွန်မက မင်းသမီးအစစ်ပါ"

"မဟုတ်ဘူး၊ သူကအတု၊ ကျွန်မကအစစ်"

"တော်ကြစမ်း . . တော်ကြစမ်း"

မြို့စားကြီးဒေါသတကြီးဖြင့် အော်ဟစ်လိုက်သည်။ မြို့စားကြီးကသာ မတားလျှင် လျှံယင်းချို့၏ညီမနှင့် မင်းသမီးကလေးတို့ တစ်ယောက်နှင့်တစ်ယောက် ငြင်း၍ ဆုံးနိုင်တော့မည်မဟုတ်ချေ။

လျှံမိသားစုအားစစ်ဆေးသောအခါ မိန်းကလေးနှစ်ဦးစလုံး သူတို့၏သမီးဟု အားလုံးကအစစ်ခံကြသည်။

ယခု မင်းသမီးကလေးအား စစ်ဆေးသောအခါတွင်လည်း မင်းသမီးကလေးကရော လျှံယင်းချို့ညီမငယ်ကပါ မင်းသမီးအစစ်ဟု ဝန်ခံကြပြန်လေပြီ။

မြို့စားကြီး အကြီးအကျယ်ခေါင်းရှုပ်သွားသည်။

အကြံပေးအရာရှိဟုန်က တည်ငြိမ်သောအသံဖြင့်ဝင်ပြောလိုက်သည်။



"လျှံမွှန်ရဲ့သမီးဟာ သာမန်အရပ်သူဖြစ်ပါတယ်၊ ကိုယ်နဲ့မအပ်စပ်တဲ့ မဟာဆီမဟာသွေးအဖြစ် ကိုယ့်ကိုယ်ကိုဂုဏ်မမြှင့်သင့်ဘူးထင်တယ်၊ မဟာဆီ မဟာသွေးအစစ်ဖြစ်တဲ့မင်းသမီးကလေးကသာ သူ့ဘာသာသူ ဝန်ခံပါစေ၊ ကဲ- မင်းတို့နှစ်ယောက်ထဲက ဘယ်သူဟာ မင်းသမီးလဲ"

"ကျွန်မသာ မင်းသမီးအစစ်ပါ"

လျှံယင်းချို့၏ညီမငယ်နှင့် ချွေ့ရမ်းမင်းသမီးကလေးတို့ ပြိုင်တူပြောလိုက်သည့်စကားသံပင်ဖြစ်သည်။ တစ်သံတည်းထွက်လာသဖြင့် မြို့စားကြီးမှာ မျက်လုံးပြူး၍ကြည့်နေမိတော့သည်။

"ကောင်းပြီ- မင်းတို့က ငါ့ကိုအရူးလုပ်ကြတယ်ပေါ့၊ ဘယ်သူအတု ဘယ်သူအစစ်ဆိုတာ ဒီတစ်သက်လုံး မပေါ်ထုတ်နိုင်တော့ဘူးလို့ မင်းတို့ကများထင်နေကြသလား၊ ဟေ့- အမှန်ကိုဖော်ထုတ်နိုင်တဲ့နည်းလမ်းတွေ အများကြီးရှိသကွ၊ ဘယ်သူက မင်းသမီးလဲဆိုတာမပေါ်ရင် ငါ့ကိုပြောချင်သလောက်ပြောကြ၊ ငါ့အကြောင်း မင်းတို့သိရမယ်ကွ"

မြို့စားကြီးသည် ဒေါသတကြီးအော်ဟစ်ပြီး အခန်းထဲမှ ထွက်ခွါသွားတော့သည်။

"သူတို့ကို အချုပ်ခန်းထဲပြန်ထည့်ထားလိုက်"

❖

## မျက်ရည်သက်သေ

အချုပ်ခန်းတွင်း၌ လှုံမွန်၊ လှုံမွန်၏ဇနီး၊ လှုံယင်းချို၊ လှုံယင်းချို၏ညီမနှင့်မင်းသမီးကလေးတို့ ဝိုင်းထိုင်နေကြသည်။

သူတို့ပြောသည့်စကားများကို အချုပ်ခန်းအပြင်မှ မန်ချူထောင်စောင့်များလုံးဝမကြားနိုင်ချေ။ တိုးညှင်းလွန်းလှသောကြောင့်ဖြစ်သည်။ မင်းသမီးကလေးက ယမန်နေ့ကအဖြစ်အပျက်များကို ပြန်လှန်ပြောပြနေခြင်းဖြစ်သည်။

"ကျွန်မအပေါ် စေတနာထား မေတ္တာထားကြတဲ့ ဘဘနဲ့ ဘဘရဲ့မိသားစုကိုကြည့်ပြီး ကျွန်မမျက်ရည်ကျဖိတာ ခဏခဏပါ၊ ဒါပေမယ့် ဒီနေ့မြို့စားကြီးလာတဲ့အခါမှာ အရင်နေ့တွေကလို သစ္စာမထားကြပါနဲ့လို့ပြောချင်ပါတယ်၊ အကျိုးရှိမယ်ဆိုရင်တော့ ကျွန်မမတားလိုပါဘူး၊ အခုကိစ္စမှာ ကျွန်မဟာ ဘယ်နည်းနဲ့မှလွတ်မြောက်နိုင်မှာမဟုတ်ပါဘူး"

အားလုံးက ငြိမ်သက်စွာနားထောင်နေကြသည်။



မင်းသမီးကလေးက ဆက်ပြောသည်။

"ကျွန်မလဲ မလွတ်မြောက်နိုင်ဘူး၊ ဘဘတို့လဲ အားလုံးသေကုန်မယ်ဆိုရင် အမတ်ကြီးစုဘူးဝှက်ရဲ့အကြံအစည်ဟာ အတော်ကြီးနှောင့်နှေးသွားနိုင်ပါတယ်၊ တကယ်လို့ ဘဘမိသားစုသာ အသက်ရှင် ကျန်ရစ်ခဲ့ရင် အမတ်ကြီးစုဘူးဝှက်ဆီ ပြန်အကြောင်းကြားနိုင်ပါတယ်၊ ဒါဆိုရင် အမတ်ကြီးဟာ တစ်နည်းတစ်ဖုံကြံပြီး မိုးနဂါးတောင်ကအစ်ကိုတော်ကို သွားခေါ်နိုင်ကောင်းပါတယ်၊ ဒါကြောင့် ဒီတစ်ခါ မြို့စားကြီးလာစစ်ဆေးရင် အမှန်အတိုင်းဝန်ခံလိုက်ကြပါလို့ မေတ္တာရပ်ခံပါတယ်ဘဘရယ်"

ဤအုပ်စုကား ရဲရဲတောက်သတ္တိ ... ဖြစ်တော့သည်။ မင်းသမီးကလေးကလည်း မင်းသမီးအလျောက် ရဲရင့်သိစွာရှိ၏။

လှုံမိသားစုကလည်း မျိုးရိုးအရရဲရင့်သစ္စာရှိ၏။ သူတို့သစ္စာရှိပုံ တိုင်းပြည်ချစ်ပုံကား ကြက်သီးထလောက်စရာရှိပေသည်။

လှုံယင်းချို၏မိခင်ကြီးသည် မျက်ရည်များရစ်ဝဲနေရာမှ တီးတိုးပြောလေသည်။

"ငါတို့က ဘယ်လိုခွဲခြားပြောနိုင်မှာလဲသမီးရယ်၊ သမီးဟာလဲ သမီးပါပဲ၊ မင်းသမီးလေးလဲ သမီးပါပဲ၊ ဖြစ်လာသမျှအကြောင်းအကောင်းချည်းမှတ်ရတော့မှာပေါ့ကွယ်"

မင်းသမီးကလေးက-

"အဲဒီလိုလဲမမှတ်ပါနဲ့၊ အခုတစ်ခေါက် မြို့စားကြီးလာရင် ရက်စက်တဲ့အကြံဉာဏ်တွေ ပါလာလိမ့်မယ်"

မင်းသမီးလေးက လျှံယင်းချုံညီမငယ်ဘက်သို့လှည့်၍ပြောသည်။

"ညီမလေး- ဒီတစ်ခါ မင်္ဂနေ့ကလိုမလုပ်နဲ့တော့နော်၊ မမက သေရမှာကို မကြောက်ပါဘူး၊ မမ သေသွားပေမယ့် ညီမလေးတို့ မိသားစုအနေနဲ့ မမရဲ့တာဝန်ကို ဆက်ထမ်းနိုင်သေးတာပဲ၊ တကယ်လို့ အကုန်အသတ်ခံရရင်သာ အမတ်ကြီးစုဘူးဝှက်ရဲ့အကြံအစည်တွေ နှောင့်နှေးကုန်မှာပါ"

လျှံယင်းချုံ၏ညီမငယ်မှာ ယခုကိစ္စ သူမစိတ်ဓာတ်ကိုပြန်လည်ပြင်ဆင်ရန် အကြောင်းမရှိတော့ဟူသော သဘောမျိုးဖြင့် ရေငုံနှုတ်ပိတ်နေသည်။

မည်သို့မျှ ပြန်လည်ဆွေးနွေးခြင်းမရှိတော့ပေ။

လျှံမိသားစုထံမှ သူမ၏အကြံပေးချက်ကို သဘောတူညီမှုမရရှိသဖြင့် မင်းသမီးကလေးစိတ်ပျက်သွားသည်။

"အားလုံးပဲ စဉ်းစားကြပါ၊ အကျိုးရှိရှိ အသေခံကြမလား၊ အကျိုးမဲ့မဲ့အသေခံကြမလား၊ အားလုံးဆုံးဖြတ်ကြပါ"

မင်းသမီးကလေးသည် ထိုမျှသာပြောပြီး သူမ ထိုင်နေကျနေရာ၌သွားထိုင်ကာ တွေဝေငေးမောနေလေတော့သည်။

သူတို့သည် မြို့စားကြီးရောက်လာပြီး စစ်မေးမည့်အချိန်ကို စောင့်နေကြသော်လည်း မြို့စားကြီးသည် ညမိုးချုပ်အချိန်ကုန်သည့်တိုင် ရောက်မလာတော့ပေ။

လျှံမွှန်က အားလုံးကို ဆုံးမစကားပြောသည်။



"လူဆိုတာ သေတစ်နေ့မွေးတစ်နေ့ပဲ၊ မွေးပြီးရင် သေကြရမှာပဲ၊ ဒီနိယာမတရားကို ဘယ်သူမှလွန်ဆန်လို့မရဘူး၊ ဒီတော့ သေရမှာကိုတွေးကြောက်နေဖို့ မလိုဘူး၊ ဒါကြောင့် လာမယ့်ဘေးဒုက္ခကို မေ့ထားပြီး စိတ်အေးလက်အေးအိပ်ကြပါ၊ တကယ်အင်အား ပြည့်နေရင် အခွင့်သာတဲ့အခါ လွတ်မြောက်ဖို့ကြိုးစားနိုင်လိမ့်မယ်"

✿

လျှံယင်းချုံကား တကယ်ပင် နှစ်ခြိုက်စွာအိပ်ပျော်သွား၏။ သူ့ဖခင်၏ဆုံးမစကားကိုကြားပြီးသည်နှင့် သူသည် အရာရာကိုကြိုးစား၍မေ့ဖျောက်ပစ်လိုက်လေသည်။

သူ့ခေါင်းထဲ၌ ဝေဝေလည်းမရှိ၊ ဝေ့ဝေ့အားမုန်းတီးမှုလည်းမရှိ၊ မင်းသမီးကလေးလည်း မရှိ၊ မိုးနဂါးတောင် မိုးနဂါးဓားလည်းမရှိတော့ချေ။

ထို့ကြောင့် ဤမျှနှစ်ခြိုက်စွာ အိပ်ပျော်သွားခြင်းဖြစ်လေတော့သည်။ နောက်တစ်နေ့နံနက်လင်းသည့်အခါတွင်မူ လျှံယင်းချုံ အကြီးအကျယ်စိတ်ထိခိုက်ရလေတော့သည်။

ရုတ်တရက်အားဖြင့် သတိလစ်သလိုလိုဖြစ်သွားသည်။

ကျောက်ရုပ်နှယ်ဖြစ်သွားသည်။ အကြောင်းမှာ လျှံယင်းချုံ၏မိဘနှစ်ပါးစလုံး အချုပ်ခန်းထောင့်၌ ကြိုးဆွဲချသေနေသောကြောင့်ပင်တည်း။ လျှံယင်းချုံ၏ညီမငယ်ကား လုံးဝမငို၊ အံကိုသာ

တင်းတင်းကြိတ်ထားသည်။ ကြေကွဲစွာငိုကြွေးသူကား လျှံယင်းချို လည်းမဟုတ်၊ လျှံယင်းချိုညီမလည်းမဟုတ်သည့် ချွေ့ရမ်းမင်းသမီး ကလေးသာဖြစ်လေသည်။

မင်းသမီးကလေးသည် လျှံမွန်တို့ဇနီးမောင်နှံ၏ဖြစ်အင်ကို ကြည့်၍ ရင်ထဲဆို့သွားသည်။ သူမသည် လျှံမွန်တို့မိသားစု၏ စိတ်ဓာတ်အင်အားကြီးမားမှုကို လွန်စွာရှိသေလေးစား၏။

မင်းသမီးကလေးသည် အကျဉ်းထောင်အစောင့်များက အလောင်းများကိုလာမယူမီ ရှိသေလေးစားစွာရှိခိုးသည်။

"ကျွန်မကိုခွင့်လွှတ်ပါ၊ ဘဘတို့မိသားစုကို ဒုက္ခပေးခဲ့တဲ့ ကျွန်မကို တမလွန်ဘဝကနေခွင့်လွှတ်နိုင်ပါစေလို့ ကျွန်မတောင်းပန် ပါတယ်"

လျှံယင်းချိုမှာ ဘာစကားမှမပြောနိုင်ဘဲ ငိုင်တွေ၍သာ ကြည့်နေမိတော့သည်။

❖

မွန်းတည့်ချိန်. . .

နေရှိန်ပြင်းလာချိန်တွင် မန်ချူးစစ်သားများသည် အချုပ် ခန်းများဆီသို့ရောက်ရှိလာကြပြီး လျှံယင်းချို၊ လျှံယင်းချို၏ညီမငယ် နှင့် မင်းသမီးကလေးတို့ကိုခေါ်ထုတ်လာလေသည်။

သူတို့ကိုခေါ်ထုတ်လာသည့်နေရာကိုလည်း ကြည့်ပါဦး။



တရားခံများကိုစစ်ဆေးအပြစ်ပေးသည့် လူသတ်ကုန်းသို့တည်း။

ထိုလူသတ်ကုန်း နေပူကျဲကျဲအောက်တွင် လျှံယင်းချိုတို့ ချွေးဒီးဒီးကျလျက်စောင့်နေကြသည်။

သူတို့အားစစ်ဆေးမည့်အရာရှိမင်းများအား စောင့်ဆိုင်း နေခြင်းပင်ဖြစ်တော့သည်။

မကြာမီ မြို့စားကြီးနှင့်အကြံပေးအရာရှိဟုန်တို့ရောက်ရှိ လာကြသည်။ မြို့စားကြီးသည် လျှံယင်းချို၏ မိဘနှစ်ပါးကြိုးဆွဲချ သေသည့်ကိစ္စကို ယခုတိုင် မသိရှိသေးပေ။

လူသတ်ကုန်းရောက်ရှိပြီး အကျဉ်းထောင်မှူးက အစီရင်ခံ သောအခါမှသိရှိရသည်။

" တောက်. . မင်းတို့ တော်တော်ပေါ့လျော့တာပဲ၊ ဘာဖြစ် လို့ ငါ့ဆီကိုချက်ချင်းအကြောင်းမကြားတာလဲ"

အကျဉ်းထောင်မှူးမှာ အကြောင်းမပြနိုင်ဘဲ ထစ်ထစ်ငေါ့ ငေါ့ဖြစ်နေသည်။ မြို့စားကြီးက အကြံပေးအရာရှိဟုန်ဘက်သို့လှည့် ကာ မေးလိုက်သည်။

"ဘယ်လိုသဘောရသလဲဟုန်. . "

ဟုန်က ဦးညွတ်ဂါရဝပြုလိုက်သည်။

"လျှံမွန်နဲ့သူ့ဇနီးဟာ ရှေ့နေ့ကိုကြိုတင်မြင်ကြပါတယ် မြို့ စားကြီးခင်ဗျာ၊ လျှံမွန်ဟာ ယောကျ်ားဖြစ်ပါတယ်၊ လျှံယင်းချိုဟာ လဲ ယောကျ်ားဖြစ်ပါတယ်၊ သူတို့ဟာ အနိုင်စက်ခံနိုင်ကြပါတယ်၊ လျှံမွန်ရဲ့ဇနီးကတော့ မိန်းမဖြစ်တဲ့အတွက် သူ့ယောကျ်ားနဲ့သူ့သား

ကိုနှိပ်စက်တာမြင်ရင် သူဟာ အမှန်ကိုဖွင့်ပြောမိမှာ စိုးရိမ်တဲ့အတွက် ခုလိုလုပ်ကြံသွားခြင်းဖြစ်ပုံရပါတယ်၊ လျှံမွှန်ကတော့ သူ့ဇနီးကိုညာပြီး သူ့ဇနီးနဲ့အတူ လိုက်ပါသွားပုံရပါတယ်"

အကြံပေးအရာရှိဟုန်၏တင်ပြချက်မှာ ကောင်းမွန်သဖြင့် မြို့စားကြီးသည် ခေါင်းညိတ်ကာနားထောင်နေမိလေသည်။

"အင်း- မင်းပြောတာဖြစ်နိုင်တယ်"

မြို့စားကြီးသည် နှုတ်မှမှတ်ချက်ချပြီး လျှံယင်းချုံဘက်သို့ လှည့်လိုက်လေသည်။

"လျှံယင်းချုံ- မင်းရဲ့မိဘတွေက ကျုပ်ကိုအမှန်အတိုင်း ဖွင့်ပြောရမှာစိုးလို့ ကိုယ့်ကိုယ်ကိုနှုတ်ပိတ်သွားကြပြီ၊ မင်းစိတ်ထဲမှာ ဘယ်လိုခံစားရသလဲ"

လျှံယင်းချုံ၏မျက်လုံးများက ရီဝေနေသည်။ ချစ်သူက သစ္စာဖောက်၊ မိဘများကအဆုံးစီရင်သဖြင့် တော်ရုံတန်ရုံလူသည် ရူးသွပ်သွားပေလိမ့်မည်။

"ကျုပ်မိဘတွေသေသွားတဲ့အတွက် ကျုပ်ပျော်နေတယ်လို့ ပြောရမလားဗျ၊ ခင်ဗျားဟာ ကိုယ်ချင်းစာတရားမရှိတဲ့မြို့စားပဲ"

လျှံယင်းချုံက ကြမ်းတမ်းစွာပြန်ပြောလိုက်သည်။ မြို့စားကြီးကခေါင်းခါ၏။

"အဲဒါမင်းတို့မှားတာပဲပေါ့၊ ဒီလိုဝမ်းနည်းစရာတွေ မဖြစ်အောင် မင်းသမီးကလေးဟာ ဘယ်သူဆိုတာဖေါ်ထုတ်ပေးပါလို့ ငါ တောင်းပန်ခဲ့သားပဲ၊ မင်းတို့က သူ့ရဲကောင်းသိပ်လုပ်ချင်ကြတာကိုး"



လျှံယင်းချုံသည် မြို့စားကြီးနှင့် စကားနိုင်လုရ၍ပြောမနေတော့ပေ။ နေငိုနှုတ်ပိတ်ပြီး ငြိမ်နေတော့၏။

သူ့အားသတ်လိုကသတ်စေတော့ မြန်မြန်သတ်လျှင် မြန်မြန်အေးသည်ဟူသောသဘောမျိုးဖြင့် မြို့စားကြီးကို ပမာမခန့်စိုက်ကြည့်နေသည်။ မြို့စားကြီးက-

"ဒီမှာလျှံယင်းချုံ မင်းတို့ကငါ့ကို မန်ချူးဘက်တော်သားဆိုပြီးမုန်းတီးနေကြတယ်၊ တကယ်တော့ ငါဟာ မင်းထင်သလို စိတ်ကောင်းမရှိသူမဟုတ်ပါဘူး၊ မင်းတို့ကို အစောကြီးကတည်းက ငါသတ်ချင်ရင်ရတယ် ငါကမဆိုင်တဲ့လူတွေသေကုန်မှာစိုးပြီး မသတ်တာ၊ မင်းသမီးလေးကိုဖေါ်ထုတ်ပေးဖို့ပဲ ပြောခဲ့တာ"

လျှံယင်းချုံ မနေသာတော့ပေ။

"ဩော်- ခင်ဗျားပြောတိုင်း ကျုပ်ကယုံမယ်မှတ်နေသလား၊ ခင်ဗျားတို့လုပ်ပုံလုပ်နည်းတွေကို ကျုပ်ကသိထားပြီးပြီ၊ မင်းသမီးကလေးကိုဖေါ်ထုတ်ပြီးတာနဲ့ ကျုပ်တို့ကို ခင်ဗျားသတ်မှာပဲ၊ ဒီတော့ ကျုပ်တို့အဖို့ ဖေါ်ထုတ်လဲသေမှာပဲ၊ မဖေါ်ထုတ်လဲသေမှာပဲ၊ ဒါကို ကျုပ်တို့သိပြီးသားဗျ"

"ဟား. . ဟား. . . ဟား စကား စကားပြောပါများ၊ စကားထဲကဇာတိပြဆိုတာ ဒါပဲပေါ့၊ အခုကျုပ်ရှေ့မှာရှိနေတဲ့ မိန်းကလေးနှစ်ယောက်ထဲက တစ်ယောက်ဟာမင်းသမီးလေးပဲပေါ့၊ မဟုတ်ဘူးလား၊ ကဲ. . မင်းပဲထုတ်ပြောပေတော့"

လျှံယင်းချုံ၏မျက်လုံးများ ဒေါသအရိပ်အယောင်များ

ထွက်ပေါ်လာသည်။

"ခင်ဗျားဟာ မြို့စားရာထူးကို ဘယ်လိုယူထားသလဲ၊ ငွေထိုးပြီး ဒီရာထူးယူထားတာလား၊ ခင်ဗျားသာအစွမ်းအစရှိရင် ကျုပ်ညီမနဲ့မင်းသမီးကလေးကို ခွဲခြားနိုင်မှာပေါ့၊ ဒီတစ်ချက်တည်းကို ကြည့်ရုံနဲ့ ခင်ဗျားဟာ မြို့စားရာထူးနဲ့မထိုက်တန်ဘူးဆိုတာ ပေါ်လွင်နေတယ်"

လျှံယင်းချို၏စကားသည် မြို့စားကြီး၏အရှိက်ကိုထိုးလိုက်သလိုဖြစ်သွားစေသည်။ မြို့စားကြီးက ဒေါသတကြီး အော်လိုက်သည်။

"ကောင်းပြီ မင်းကငါ့ကိုစိန်ခေါ်တယ်လား၊ ကြည့်ကြသေးတာပေါ့"

မြို့စားကြီးက လက်ခုပ်တီးလိုက်သည်။ မြို့စားကြီးအနီးသို့ ကိုယ်ရံတော်အစောင့်တပ်မှူး ရောက်ရှိလာသည်။

"အမိန့်ရှိပါမြို့စားကြီး"

အစောင့်တပ်မှူး ဂါရဝပြုပြီးမေးမြန်းလေသည်။

"ဒီကောင်ရဲ့ညာဘက်လက်နဲ့လည်ပင်းကို ကြိုးနဲ့ချည်စမ်း၊ ဘယ်ဘက်လက်တစ်ဖက်ပဲ လွပ်လပ်အောင်လုပ်ထား၊ ညာဘက်လက်နဲ့ဓားကိုင်ခွင့်ရရင် အားလုံးကိုခုခံမှာစိုးလို့ ဒီလိုလုပ်ခိုင်းတာနားလည်ရဲ့လား၊ အခု- ငါက သူ့ဘယ်ဘက်လက်ထဲ ဓားကိုင်ခွင့်ပေးမလို့"

အစောင့်တပ်မှူးသည်လည်းကောင်း အကျဉ်းထောင်မှူး



သည်လည်းကောင်း မြို့စားကြီး၏စကားကို နားမလည်နိုင်ဘဲဖြစ်သွားသည်။

သို့သော် သူတို့ စောဒက မတက်ရဲပေ။ ထပ်မံမေးမြန်းနေပါက အဆော်အငေါက်ခံရမည်ကိုစိုးရိမ်သဖြင့် မြို့စားကြီးအမိန့်အတိုင်း ဆောင်ရွက်ပေးကြရတော့သည်။

လျှံယင်းချိုမှာ အံကြိတ်၍ငြိမ်ခံနေသည်၊ သူ့လည်ပင်း၌ ပတ်ထားသောကြိုးမှာတင်းလှသဖြင့် ခေါင်းကိုအနည်းငယ် မော့ထားရလေသည်။ သူ့ဘယ်ဘက်လက်မှာမူ လွတ်လပ်စွာ လှုပ်ရှားနိုင်ခွင့်ရနေလေပြီ။ မြို့စားကြီးက အံကြိတ်၍ပြောသည်။

"လျှံယင်းချို မင်းကငါ့ကို အမျိုးမျိုးစော်ကားတယ်၊ ကိစ္စမရှိဘူးစော်ကားပါ၊ ငါက မင်းကို အလုပ်တစ်ခုခိုင်းမယ်၊ ဒီအလုပ်ပြီးတာနဲ့ မင်းနဲ့မင်းညီမကို ငါ ဘာအန္တရာယ်မှမပေးဘူး၊ လွတ်ငြိမ်းခွင့်ပေးမယ်ဆိုတာ ငါ့လက်အောက်အရာရှိတွေရှေ့မှာ ငါသစ္စာဆိုပါတယ်"

လျှံယင်းချိုက မြို့စားကြီးအား မသက်သာသောအကြည့်ဖြင့်ကြည့်လေသည်။ မြို့စားကြီးက-

"ငါ ကတိတည်မတည်ဆိုတာစောင့်ကြည့်ပါ၊ ငါ ကတိ မတည်ဘူးဆိုရင် ငါ့မျက်နှာကို မင်းတံတွေးနဲ့ထွေးနိုင်တယ်"

မြို့စားကြီးက ကိုယ်ရံတော်အစောင့်တပ်မှူးအား အချက်ပြလိုက်သည်။

"အဲဒီကောင်ကို ဓားတစ်ချောင်းပေးလိုက်စမ်း"

ကိုယ်ရံတော်အစောင့်တပ်မှူးက လျှံယင်းချုံအား ဓားတစ်ချောင်းပေးသည်။ လျှံယင်းချုံက လှမ်းယူလိုက်သည်။

သူသည် ဓားကိုင်ပြီးစဉ်းစား၏။ ဤဓားဖြင့် တိုက်နိုက်လျှင် အစောင့်မည်မျှကို သူသတ်နိုင်မည်နည်းဟု။ သူစိတ်လျှော့လိုက်၏။

အစောင့်စစ်သားများက တစ်ရာမျှမကရှိနေသည်။ အကျဉ်းထောင်အစောင့်များကလည်း ရှိနေသည်။ သူ့ကြိုးစားမှု အလကားဖြစ်သွားနိုင်သည်ဟုသိလိုက်သဖြင့် အားမတန်မာန်လျှော့လိုက်သည်။ အကြံပေးအရာရှိဟုန်က-

"မြို့စားကြီး သူ့ဒီဓားနဲ့ ကျွန်တော့်တို့ကိုရန်ပြုမှာ စိုးရပါတယ်"

မြို့စားကြီးက ခေါင်းခါ၏။

"မစိုးရိမ်ပါနဲ့၊ ဒီကောင်မမိုက်ပါဘူး"

မြို့စားကြီးက လျှံယင်းချုံကိုအကဲခတ်ပြီးပြောသည်။

ထို့နောက် လျှံယင်းချုံအား လေးလေးနက်နက်လှမ်းပြောလိုက်လေသည်။

"လျှံယင်းချုံ မင်းလက်ထဲကို ငါဓားတစ်ချောင်းထည့်ပေးလိုက်ပြီ၊ ဘာ့ကြောင့်ထည့်ပေးတယ်ဆိုတာသိလား၊ အဲဒါ မင်းသမီးကလေးကိုသတ်ဖို့ပဲ ဘယ်အစ်ကိုကမှ ကိုယ့်သွေးရင်း သားရင်း ကိုယ့်ညီမကိုသတ်မှာမဟုတ်ဘူး၊ သတ်မယ်လို့လဲ ငါလုံးဝမယုံကြည်ဘူး။ လူဆိုတာ အတ္တသမားပဲ၊ ကိုယ်ကောင်းစားရေးအတွက် ကိုယ့်မိသားစုကောင်းစားရေးအတွက်ပဲ ကြည့်ကြတယ်၊ မင်းသတ်လိုက်တဲ့ မိန်းကလေးဟာ ဘယ်နည်းနဲ့မှမင်းညီမ,မဟုတ်နိုင်ဘူး၊ မင်းသမီးကလေးပဲဖြစ်ရမယ်၊ ပထမတုန်းကတော့ မင်းသမီးလေးကို အရှင်ဖမ်းပြီး မန်ချူးဧကရာဇ်ဆီ ငါဆက်သ,မလို့ကြံစည်ခဲ့တယ်၊ မင်းတို့မိသားစုက ငါ့ကိုစိန်ခေါ်တော့ ငါစိတ်ကူးကိုပြောင်းပြဲလိုက်ပြီ၊ ကဲ- မင်းကြိုက်တဲ့ မိန်းကလေးတစ်ယောက်ကို သတ်ပေတော့"



လျှံယင်းချုံ ဓားကိုကိုင်ပြီးငိုင်သွားသည်။

သူတို့မိသားစုသည် မင်းသမီးကလေးအတွက် အသက်စွန့်ရဲသူချည်းဖြစ်ကြပါသည်။

သို့သော် ယခုကဲ့သို့ အချင်းချင်းပြန်သတ်နိုင်းလိမ့်မည်ဟုတော့ လုံးဝမထင်မိခဲ့ချေ။ မြို့စားကြီးသည် လျှံယင်းချုံငိုင်နေသည်ကိုကြည့်ပြီး တဟားဟား အော်ဟစ်ရယ်မောလေတော့သည်။

သူ့ရယ်သံမှာ အောင်နိုင်သူ၏ရယ်သံဖြစ်သည်။

'ဘယ်လိုလဲ ဘာဖြစ်လို့ငိုင်နေရတာလဲ၊ သတ်တော့လေ သတ်လိုက်တော့၊ မင်းကြိုက်တဲ့မိန်းကလေးကို သတ်လိုက်ပေတော့"

လျှံယင်းချုံသည် မိန်းကလေးနှစ်ယောက်ကို ကြည့်လိုက်သည်။ မိန်းကလေးနှစ်ယောက်းစလုံးက သူ့အား ရဲ့ဝံ့စွာစိုက်ကြည့်နေကြသည်။

သူ့၌ ခင်တွယ်စရာဆို၍ ဤညီမကလေးတစ်ယောက်သာရှိတော့သည်။ ဤညီမလေးကို သူသတ်ရတော့မည်လား။

"မိစ္ဆာကောင်ကြီး- ခင်ဗျားဟာ တကယ်ရက်စက်ယုတ်မာတဲ့လူပဲ"

လျှံယင်းချုံကျိန်ဆဲလိုက်သည်။

"ဟား . . ဟား . . ဟား မင်းတို့က ငါ့ကိုစိန်ခေါ်တာကိုး၊ ဒါက မင်းတို့အပြစ်ပဲ၊ မင်းတို့သာ စောစောကဖေါ်ထုတ်လိုက်ရင် အခုလိုဘယ်ဖြစ်မလဲ"

လျှံယင်းချုံသည် ဓားကိုကိုင်၍ငိုင်နေသည်။

မင်းသမီးကလေးက လျှံယင်းချုံကိုစိုက်ကြည့်လိုက်သည်။

"ကိစ္စမရှိပါဘူး၊ ကံတရားက ဒီလိုဖန်လာတော့ ဒီလိုပဲလုပ်ရမှာပေါ့၊ ကျွန်မကိုသတ်လိုက်ပါ"

လျှံယင်းချုံ၏ညီမသည် ရုပ်ရည်နုနယ်သလောက် စိတ်ဓာတ်က လွန်စွာရဲရင့်ပြတ်သားသည်။

မင်းသမီးကလေးအတွက် တိုင်းပြည်အတွက် အသက်စွန့်မည်ဟုဆုံးဖြတ်ပြီးဖြစ်ရာ မင်းသမီးကလေးက ထိုစကားပြောသည်နှင့် ချက်ချင်းပင် သူမကလည်းထပ်တူလိုက်ပြောလေတော့သည်။

သူမစကားက လေးနက်သည့်အချက်ပြမှုက ပါဝင်လာ၏။

"ကိစ္စမရှိပါဘူး၊ ကံတရားက ဒီလိုဖန်လာတော့ ဒီလိုပဲလုပ်ရတော့မှာပေါ့၊ ကျွန်မကိုသာသတ်ပါ၊ ရှင်ဘာလုပ်သင့်တယ်ဆိုတာ ရှင်သိတာပဲ"

လျှံယင်းချုံသည် မိန်းကလေးနှစ်ဦးရှေ့၌ရပ်ပြီး တီးတိုးပြောလေသည်။

"အစ်ကို့ကိုခွင့်လွှတ်ပါတော့ ညီမလေးရယ်"

လျှံယင်းချုံ၏ညီမငယ်က မသိမသာခေါင်းညိတ်ပြလိုက်



သည်။ လျှံယင်းချုံသည် သူ့ညီမ၏ရင်ဝကို ဓားနှင့်တစ်ချက်တည်း ထိုးစိုက်ချလိုက်လေတော့သည်။

မိန်းကလေးမှာ အံကြိတ်ရင်း လဲကျသေဆုံးသွားလေသည်။

မင်းသမီးခမျာ လျှံယင်းချုံမိသားစု၏သစ္စာကြီးမှုကို ကြည့်ပြီး မခံမရပ်နိုင်အောင်ခံစားလိုက်ရသဖြင့် ဝုန်းခနဲလဲကျမေ့မြောသွားလေတော့သည်။

မြို့စားကြီးကရယ်လျက်-

"အေး- မင်းအမူအရာကိုကြည့်ကတည်းက မင်းသမီးကလေးကိုသတ်လိုက်တာဆိုတာ ငါသိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက တွန့်ဆုတ်မှုလုံးဝမရှိတာကိုး၊ ကဲ- မင်းတို့ကို ငါလွှတ်လပ်ခွင့်ပေးလိုက်မယ်၊ ငါ့ကတိတည်ကြောင်းငါပြလိုက်ပြီ၊ ဒီမင်းသမီးကလေးရဲ့အလောင်းကို မင်းယူသွားမယ်ဆိုလဲ ယူသွားနိုင်တယ်"

မြို့စားကြီးနှင့်အကြံပေးအရာရှိဟုန်တို့သည် ကိုယ်ရံတော်တပ်သားများနှင့်ထွက်ခွါသွားကြလေသည်။

အကျဉ်းထောင်မှူးက လျှံယင်းချုံ၏လည်ပင်းနှင့်လက်ကို ချည်ထားသောကြိုးများကို ဖြေပေးသည်။

မေ့မြောနေသည့်မင်းသမီးကလေးကိုလည်း သတိရအောင် လုပ်ပေးကြသည်။

"ကဲ- မင်းတို့ကို မြို့စားကြီးကလွှတ်ငြိမ်းခွင့်ပေးလိုက်ပြီ၊ မင်းတို့သွားလိုရာ သွားကြပေတော့"

လျှံယင်းချုံသည် နှမငယ်၏အလောင်းကိုပွေ့ချီလိုက်၏။

လူသတ်ကုန်းကိုကျောခိုင်း၍ တဖြည်းဖြည်းလျှောက်ထွက်လာသည်။

မင်းသမီးကလေးက သူ့နောက်မှ ရှိုက်ရင်းလိုက်ပါလာလေသည်။ လှုံယင်းချို၏မျက်ဝန်းအတွင်းမှလည်း ပူနွေးသောမျက်ရည်များစီးဆင်းလျက်သာ ....

**တစဉ်(၂)ပြီး၏၊**

**တစဉ်(၃)ဆက်လက်ဖတ်ရှုပါရန်**